www.burmeseclassic.com

# မောင်သာမြှည့်

လမင်းတာမျှ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

တမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၃၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၁၀၅၀၉
မျက်နှာဖုံးဒီဇိုင်း ◆ မင်းမြင့်နိုင်
အတွင်းစာစီ ◆ မြစ်ခွဲဇဝင်းကွန်ပျူတာ
ထုတ်ဝေသည့်လ ◆ ၂၀၀၉ ခုနှစ်၊ ဇွန် လ
အကြိမ် ◆ ပထမ အကြိမ်
အုပ်ရေ ◆ ၅၀၀
ထုတ်ဝေသူ ◆ ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊
အမှတ်(၄/ ၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်း (W!zard)၊
အမှတ်(၁၉၈)၊ ၃၃-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ◆ ဦးတိုးဝင်း(၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊
၁၁-လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ◆ ပပစိုးနှင့်အဖွဲ့
တန်ဖိုး ◆ ၅၀ ကျပ်
ထုတ်ဝေပြီးစာအုပ်ကတ်တလောက်အညွှန်း ◆ (CIP)

မောင်သာပြည့် ၈၉၅.၈၃
လမင်းတမျှ / မောင်သာပြည့် ရန်ကုန်
အားမာန်သစ်စာပေ၊ ပထမ အကြိမ်၊ ၂၀၀၉။
၂၂၄-စာ၊ ၁၂.၅ × ၁၇.၅ စင်တီ။
လမင်းတမျှ

BURMESE CLASSIC .com

# မောင်သာပြည့်

# လမင်းတမျှ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

အချစ်သည်
ရယူခြင်းထက်
ပေးဆပ်ခြင်းသာ
ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း - တစ်

www.burmeseclassic.com

www.burmeseclassic.com

(၁)

BURMESE CLASSIC .com

စိတ်ထဲမှာ အတော်ကို မကျေမနပ် ဖြစ်ရသည်။ သည်စကားကို မေသီတာက သာမန်ပြောရိုးပြောစဉ်အနေထား မျိုး ပြောခဲ့သည်မဟုတ်။ နှစ်ယောက်တည်းသော စကားဝိုင်းကို ရုပ်သိမ်းချိန်မှာ သတိပေးစကားမျိုးမဟုတ်သော်လည်း စိတ်ဝင်စားလာမှုတစ်ခုအနေနဲ့ သူမကို ပြောခဲ့ခြင်းဖြစ်သည်။

ကားနောက်ခန်းမှာ မျက်မှောင်ကြုတ် လိုက်ပါရင်း စိတ်တွေ ပျံ့လွင့်သွားရသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် မကျေနပ်။ သို့အတွက်လည်း…

'အောင်စု'

သူမ ခေါ်သည်ကို အောင်စုက ကားမောင်းနေရာမှ ချက်ချင်းဆိုသလိုပင်…



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောမလို့လဲ မမလေး'

'နင့်ကို ငါ မေးမလို့'

'မေးပါ မမလေး'

'ငါ မေးတာကို နင် မှန်မှန်ဖြေဖို့လိုတယ်'

'ကျွန်တော် မမလေးကို မလိမ်ရဲပါဘူး'

ပြောပြီး ကားနောက်ကြည့်မှန်ထဲမှနေ၍ အောင်စုက ကေရီကို လှမ်းကြည့်သည်။

'ငါ့ကိုလိမ်လို့ အလိမ်ပေါ်ရင် နင် အလုပ်ပြုတ်မယ် ဆိုတာကိုလည်း နားလည်သဘောပေါက်ထားရမယ်'

'ဟုတ်ကဲ့'

'ကောင်းပြီ၊ ငါ မေးမယ်၊ ဖေဖေ အမျိုးသမီးတစ်ယောက်နဲ့ သွားသွားလာလာရှိတယ်ဆိုတာကို နင် သိလား'

'ဟာ... မသွားပါဘူး မမလေးရာ၊ ဆရာဟာ အင်မတန် တည်ကြည်ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်ပါ'

'တည်ကြည်တာတွေ၊ ဖြောင့်မတ်တာတွေ ငါ့ကို လာမပြောနဲ့၊ အဲဒါတွေ နင့်ကိုမေးနေတာမဟုတ်ဘူး။ ငါ မေးတဲ့မေးခွန်းကို နင် နားလည်ရဲ့လား'

အောင်စုက မျက်နှာငယ်လေးနှင့် ကားကိုဂရုတစိုက် မောင်းနေသည်။ မေးတာကိုတော့ မဖြေ။





'ဟဲ့... ငါမေးတာကို ဖြေလေ'

'ကျွန်တော် ဆရာ့ကို ကားမောင်းပို့တဲ့အချိန်တွေမှာတော့ ကျွန်တော့်ဘေးမှာ ဆရာတစ်ယောက်တည်းပဲ မမလေး၊ ကျွန်တော့်ကို ဟိုတယ်မှာထားခဲ့ပြီး ကားကို ကိုယ်တိုင်ယူမောင်းသွားတဲ့အချိန်မှာတော့ ပါမပါ ကျွန်တော် မသိဘူး'

'နင် နည်းနည်းပါးပါးတောင် မသိဘူးလား'

'မသိပါဘူး မမလေး'

အောင်စုအတွက် သည်စကားကတော့ လုံလောက်သောစကားပါပဲ။ ကေရီ အောင်စုကို ဘာမှထပ်မမေးတော့။ ဖေဖေနှင့် ပတ်သက်သောအတွေးများက အိမ်ရောက်သည်အထိ ပါလာပါသည်။

*

'သမီး မေးနေတာကို ကြီးမေ တလေးတနက်ဖြေရမယ်၊ ကြီးမေဟာ ဖေဖေရဲ့ အစ်မအရင်းခေါက်ခေါက်၊ ဘာပဲဖြစ်ဖြစ် ဖေဖေဟာ ကြီးမေကို တိုင်ကိုတိုင်ပင်ရမယ်'

ကြီးမေက ကေရီ၏မျက်နှာကို မျက်လုံးအဝိုင်းသားနှင့် ကြည့်သည်။ ကြီးမေရင်ထဲမှာ စကားတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ကို ကေရီ သိပါ၏။ သို့သော်လည်း ကြီးမေ 'ဒေါ်ခင်ဆက်ဝေ'သည် သူမောင် ဖေဖေ 'ဦးမင်းဝေ'နှင့် ပတ်သက်လျှင် အရာရာကို ထိမ်ချန်ထားရန် ဝန်မလေးသူဖြစ်သည်။

'မေသီတာက လှည်းတန်းမီးပွိုင့်မှာ ဖေဖေ့ကို အသေအချာတွေ့လိုက်တာ၊ ကားကို ဖေဖေ ကိုယ်တိုင်မောင်းတယ်၊ ဖေဖေ့နံဘေးမှာ အသားဖြူဖြူအမျိုးသမီး တစ်ယောက် ပါတယ်'

'ဒါကတော့ သမီးရယ်၊ သမီးဖေဖေရဲ့ ညှို့သံသည် ဆောင်သည် ဖြစ်မှာပါ'

'ဘာ ညှို့သည် ဆောင်သည်လည်း ကြီးမေ၊ ကားဒရိုင်ဘာရှိရက်နဲ့ ဒရိုင်ဘာကိုထားခဲ့ပြီး ကားကို ကိုယ်တိုင်မောင်း အတူသွားတာ မရိုးသားတာဘဲ'

'ကိုယ့် အဖေကို သည်လိုမပြောရဘူးလေ'

'ကြီးမေ သတိထားရမယ်'

'ဘာကိုလဲ သမီး'

'သမီး ဘဝမှာ အမေတစ်ယောက်ပဲ ရှိရမယ် ကြီးမေ၊ တိမ်းပါးသွားတဲ့ အမေနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုး နိုင်ဘူး'





'မင်းဝေလည်း လေးငါးဆယ်နှစ်နေလာပြီးမှတော့ နောက်ထပ် အိမ်ထောင်ထူမယ် မထင်ပါဘူး သမီးရယ်၊ သူ့သမီး စိတ်ဆင်းရဲမဲ့ကိစ္စတွေကို မင်းဝေ မဖန်တီးဘူးလို့ ကြီးမေ ထင်ပါတယ်'

ဖျောင်းဖျသည့်စကားအပေါ်မှာ ကေရီ ဘဝင်မကျ။ ညနေနှောင်းစ လေပြည်က ပြတင်းပေါက်မှ တိုးဝှေ့လာသည်။

အပေါ်ထပ် ညှို့ခန်းနှစ်ယောက်ထိုင် ဆိုဖာဆက်တီပေါ်မှာ ကေရီ စိတ်လွတ်ကိုယ်လွတ်လှဲချတော့ ကြီးမေက ကော်နံ့ဘေး တိုးကပ်ထိုင်ပြီး ဖုံးပေါ်ကဆံစများကို လက်နှင့် သပ်တင်ပေးသည်။

'အင်း…ဘွဲ့ကိုလည်း တင်ခုတောင်မဟုတ်ဘူး နှစ်ခုလောက်ပြီးပြီ၊ ခုထိ ကလေးစိတ်က မကုန်သေးပါလား'

'ကလေးစိတ် မဟုတ်ပါဘူး ကြီးမေ၊ ဖေဖေ့ကိုချစ်တဲ့စိတ်နဲ့ နောက်ထပ် အမေ မလိုချင်တဲ့စိတ်ပါ'

ကြီးမေ ပြုံးသည့်အပြုံးကိုတော့ ကေရီ ကျေနပ်နေတတ်ပါ၏။ အဘယ့်ကြောင့်ဆိုသော် ကြီးမေသည် ပြုံးလိုက်လျှင် အင်မတန်ကိုမှ ကျက်သရေရှိသော မိန်းမချောကြီးတစ်ယောက် ဖြစ်နေသောကြောင့်ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



'ကြီးမေကို မေးဦးမယ်'

'ဘာများပါလိမ့်'

'ဖေဖေ့အကြောင်း မေးမလို့ပါ၊ ဖေဖေက မေမေ့ကို သိပ်ချစ်တာပဲလားဟင်'

ကြီးမေ မျက်နှာဝင်းလက်သွားပြီး...

'ချစ်လိုက်တာမှ တုန်နေတာပေါ့ကွယ်၊ သမီး မေမေဆုံးတော့ သမီး မေမေရဲ့ ရုပ်အလောင်းကိုဖက်ပြီး ငိုလိုက်တာမှ တရှိုက်ရှိုက်မက်မက်ပါပဲ'

'ဒါတွေ ကေရီ သိတယ်လေ'

'သိရက်နဲ့များ မေးနေရသေးလားကွယ်၊ အရွယ်ကောင်း၊ အခြေနေကောင်းနေလျက်သားနဲ့ အိမ်ထောင်ထပ် မပြုတော့တာကိုဘဲ ကြည့်တော့...'

'မေမေ့ထက်ပိုချစ်ရမယ့်သူ မတွေ့သေးလို့ ထင်ပါတယ်'

ကြီးမေ ငြိမ်သွား၏။

ပြီးတော့ သူမမျက်နှာကို ခပ်စိုက်စိုက်လေး ကြည့်နေပုံကိုလည်း စိတ်ကမတွေ့။ သည်အကြည့်မှာ စကားလုံးတွေရှိနေသည်ကိုလည်း ကေရီ သဘောပေါက်သည်။

'ဖေဖေ့ကို အိမ်ထောင်မပြုစေချင်ဘူး'





ကြီးမေ မဖြေဘဲ တွေဝေနေဆဲမှာပင် ကေရီက ဆက်ပြောသည်။

'ဖေဖေ အိမ်ထောင်ပြုလိုက်ရင် ကေရီတို့ လွတ်လပ်ခွင့်တွေအားလုံး ဆုံးရှုံးကုန်မှာ'

'အဲဒါမျိုး ဖြစ်လာမှာမဟုတ်ပါဘူး သမီးရယ်'

'ဟင်... ဒါဆို ကြီးမေက ဖေဖေ အိမ်ထောင်ပြုမယ်ဆိုရင် လက်ခံမယ့် သဘောလား'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကြီးမေ အဲသလို သဘောမျိုးနဲ့ပြောတာ မဟုတ်ဘူး'

ကြီးမေ ပျာပျာသလဲ။

ကေရီ ပင့်သက်ကို ခပ်ကြမ်းကြမ်းကလေး ချလိုက်၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂)

သံဆွဲဘာဂျာတံခါးကို ဆွဲအဖွင့်မှာ ကေရီ၏မျက်လုံးအကြည့်က ဖိနပ်ချွတ်ဆီသို့ ရောက်သွား၏။

အဖြူရောင်ချာမြင့် ဖိနပ်တစ်ရံ။

ကြီးမေ၏ဖိနပ်မဟုတ်သည်ကတော့ သေချာ၏။

မျက်မှောင်ကျုံ့ထားရင်း အဝှမ်မီနီယံတံခါးကို တွန်းအဖွင့်မှာ မိန်းမတစ်ယောက်၏ ရွှင်ရွှင်မြူးမြူးရယ်သံကို ကြားရသည်။ တစ်ဆက်တည်းမှာပင် ဖေဖေ့အသံ ပြေးလွင့်လာ၏။

'သမီး ပြန်လာတာနဲ့ အတော်ပဲ၊ သက်ထားက သမီးကို တွေ့ချင်လို့ စောင့်နေရှာတာ'

သက်ထား တဲ့···





သည်အသုံးအနှုန်း အခေါ်အဝေါ်ကို ကေရီ မကြိုက်။ ပို၍မကြိုက်သည်က သက်ထား ဆိုသည့် အမျိုးသမီးကိုကြည့်ပြီး စကားပြောရင်းပြုံးသည့် ဖေဖေ့အပြုံးများကိုပင်။

'သမီးကို စောင့်ပြီးတွေ့ချင်ရအောင် သမီးနဲ့ ပတ်သက်တဲ့ကိစ္စများ ဒီအန်တီမှာ ရှိနေလို့လား ဖေဖေ'

သူမ၏ အရိုးသားဆုံးသော တုံ့ပြန်စကားပေါ်မှာ ဖေဖေ မျက်နှာပျက်စရာအကြောင်းမရှိ။ သို့သော်လည်း ဖေဖေ့မျက်နှာ ထွက်ခနဲ ပျက်သွားသည်။

'ထိုင် သမီး၊ သမီးနဲ့ မိတ်ဆက်ပေးမယ်နော်'

ဖေဖေ့ နံဘေးမှာ သူမ ဝင်ထိုင်သည်။

'ဒီအန်တီနာမည်က ဒေါ်သက်ထားဆွေတဲ့၊ သက်ထား··· ဒါ ကိုယ်ပြောနေတဲ့ ကိုယ့်ရဲ့တစ်ဦးတည်းသောသမီးလေး၊ ကေရီ··· တဲ့'

ဒေါ်သက်ထားဆွေက ခပ်လှဲ့လှဲ့လေး ပြုံးသွားသည်။ သည်အပြုံးကို သူမက ဘယ်လိုမှ တုံ့ပြန်ခြင်းမရှိ။

တစ်ချက်တော့ အကဲခတ်ကြည့်လိုက်သည်။

အသားဖြူဖြူ၊ တောင့်တောင့်ဖြောင့်ဖြောင့်၊ အသက်က လေးဆယ်ဝန်းကျင်မှာ ရှိမည်။ သည်အနေအထားအပေါ်မှာ ကေရီ၏ခံပြင်းမှုနှင့် မကျေနပ်စိတ်များက နိုးထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ် သောချာ၏။

မေသီတာပြောတဲ့ မေမေနဲ့ ကားအတူတူစီးတဲ့ မိန်း

ဆိုတာ သည့်ဒေါ်သက်ထားဆွေဆိုတဲ့ မိန်းမပါပဲ။

'သမီးအလောကိုစောင့်ရလို့ သက်ထား အချိန်တွေ

အရှုံးကုန်သွားတာ စိတ်မကောင်းပါဘူး'

မေမေ့အသံ သိုင်ချိုနေ၏။

'ရပါတယ် ကိုမင်းဝေရယ်၊ အရောင်းအဝယ်သမား

ဆိုတာ ကိုယ့်အတွက် အချိန်ကို ရအောင်ယူသလို၊ သူများ

အတွက်လည်း အချိန်ကိုပေးရပါတယ်'

သဘောထားကို မေမေ့ အပြုံးကပိုနေပြန်၏။

'သမီး… သက်ထားက မေမေနဲ့ ကျောင်းနေဖက်

သူငယ်ချင်းလေ၊ အိမ်ထောင်မပြုဘဲ စိန်ရောင်းစိန်ဝယ်နဲ့ အလု

ကြီးလုပ်နေတာ'

သည့်စကားတွေကို ကေရီ စိတ်မဝင်စား။ ကေရီက

ဒေါ်သက်ထားဆွေကို စူးစူးနစ်နစ်စိုက်ကြည့်တော့ အနေရခက်

ဟန်ဖြင့် ဒေါ်သက်ထားဆွေက ပြုံးသည်။

ကေရီ၏ စူးစူးရဲရဲအကြည့်များကို နားလည်သဘော

ပေါက်စွာဖြင့် မေမေက…

'သမီးအတွက် စိန်လော့ကတ်သီး မေမေ မှာထား





သက်ထားက လာပြတာ'

'ဟုတ်ပါတယ် သမီးရဲ့'

ပြောပြီး ဒေါ်သက်ထားဆွေက ရတနာဘူးထဲမှ

စိန်လော့ကတ်သီးကို ထုတ်ယူပြသည်။

'အန်တီ ဆွဲပေးမယ်နော်'

'မဆွဲပေးပါနဲ့ အန်တီ'

အကြည့်နှစ်ခုက ကေရီ့ဆီရောက်လာ၏။

'ဘာဖြစ်လို့လဲ သမီးရဲ့'

'ကျွန်မ မကြိုက်ဘူး'

သူမအသံ တင်းမာသလို ဖြစ်သွားသည့်အတွက်

မေမေ့မျက်နှာမှာ အပြောင်းအလဲတစ်ခု ဖြစ်ပေါ်သွားသည်။

'မေမေ့စေတနာကို သမီး မစော်ကားရဘူး၊ သမီး

အတွက် စိန်လော့ကတ်သီးပုံဆန်းလေးကို သက်ထားဆီမှာ

မေမေ တကူးတက မှာယူထားရတာ၊ သက်ထားကလည်း

ရှာတစိုက် ရှာဖွေပေးတာ'

'သည်လိုပုံတွေကို အထူးတလည်မှာထားစရာ မလို

ပါဘူး မေမေ၊ ဗိုလ်ချုပ်ဈေး တစ်ပတ်ပတ်ပြီး စိန်တိုက်တွေမှာ

ရှာလိုက်ရင် ရပါတယ်'

'သမီး ဘယ်လို ပြောတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရှိုးရှိုးလေးပြောတာပဲ ဖေဖေ'

ဖေဖေ၏ ရုတ်ချည်းသုန်မှုန်သွားသည့် မျက်နှာထားပေါ်မှာ ကေရီ ဘယ်လိုမှတုန့်လှုပ်ခြင်း မရှိပါ။ မပတ်သက်ချင်သော ကိစ္စရပ်အတွက် သည်စကားကိုသည်လိုပင် ဆိုရန် ကေရီ ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

'ကဲပါ ကိုမင်းဝေရယ်၊ သမီးလေး မကြိုက်ဘူးဆိုရင်လည်း ကိစ္စမရှိပါဘူး၊ သက်ထားကို အားမနာပါနဲ့'

'သမီး အပေါ်ထပ်တက်တော့မယ် ဖေဖေ'

ဖေဖေ့မျက်နှာကြီး ရဲတွက်နေသည်ကို ကေရီကျေနပ်နေမိ၏။ သူမ အပေါ်ထပ်အခန်းထဲရောက်ပြီး မကြာမီမှာပင် ခြံထဲမှကားမောင်းထွက်သံကို ကြားသည်။ ဒေါ်သက်ထားဆွေကို ဖေဖေကိုယ်တိုင် လိုက်ပို့မှန်းသိသာ၏။

ညဘက်မှာ ကြီးမေ သူမ အခန်းထဲရောက်လာသည်။ ကေရီက အိပ်ရာမှာ လှဲနေရင်းမှ လှူးလဲထလိုက်၏။

ကြီးမေက ခုတင်စောင်းမှာ ဝင်ထိုင်ရင်း…

'မကောင်းဘူးပေါ့'

'ဘာမကောင်းတာလဲ ကြီးမေ'

'သမီးက တကယ်ခေါင်းမာတာပဲ'

'ဘာကိုလဲ'





'ကိုယ့်အဖေက အခြေကျတနိုးဝယ်ပေးတာကို ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ခံသင့်တာပေါ့'

'သက်ထားဆွေ ဆိုတဲ့ မိန်းမကြီးဆီက ဝယ်ပေးလို့ သက်မခံတာ'

ကြီးမေ၏ မျက်လုံးလုံးဖြစ်သွားသည့် မျက်နှာကတော့ ကေရီအတွက် စဉ်းစားစရာ ဖြစ်လာသည်။

'ဒေါ်သက်ထားဆွေနဲ့ ကြီးမေ ရင်းနှီးနေတာ ကြာပြီလား'

'ဟင့်အင်း… ဟင့်အင်း… မကြာသေးပါဘူး'

'မကြာသေးပါဘူး ဆိုတော့ သိထား၊ ခင်မင်ထားပြီးသား ရှိခဲ့တယ်ပေါ့'

'အယ်… သမီးရယ်၊ ကြီးမေက သမီးလို စကား တတ်ဘူးနော်၊ ကြီးမေကို ချောင်ပိတ်မိမယ့်စကားတွေတော့ မေးပါနဲ့ကွယ်'

ကေရီက ကြီးမေ မျက်နှာကိုစေ့စေ့ကြည့်ပြီး…

'ဒမသိတာ ပြောတဲ့ ဖေဖေနဲ့ အတူတူတွေ့လိုက်တဲ့ မိန်းသမီးဆိုတာ ဒေါ်သက်ထားဆွေပဲ ကြီးမေ'

ကြီးမေ တုပ်တုပ်မလှုပ်။

ကေရီနှင့် စကားအနည်းငယ်မျှသာပြောပြီး ဟိုလိုဒို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလိုနှင့် ကြီးမေ ပြန်ထွက်သွားသည်။

သည်ညကတော့…

ခေါ်သက်ထားဆွေနှင့်ပတ်သက်ပြီး ကေရီ့ဘဝမှာ မှတ်မှတ်ရရ အိပ်မပျော်ညတစ်ညပါပဲ။

◆



(၃)

မေမေ့ လုပ်ရပ်များသည် ရိုးဘင်းလွန်းသည်ဟု ကေရီ ထင်သည်။ မေမေ၏ ရိုးဘင်းလာမှုများအကြောင်း ကေရီက ကြီးမေကို အပြစ်တင်၏။

'ကြီးမေ ခေါ်သက်ထားဆွေကို လိုက်လိုက်ပျော်ပျော် ဖြစ်နေလို့ မေမေ ရိုးရိုးဘင်းဘင်းလုပ်လာတာ၊ ညနေစာ ထမင်းစားတာများ အပြင်မှာသွားစားကြပါလား၊ အဲဒီလောက်ဆိုင်တွေ ရန်ကုန်မြို့ကြီးမှာ လက်ညှိုးထိုးမလွဲဘူး၊ အိမ်မှာ များကလူးတာက စိတ်ကျွေးရတယ်လို့ မေမေ့ပြီး… ကြီးမေ [illegible] ပေး ဘာလို့ ချက်ပြုတ်ပေးရတာလဲ'

'ကြီးမေက မောင်လုပ်သူရဲ့စီးပွားရေးကို မှီခိုပြီး နေထိုင်စားသောက်နေရတာပါ သမီးရယ်၊ သမီးမေမေရဲ့အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ညဘက်ကို ကြီးမေ မလွှဲဆန်ရဲပါဘူး'

'ဒါဆိုလည်း ရတယ်လေ၊ ညနေထမင်းပွဲမှာ ကေရီ ပါဖို့ကိုတော့ မကြိုးစားနဲ့၊ အမေ မဟုတ်တဲ့ မိထွေးဖြစ်မယ့် မိန်းမမျိုးနဲ့ ဘယ်တော့မှ ထမင်းလက်ဆုံ၊ ဟင်းလက်ဆုံမစားဘူး၊ သူတို့လာရင် ကေရီ အပြင်ထွက်မယ်'

'အဲသလို မလုပ်ပါနဲ့ သမီးရယ်၊ သမီး ဖေဖေက သက်ထားနဲ့ သမီးကို အရမ်းရင်းနှီးစေချင်တာ'

'ဖေဖေ့အတွေးတွေ အရမ်းအောက်နေပြီပဲ၊ ကေရီ စိတ်ဓာတ်ကို ဖေဖေ သည်လောက်တောင်မှ မသိတော့ဘူးလား၊ ဆောရီးပဲ ကြီးမေ၊ ရင်းနှီးစရာလည်း မလိုဘူး၊ ရင်းနှင်းစရာအကြောင်းလည်း မရှိဘူး'

'တယ်ခက်ပါလား၊ သမီး နားလည်သဘောပေါက်အောင် ကြီးမေ ဘာပြောရမှန်းတောင် မသိတော့ဘူး'

'မပြောလည်း သဘောပေါက်ပြီးသားပါ ကြီးမေ၊ ဒေါ်သက်ထားဆွေဟာ ဖေဖေယူမယ့် မိန်းမ၊ ကေရီရဲ့ မိထွေးဖြစ်လာမယ့်မိန်းမမို့လား'

'သမီး စဉ်းစားပါ၊ သမီး ပညာတတ်တစ်ယောက်ပါ၊ တကယ်ဆို သမီးဖေဖေဟာ နောက်အိမ်ထောင်ထပ်မံထူသင့်တဲ့အရွယ်မှာ ရှိပါသေးတယ်ကွယ်'





'တော်ပြီ ကြီးမေ၊ ကေရီ ဘာမှမကြားချင်ဘူး'

ကြီးမေ မျက်နှာငယ်ငယ်လေး ဖြစ်သွား၏။

ညနေ ငါးနာရီ ခွန်းခွန်းလောက်မှာတော့ ဖေဖေနှင့် ဒေါ်သက်ထားဆွေ ရောက်လာကြပါ၏။

ခြံထဲသို့ကားအဝင်မှာပင် ကေရီက ခြံထဲမှထွက်သည်။ ဒါကို ဖေဖေက လှမ်းမြင်ပြီး…

'သမီး… သမီး…'

ကားကိုရပ်၍ ဆင်းခေါ်သည်။

'သမီး ဘယ်သွားမလို့လဲ၊ သမီးရဲ့အန်တီထားလည်း ပါတယ်လေ၊ သမီးနဲ့အတူထမင်းစားနိုင်ဖို့ ဖေဖေ တကူးတက စီစဉ်ထားရတာပါ သမီးရယ်'

'သမီးနဲ့အတူ စားဖို့ဆိုတာထက် ဖေဖေနဲ့ အတူစား ... စီစဉ်တယ်ဆိုတာက ပိုမှန်ပါတယ် ဖေဖေ'

'ဒီစကားတွေကို သမီး မပြောသင့်ဘူးလေ'

'မှားရင် ခွင့်လွှတ်ပါ ဖေဖေ၊ သမီး အပြင်ကိုသွားစရာ ကိစ္စရှိလို့ပါ'

'သမီး ကားယူသွားလေ'

'သမီး ညဘက် ကားမမောင်းချင်ဘူး၊ သွားမှာကလည်း ဝေးဝေးလံလံ မဟုတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဧကရီ ခြံဝင်းအပြင်ဘက်သို့ ထွက်ခဲ့သည်။ ဖေဖေ သူ့ကို ရပ်ကြည့်ကျန်နေမည်ကို စိတ်ကသိနေ၏။

*

မိမိစိတ်တွေ မငြိမ်မသက်ဖြစ်ရခြင်း၏ အကြောင်းရင်းတရားခံသည် ဖေဖေဟု လုံးဝယုံကြည်ထား၏။

မျှော်လင့်မထားသော ကံစွရပ်များအတွက် စိတ်နှလုံးမှာ နောက်ကျိရှုန်းသည်။ အိမ်ကထွက်ခဲ့သော်လည်း ဘယ်ကိုသွားလို့ သွားရမှန်းမသိ။ တွေတွေစီငှားပြီး မေသိတာထံ သွားရန်ကြံရွယ်သော်လည်း စိတ်ကပါလာခြင်း မရှိ။

လမ်းထိပ်ရောက်တော့ ဧကရီ့ခေါင်းထဲအတွေးတစ်ခုဝင်လာသည်။ သည်အတွေးသည် သူမ၏ လက်ဘဝစ်လော ကျဉ်းကြပ်မှုကို ထွက်ပေါက်တစ်ခုပေးနိုင်မည်ဟု ယုံကြည်သည့်အလျောက်…

'ဆိုက်ကား… ဆိုက်ကား…'

တစ်ဖက် ပလက်ဖောင်းမှနေ၍ လှမ်းခေါ်သည်။

ဆိုက်ကားဂိတ်မှာ ဆိုက်ကားနှစ်စီးသာရှိသည်။ ဧကရီ့ခေါ်သံကြောင့် သူမအရွယ်ဆိုက်ကားဆရာက ဆိုက်ကားကို ဆွဲယူတွန်းပြီး သူမထံ ရောက်လာ၏။





'မကေရီ ဘယ်သွားမလို့လဲ'

'အားပါး နာမည်တွေ ဘာတွေတောင်သိလို့ပါလား'

'သိတာပေါ့ မကေရီရယ်၊ ကျွန်တော်က ဆိုက်ကားဂိတ်မှာ နှစ်နဲ့ချီပြီး ဆိုက်ကားနင်းလာတာ၊ ကားဖြူကြီးကို မကေရီ ကိုယ်တိုင်မောင်းတာလည်း မြင်တယ်၊ ဒရိုင်ဘာနဲ့ ကျောင်းသွား ကျောင်းပြန်မှာလည်း မြင်တာပဲ၊ မကေရီ ဘွဲ့နှင်ခု ပိုင်ဆိုင်ထားတာတောင် ကျွန်တော်သိတယ်'

'တော်တော်ကို စုံစမ်းထားတာပါပေါ့၊ စုံစမ်းစစ်ဆေးရေးဌာနမှာ လုပ်ခဲ့ဖူးတယ် ထင်တယ်'

ပုဂ္ဂိုလ်လေးက ပြုံးနေ၏။

သူပြုံးနေသဲမှာ ဧကရီက ဆိုက်ကားပေါ် တက်ထိုင်လိုက်သည်။

'ကျွန်တော် ဘယ်ပို့ပေးရမလဲဗျာ၊ ကားနဲ့ သွားလာနေကျက ခုလို ဆိုက်ကားစီးတော့ စိတ်ထဲမှာ ထူးဆန်းနေတယ်'

'ထူးဆန်းတာတွေ မထူးဆန်းတာတွေ ဖယ်ထားလိုက်စမ်းပါ၊ ဒါနဲ့ ခုဘယ်နှစ်နာရီလဲ'

ဧကရီက မေးသလိုပြုပြီး သူမလက်မှနာရီကိုမြှောက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခြောက်နာရီ ထိုးခါနီးပြီပဲ၊ ခုနစ်နာရီတိတိကို သည်ဂိတ်ကို ပြန်ရောက်ဖို့လိုတယ်'

'ဟိုလေ၊ ခု ကျွန်တော် ဘယ်ကိုနင်းပို့ပေးရမှာလဲ'

'ဘယ်ကိုမှမပို့ရဘူး၊ ခုနစ်နာရီထိ နင်းချင်ရာလျှောက်နင်း၊ တိတိမှာ ပြန်ရောက်ဖို့ပဲ၊ ဆိုက်ကားခကတော့ ကျသလောက်ပေါ့'

'ဩော်… ကားစီးနေတဲ့ မကေရီက အသစ်အဆန်းဖြစ်အောင် ဆိုက်ကားလျှောက်စီးတာပေါ့'

သည်စကားကို ကေရီ ပြုံးပြီးခေါင်းညိတ်လိုက်သည်။ သူ့ ဆိုက်ကားနင်းတော့ ကေရီ ပင့်သက်ကိုချလိုက်သည်။ သည်ဆိုက်ကားဆရာလေးကိုတော့ ကေရီ ယုံကြည်စိတ်ချလို့ရပါ၏။ သူတို့ ဆိုက်ကားဂိတ်နှင့် ကေရီတို့ခြံက သိပ်အလှမ်းကွာဝေးသည်မှ မဟုတ်ဘဲ။ ခြံနှင့်သုံးလေးခြံ အလွန်လမ်းဆုံကလေးမှာ သူတို့ ဆိုက်ကားဂိတ်ရှိသည်။ ဒါကတော့ ကေရီ နှစ်ကာလကြာမြင့်ကတည်းက သိထားသည့်ကိစ္စ။ သူတို့နှင့် ရင်းနှီးစရာအကြောင်းမရှိသော်လည်း သူတို့ကတော့ ကေရီကို ရင်းနှီးသိထားဟန် တူပါ၏။

'လိုရာခရီးကို သွားနေတာမဟုတ်တော့ ဆိုက်ကားကို မြန်မြန်နင်းဖို့ မလိုဘူးနော်'





'ကျွန်တော် သဘောပေါက်ပါတယ် မကေရီ၊ ဆိတ်ငြိမ်ရပ်ကွက်ရဲ့ လမ်းကျယ်ကလေးတွေကို ကျွန်တော် လျှောက်နင်းပေးမယ်၊ ဆိုက်ကားစီးရင်း ညနေအေးရဲ့လေပြေကို အားရပါးရ ရှူရှိုက်ပေါ့၊ ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်'

'တို့ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ဖို့အတွက် ယူ့ဆိုက်ကားကို စီးတာ မဟုတ်ဘူး'

'စိတ်တိုတတ်လိုက်တာဗျာ၊ ကျွန်တော်က မကေရီ ဆိုက်ကားစီးရင်း ပျင်းနေမှာစိုးလို့ စကားပြောပေးတာပါ'

ကေရီက သူ့မျက်နှာကို စောင်းငဲ့ပြီး အကဲခတ်ကြည့်ကြည့်လိုက်သည်။

ဆိုက်ကားနင်းသော်လည်း လူရည်က ခန့်ခန့်သန့်သန့်ပါလား။ သူ၏အဖြူရောင်အသားအရည်က ဆိုက်ကားနင်းသမားတစ်ယောက်နှင့်ပင် မလိုက်ဖက်။

သူက ကေရီ စိတ်ငြိမ်းချမ်းနိုင်သည့် နေရာလေးတွေကို ရွေးပြီးနင်းသည်။ သည်ဆိတ်ငြိမ်ရပ်ကွက်မှာ နေထိုင်သူဖြစ်သော်လည်း သူ နင်းပို့သည့်နေရာလေးများသည် ကေရီအတွက် အသစ်အဆန်းဖြစ်နေ၏။

'တို့နေတဲ့ရပ်ကွက်မှာ သည်လိုခြံနဲ့ခန်းနဲ့ လမ်းသွယ်ကလေးတွေ ရှိမှန်းမသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မကေရီ မရောက်လို့ပါ'

'ဆိုက်ကားလျှောက်စီးရတာ တစ်မျိုးခံစားမှုပဲ'

'ကျွန်တော် ကိုယ်ပိုင်ကား စီးရရင်လည်း တစ်မျိုးခံစားမှုပဲလို့ ပြောမိမှာပဲ'

'ယူက ချမ်းသာချင်လို့လား'

'ရိုးသားတဲ့ စကားပြောရမယ်ဆိုရင်တော့ ချမ်းသာချင်တာပေါ့ဗျာ၊ မချမ်းသာချင်တဲ့လူ ဘယ်ရှိပါ့မလဲ'

'ချမ်းသာအောင် ကြိုးစားပေါ့'

'ဘယ်လိုကြိုးစားရမယ် ဆိုတာကို မကေရီက နည်းလမ်းပေးရင် အရမ်းကျေးဇူးတင်မယ်'

'လွယ်ပါတယ်၊ ဆိုက်ကားမနင်းဘဲ ဓားပြတိုက်၊ အနုကြမ်းစီး၊ မတရားတာမှန်သမျှ အကုန်လုပ်၊ အဲဒါဆို ကြီးပွားချမ်းသာမှာ အသေချာဆုံးပဲ'

ကေရီ့စကားကို သူက နှစ်နှစ်ကာကာပြုံး၏။

'မကေရီက နောက်တတ်တယ်နော်'

'နောက်တာ မဟုတ်ဘူး၊ တကယ်ပြောတာ'

'တကယ်ပြောတာဆိုရင်လည်း မကေရီ အကြံဉာဏ်ပေးသလို သတ္တိမရှိပါဘူးဗျာ၊ ထောင်ထဲလည်း မဝင်ရဲဘူး၊ ဆိုက်ကားနင်းစားရတာပဲ ကောင်းပါတယ်'





ကေရီ ပြုံးသည်ကိုတော့ သူ မြင်လိမ့်မည်မထင်။ သူနှင့် ဆိုက်ကားစီးရင်း စကားပြောရသည်ကို ကေရီ ပျော်လာသည်။ သူ၏စကားသံမှာ ရိုးသားခြင်းများကို ကေရီ ရှာတွေ့၏။

သူနှင့် အချိန်အတော်များများဖြုန်းပြီး ခုနစ်နာရီ မထွန်းခင်မှာပင် ဆိုက်ကားဂိတ်ကို ပြန်ရောက်လာသည်။

'ဆိုက်ကားခ ဘယ်လောက်ပေးရမလဲ'

'တစ်ထောင်လောက်ဆိုလုံလောက်ပါတယ် မကေရီ'

'ဟဲ့… သည်လောက်အကြာကြီး လျှောက်နင်းနေရတာ နည်းများ နည်းနေမလား'

'မိတ်ဖြစ်ဆွေဖြစ်ပေါ့လေ၊ အဲ… အဲ၊ ကျွန်တော့်စကား မှားသွားပြီလား မသိဘူး၊ ဆိုက်ကားသမား တစ်ယောက်ကို ဘယ်သူက မိတ်ဆွေအဖြစ် ဆက်ဆံချင်ပါ့မလဲဗျာနော်၊ ဒါပေမဲ့ နောက်ကို ကြုံရင်ကြုံသလို အားပေးပါလို့ မေတ္တာရပ်ခံပါရစေ'

ကေရီက အနက်ရောင်အိတ်ကလေးထဲမှ တစ်ထောင်တန်တစ်ရွက် ထုတ်ပေးသည်။ သူက ကျေးဇူးစကားဆိုပါ၏။

'ဒါနဲ့ ယူ့နာမည်'

'ငြိမ်းချမ်းပါ၊ မ,ငြိမ်းချမ်းတဲ့ ငြိမ်းချမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'မှတ်ထားလိုက်ပါ့မယ်'

ကေရီ ခြံဘက်သို့လျှောက်ခဲ့သည်။ အိမ်ရောက်တော့ ကေရီ တွက်ထားသည့်အတိုင်းပါပဲ။ ဖေဖေနှင့် ဒေါ်သက်ထားဆွေ မရှိတော့။

'သက်ထားက တဖွဖွ မေးရှာတယ်၊ ဘယ်များ လျှောက်သွားနေတာလဲ သမီးရယ်'

'ဒီမယ် ကြီးမေ၊ ဒီ သက်ထားဆိုတဲ့နာမည် မပါရင် ကြီးမေ စကား မပြောတတ်တော့ဘူးလား၊ သက်ထားတွေ တက်ပြားတွေ မကြားချင်ဘူး၊ ဒေါ်သက်ထားဆွေဟာ သက်ထားဆွေပဲ'

'ကဲ... ကဲ... ထားပါ၊ သမီး ဘယ်လျှောက်သွားနေတာလဲ'

'ဆိုက်ကား လျှောက်စီးနေတာ'

'ဘုရား... ဘုရား...၊ မိန်းကလေးတန်မဲ့ ဆိုက်ကား လျှောက်စီးရတယ်လို့ကွယ်၊ ဆိုက်ကားသမားတွေက အပြောရိုင်း၊ စိတ်ရိုင်းပါဘိနဲ့'

'ဘဝကို ပင်ပင်ပန်းပန်းရုန်းကန်ပြီး လုပ်ကိုင် စားသောက်နေရတဲ့သူတွေပါ ကြီးမေ၊ စိတ်အခန့်မသင့်ရင်တော့ လူတိုင်း ရိုင်းတတ်တာပါပဲ၊ ဆိုက်ကားသမားမှ မဟုတ်ပါဘူး'





မျက်နှာကြည့်ရုံနှင့် မိမိစကားကို ကြီးမေ လက်ခံခြင်း ရှိသည်ကို ကေရီ သိသည်။

'ရိုးသားပါတယ်'

'ဘယ်သူ့ကိုပြောတာလဲ သမီး'

'ငြိမ်းချမ်း ကိုပါ'

'ငြိမ်းချမ်း ဆိုတာ ဘယ်သူလဲ သမီးရဲ့'

'ကြီးမေ အခေါ် ဆိုက်ကားသမားလေ၊ သမီး အခေါ်ကတော့ ဆိုက်ကားဆရာ၊ ဆိုက်ကားမာစတာပေါ့၊ ဆိုက်ကားသမားဆိုတဲ့ အသုံးအနှုန်းကိုတော့ မသုံးရက်ပါဘူး'

ပြောပြီး ကေရီ အပေါ်ထပ်တက်ခဲ့သည်။

အိပ်ယာမှာလဲလျောင်းရင်း ဖေဖေနှင့် ဒေါ်သက်ထားဆွေတို့၏ပုံရိပ်က အတွေးမှာပေါ်နေသည်။ ဖေဖေကတော့ ပျော်နေလိမ့်မည်။

ဖေဖေ၏ ပျော်ရွှင်ခြင်းများသည် သူမ၏ အသည်းနှလုံးကို ဖျစ်ညှစ်ထားမှန်း ဖေဖေ သိကောင်းသိပါလိမ့်မည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ဖေဖေနှင့်ပတ်သက်သော အကြောင်းအရာသည် သူမရင်မှာ သာမန်မျှသာရှိသည့်အနေအထားမဟုတ်။ နားလည်ထားသောကိစ္စရပ်အတွက် ကြီးမေနှင့် ဆွေးနွေးရင်း စကားအဆင်မပြေဖြစ်ရသည်မှာလည်း ခဏ ခဏ။

ဖေဖေနှင့် ဒေါ်သက်ထားဆွေ ယူကြတော့မှာမို့လား ဟု သူမက ကြီးမေကို အတင်းအကြပ်မေးတော့…

'အဲဒီတိတော့ မဟုတ်သေးဘူးလေ၊ သမီးရဲ့ဆန္ဒကို သမီးဖေဖေက အရင်မေးဦးမှာပါ'

'သမီးရဲ့ဆန္ဒက ဖေဖေ့ရဲ့ဆုံးဖြတ်ချက်ကို ပျက်ပြားသွားနိုင်မှာတဲ့လား ကြီးမေ'





ကြီးမေက စကားမပြန်နိုင်သေး။ ဟင်းချိုအိုးကို မီးဖိုပေါ်လှမ်းတင်ပြီး မီးခလုတ်ကို ဖျောက်ခနဲ ပိတ်လိုက်၏။

'သမီးအတွက် အဖြေတစ်ခုကို ကြီးမေ မပေးပါရစေနဲ့လား သမီးရယ်၊ ဒါမျိုးဆိုတာ သိပ်ခန့်မှန်းရခက်ပါတယ်၊ ...င်းလေ… မောင်မင်းဝေက စဉ်းစားချင့်ချိန်တတ်တဲ့ လူပဲ၊ ...မ်းကာရောကြီးတော့ လုပ်မှာ မဟုတ်ဘူး၊ တစ်သက်လုံး ...မီးအရေးကို ရှေ့တန်းတင်လာခဲ့တာ'

မှန်သောစကားဖြစ်သော်လည်း အချိန်အခါပေါ်မှာ ...ဖေ့စိတ်တွေ ဖောက်ပြန်နေသည့်ဟု ကေရီ ထင်သည်။ ...မေ ပျော်နေသည်ကို ကေရီ ဝမ်းသာသော်လည်း ဖေဖေ၏ ...ပ်ပုံပျော်နည်းကြီးကိုတော့ ကေရီ စိတ်ပျက်မိပါ၏။

'ကေရီက မေမေ့နေရာမှာ ဘယ်သူ့ကိုမှ အစားဝင်...နိုင်ဘူး၊ ဖေဖေ ဒေါ်သက်ထားဆွေကိုယူရင် ကေရီ ဘယ်...မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး'

'မိဘကို သည်လို မပြောရဘူးလေ'

'အဲဒီစကားမှမပြောရင် ကေရီ ဘယ်စကားကို သွား...ပြောရမှာလဲ'

'သမီးအဖေက သမီးတစ်သက် ဒီအတိုင်းနေလာရ...သဲ၊ သူလည်း အဖော်ကလေးဘာလေးနဲ့ နေချင်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ယောက်ျားပဲဟာ'

'နေလေ၊ ဗန္ဓုလပန်းခြံလမ်းက တည်းခိုခန်းအကြီးကြီးကို သမီးတို့ ပိုင်ဆိုင်ထားတာပဲဟာ၊ ကေရီ ခေတ်ပညာတတ်တစ်ယောက်ပါ ကြီးမေ၊ နားလည်နိုင်တယ်၊ ခွင့်လွှတ်နိုင်တယ်၊ အဖော်ဆိုတာ ဖေဖေ့အတွက် လိုအပ်တာ မှန်တယ်၊ ကေရီ လက်မခံနိုင်တဲ့အဖော်က ဖေဖေ့ရဲ့ ဘဝအဖော်ဆိုတာကို လုံးဝလက်မခံနိုင်ဘူး'

'ဟဲ့…၊ သမီး၊ သည်စကားမျိုး မပြောရဘူးလေ'

'လက်တွေ့ကျကျကိုပြောတာ ကြီးမေ၊ ယုတ်ကန်းတဲ့စကားကိုပြောတာ မဟုတ်ဘူး'

သူမကိုကြည့်သည့် ကြီးမေ၏အကြည့်တွေ တအံ့တသြ ဖြစ်နေသည်ကို ကေရီ သိပါ၏။

'သည်စကားကို ကြီးမေကိုတင် မကဘူး၊ ကေရီ ဖေဖေ့ကိုလည်း သည်အတိုင်းပဲ ပြောရဲပါတယ်၊ ကေရီတို့လို ချမ်းသာပါတယ်ဆိုတဲ့လူတွေရဲ့ ပတ်ဝန်းကျင်မှာ ဖြစ်နေကျပဲဟာ၊ ဘာမှမဆန်းပါဘူး'

'တိတ်စမ်း ကေရ်၊ ဒီစကားမျိုးက သားယောက်ျားလေးတောင် ဖအေကို ပြောသင့်တာ မဟုတ်ဘူး၊ ကေရီက မိန်းကလေး၊ အပြောအဆို အနေအထိုင် စည်းကမ်းရှိရမယ်၊





ကိုယ်သိတိုင်း ပြောကောင်းတာ မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်အဖို့ စကားတစ်ခွန်းတည်းနဲ့ တန်ဖိုးလုံးလုံး ကျသွားတတ်တယ်၊ သမီးကို ဗိုင်းကောင်းကျော်ဖို့ နေတတ်အောင် ကြီးမေ သင်လာသမျှတွေ အလကားဖြစ်သွားတော့မှာပေါ့'

သည်တစ်ခါတော့ ကေရီက ကြီးမေ၏လက်မောင်းကို ခပ်ကြမ်းကြမ်း ဆုပ်ဖက်လိုက်၏။

'ကေရီရိုင်းသွားရင် ခွင့်လွှတ်နော် ကြီးမေ၊ ရင်ထဲမှာ ခံရပ်နိုင်လွန်းလို့ ကေရီ ပြောမိတာပါ၊ ဒေါ်သက်ထားဆွေဟာ အပြစ်ကင်းစင်တဲ့ မိန်းမတစ်ယောက်ဖြစ်ချင် ဖြစ်ပါလိမ့်မယ်၊ ဖေဖေ့အပေါ် ကြင်ကြင်နာနာရှိချင်လည်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီတစ်ချက်နဲ့ မေမေ့နေရာမှာ အစားထိုးရမယ်ဆိုတာတော့ ကေရီ လက်မခံနိုင်ဘူး၊ ဒီသဘောထားကိုလည်း ကေရီ့တစ်သက် ပြောင်းလဲမှာ မဟုတ်ဘူး'

ကြီးမေမျက်နှာမှာ စိတ်သက်သာမှုများ မရှိ။ ခပ်တွေတွေမျက်နှာထားမှာ မိမိကိုပြောရန် စကားတွေရှိနေသည်ကို ကေရီ သိ၏။

'လောလောဆယ် ဒါတွေ စဉ်းစားမနေပါနဲ့ သမီးရယ်၊ မောင်မင်းဝေကလည်း ဘာမှ တရားဝင်ပြောသေးတာ မဟုတ်ဘူး၊ မောင်မင်းဝေ ပြန်လာရင် သမီးဘက်က စကား



www.burmeseclassic.com

www.burmeseclassic.com



တွေ မလွန်ပါစေနဲ့၊ အခြေအနေကို ကြည့်၊ ခေါင်းဆောင်အေးအေးထား၊ မောင်မင်းဝေက သမီးရဲ့ဆန္ဒက လွဲပြီး ဘာကိုမှ အရေးထားမှာ မဟုတ်ပါဘူးကွယ်'

အတွေးထဲမှာ ဖေဖေ့ပုံရိပ်ကိုမြင်ရင်း ဖေဖေ့ကို မနာကျင်မိအောင် သတိထားနေရသည်။ ဒေါ်သက်ထားဆွေ မိမိကို ပြုံးပြခဲ့သည့်အပြုံးတွေကတော့ အောင်နိုင်သူတစ်ယောက်၏အပြုံးတွေဟု ကေရီ စိတ်နာကျင်စွာ ခံစားထားရ၏။

'တကယ်တော့လေ…'

ပြောပြီး တစ်ဝက်တပျက်နှင့် စကားရပ်သွားသည်ကြောင့် ကေရီ ကြီးမေ၏မျက်နှာကို လှမ်းကြည့်ပြီး…

'ဆက်ပြောလေ ကြီးမေ'

'ကြီးမေကို စိတ်မဆိုးပါနဲ့နော်'

'ဘာကိုလဲ'

'မောင်မင်းဝေအတွက် ဆေးပေးမီးယူအဖော်ဆိုတာလိုအပ်ပါတယ်ကွယ်၊ သမီး တက္ကသိုလ်စတက်တဲ့နှစ်မှာ သမီးမေမေ ဆုံးတယ်၊ ခု သမီးက ဒွဲ့ကို တစ်ခုမကဘူး၊ ရယူထားတာ၊ ငါးနှစ်ခြောက်နှစ်ကြာတဲ့အထိ အိမ်ထောင်သစ် မထူထောင်တဲ့ သမီးဖေဖေကို သမီး ညှာတာသင့်ပါတယ်'

'သြော်… ကြီးမေက ဒေါ်သက်ထားဆွေနဲ့ ဖေဖေ





ကို သဘောတူနေတာကိုး'

ကြီးမေ ငြိမ်နေ၏။

'မှတ်ထားလိုက်ပါ ကြီးမေ၊ ကေရီဆိုတဲ့ မိန်းမဟာ မွေးတဲ့အမေကလွဲပြီး ဘယ်မိထွေးကိုမှ အခမ်းမစားချင်း မသွင်းဘူးဆိုတာ'

ပြောပြီး ကေရီ အပေါ်ထပ်သို့ တက်ခဲ့သည်။ သူမ၏မှာပ်ထားသော လက်သီးဆုပ်ထဲတွင် ဒေါ်သက်ထားဆွေသည့် မိမိညှပ်ထားသော ကျေနေလောက်ပြီ။

◆



www.burmeseclassic.com

www.burmeseclassic.com

(၅)

ကေရီ လက်ယပ်မခေါ်ခင် သူ ဆိုက်ကားကိုတွန်းပြီး ကေရီထံပါးသို့ အပြေးရောက်လာ၏။

'ထုံးစံအတိုင်းပဲလား ကေရီ'

'ဟုတ်တယ်'

'သည်နေ့ မကေရီ မရောက်ဖူးသေးတဲ့ လမ်းသွယ် လမ်းကြားကလေးတွေကို နင်းပို့မယ်နော်'

ကေရီ ခေါင်းအသာညိတ်သည်။

ဆိုက်ကားပေါ် တက်ထိုင်ဖြစ်သည်ထိ ကေရီ စိတ်တစ်ခုလုံး မှုံမှိုင်းနေသည်။ မကျေနပ်သော အကြောင်းရာများသည် မျက်နှာမှာ ပေါ်လွင်နေသည်ထင်၏။ ဒါကို ငြိမ်းချမ်းက...





'မကေရီ မျက်နှာမကောင်းဘူး'

'တို့ဘဝမှာ ပျော်ရွှင်မှု မရှိသလို ခံစားနေရတယ် ငြိမ်းချမ်း'

'ဘာဖြစ်လို့လဲဗျာ၊ သည်လောက် ပြည့်ပြည့်စုံစုံဘဝက မပျော်ရွှင်ဘူးဆိုတော့ ကျွန်တော် စဉ်းစားလို့မရအောင်ပါပဲ'

'တို့ ဖေဖေပါဟာ...'

ငြိမ်းချမ်းက ဆိုက်ကားကို ပုံမှန်နင်းနေရင်းမှ သူမကို စောင်းငဲ့ကြည့်သည်။

'ဆိုက်ကားသမားတစ်ယောက်ကို ခင်မင်တယ်ဆိုတဲ့ စိတ်ထားကလေးရှိရင် သူငယ်ချင်းတစ်ယောက်လို သဘောထားပြီး ပြောပြပါလား၊ မကူညီနိုင်တောင်မှ ဝင်ပြီးခံစားပေးလို့ ရတယ်လေ'

ကေရီပင့်သက်ကို မျှင်းမျှင်းကလေး မှုတ်ထုတ်သည်။ ငြိမ်းချမ်းကိုတော့ သူ ခင်မင်ချင်သည်။ ငြိမ်းချမ်း၏ ရိုးသားသည့်မျက်နှာမှာ ကေရီကို ကျေနပ်ဖွယ်သော အကြောင်းအရာ တစ်ခုရှိသည်ဟု ကေရီ ယုံကြည်ထား၏။

'ငြိမ်းချမ်းက တို့ကို ခင်လား'

'တရုတ်စကားပုံတစ်ခု ရှိတယ်လေ၊ သင့်မှာ မိတ်ဆွေငါးဆယ် ရှိပါသလား နည်းလွန်းပါသည်တဲ့၊ သင့်မှာရန်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရှိပါသလား၊ များလွန်းလှပါသည်တဲ့'

'အလဲ့… ယူက မဆိုးဘူး၊ ဆိုက်ကားနင်းပေမဲ့ အတန်းကျောင်းကို တော်တော်လေးတက်ခဲ့ဖူးတယ်ထင်တယ်'

'ကျွန်တော် အဝေးသင်နဲ့ ကျောင်းပြီးထားပါတယ်'

'ဟင်… ဟုတ်လား'

ဇေကရီ တအံ့တသြနှင့် သူ့မျက်နှာကို ကြည့်သည်။

ထင်ထားသည့် အတိုင်းပါပဲ။

သည့်ရုပ်သည့်ရည် သည့်စကားပြောဟန်သည် ဂျူည့် တစ်ယောက်ပိုင်ဆိုင်သည့် ရုပ်ရည်နှင့်စကားသံမဟုတ် သည်ကို သူ့ကို စတွေ့သည့်နေ့ကတည်းက သုံးသပ်မိခဲ့ပါ၏။

'အမေ မုဆိုးမကြီးကို လုပ်ကျွေးရင်း ပညာရေးကို အားစိုက်ခဲ့ရတာ မဇေကရီ၊ တော်တော်ပင်ပန်းခဲ့ပါတယ်'

'ဆိုက်ကားလျှောက်စီးရင်း တို့ကို ယူ့ဘဝအကြောင်း ပြောပြပါလား'

'ဘဝက ရိုးရိုးရှင်းရှင်းလေးပါ မဇေကရီ'

'ဇေကရီ လို့ပဲခေါ်ပါ၊ မကြီးတပ်ပြီး ခေါ်မနေစမ်းပါနဲ့'

သူ နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်ကို ဇေကရီ မြင်သည်။

'ကျွန်တော် ရှစ်တန်းတက်တဲ့နှစ်မှာ အဖေ ဆုံးတယ်၊





အဖေက ကုန်သွယ်ရေးက ရုံးအုပ်ကြီးပါ၊ အဖေ ဆုံးတော့ အမေက ကျွန်တော့်ကို ဟင်းရွက်စိမ်းရောင်းပြီး ပညာသင်ပေးတာ၊ ဆယ်တန်းအောင်တဲ့နေ့မှာ အမေ့ကို ဈေးမရောင်းနိုင်းတော့ဘူး၊ အမေ့ကျန်းမာရေးကလည်း မကောင်းဘူးလေ၊ ဒါနဲ့ ဆိုက်ကားကို အငှားယူနင်းပြီး အမေ့ကိုလည်း လုပ်ကျွေး၊ ကျောင်းပြီးအောင်လည်း တက်၊ အဲဒါ ကျွန်တော့်ဘဝပဲ'

'ကိုယ်လည်း ပညာတတ်ပဲ ငြိမ်းချမ်းရေး၊ ကုမ္ပဏီ တစ်ခုခုမှာ ဝင်လုပ်ရင် ဘဝမပင်ပန်းဘူးပေါ့'

'စဉ်းစားပါတယ်၊ ဒါပေမဲ့ ဇေကရီရယ် ကုမ္ပဏီတစ်ခုခုမှာဝင်လုပ်ရင် လခသုံးသောင်းလောက်ပဲရမှာ၊ ဆိုက်ကားနင်းတာ ဂုဏ်မရှိပေမယ့် တစ်လကို ကိုယ့်အတွက်ရှစ်သောင်း၊ တစ်သိန်း ကျန်ပါတယ်'

'ဟယ်… ဟုတ်လား'

သူက ခေါင်းညိတ်ပြီး ပြုံးနေ၏။

'တစ်ခုတော့ ရှိတယ်လေ၊ ပညာတွေသင်ထားပြီး ဆိုက်ကားနင်းတဲ့ဘဝနဲ့ပဲ ကိုယ့်ဘဝကို ပြီးဆုံးမသွားစေချင်ဘူး'

'အခိုက်အတန့်ပါ၊ ဘွဲ့ယူပြီးရင် သူငယ်ချင်းတစ်ယောက်နဲ့ ကျူရှင်တွဲဖွင့်မလို့၊ သူငယ်ချင်းကတော့ ငွေအရင်းအနှီးပါ စိုက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းသာပါတယ် ငြိမ်းချမ်း၊ လူဆိုတာ ကိုယ့်ဘဝ တိုးတက်မှုကို အမြဲရှာကြံနေရမယ်'

သူ့အတွက် ကေရီ့ ရင်မှာမကောင်းဖြစ်ရသော်လည်း ညနေ၏ဆည်းဆာအောက်မှာ သူကတော့ ဘဝကို စိတ်ပျက် လက်ပျက် ဖြစ်နေပုံမရ။ လေပြေအသွေးမှာ သူ့နဖူးပေါ်ဝဲကျ လာသည့် ဆံစကလေးများကို ငေးကြည့်နေဆဲမှာ...

'အယ်... ဖိနပ်ကျွတ်သွားပြီ ငြိမ်းချမ်း'

ငြိမ်းချမ်းက ဆိုက်ကားဘရိတ်ကို ဖိဆွဲလိုက်သည်။ ဆိုက်ကားအရပ်မှာ ဆိုက်ကားပေါ်မှ ခုန်ဆင်းလိုက်၏။

'နေ... နေ... ငြိမ်းချမ်း၊ တို့ သွားကောက်ပါ့မယ်'

'ရပါတယ် ကေရီ၊ မဆင်းပါနဲ့'

'ရေအိုင်တွေ ကြီးနေတော့မှာပဲ ဟယ်...'

ကေရီ့စကားကိုသူ မစောင့်။ ငါးကိုက်ခြောက်ကိုက် အကွာလောက်မှာကျကျန်သည့် ကေရီ့ ခွာမြင့်ဖိနပ်ဖြူဖြူလေး ကို ပြေးကောက်သည်။

'စိတ်ထဲမှာ ဘယ်လိုမှခံစားမနေနဲ့နော်၊ သူငယ်ချင်း ဖြစ်သွားကြပြီပဲ'

ကေရီ ခေါင်းကို အသာအညိတ်မှာ သူ ဆိုက်ကား ပေါ်တက်သည်။ သည်နေ့ သူနှင့် ဆိုက်ကားစီးရသည်ကို





ကေရီ ပျော်သလိုခံစားရပါ၏။ တတ်ပေါင်းစုဘုရားဘက် အသွား ကုန်းဆင်းလေးမှာ သူက ကေရီကို မေးသည်။

'ကေရီ့ဖေဖေအကြောင်း ပြောလေ'

'အေး... တို့ကလည်း ပြောချင်နေတယ်'

သည်လိုအစပြုပြီး ကေရီက သို့မအကြောင်းနှင့် ဖေဖေ့အကြောင်းကို ပြောပြသည်။ ဖေဖေ့ အကြောင်းပြော သောအခါ ဒေါ်သက်ထားဆွေ၏ အခန်းကဏ္ဍပါ ပါဝင်လာ ရ၏။

'ညနေစာ ထမင်းစားတာပဲ ကြိုက်တဲ့ဟိုတယ် တက် စားပေါ့၊ အိမ်မှာ လာလာစားတာကိုက ရိုးသားမှုမရှိဘူး၊ ခုလည်း အိမ်ကိုရောက်နေတယ်လေ၊ မျက်နှာချင်း မဆိုင်ချင် တာနဲ့ထွက်လာတာ'

'အင်း... သည်ကိစ္စမှာ ကေရီ့ ဖေဖေ့မှာ အပြစ်မရှိ ဘူးလို့ တို့ ထင်တယ်'

'ဘာ... ဘာပြောတယ်၊ သည်စကားကို ယူတို့ကို ပြောရဲသလား'

'သူငယ်ချင်းအဖြစ် အသိအမှတ်ပြုလိုက်လို့ ပြောရဲ တာပါ၊ ကေရီ စဉ်းစားကြည့်လေ၊ အန်ကယ်မှာ အရွယ်ရှိသေး တယ်၊ ကေရီ ကျောင်းပြီးတဲ့အထိ သူ့ဆန္ဒတွေကို ချိုးသိပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာကိုက အရမ်းလေးစားဖို့ ကောင်းနေပြီ'

'မဟုတ်သေးဘူးလေကွာ၊ ယူက တို့သူငယ်ချင်းလေ တို့ဘက်ကပဲ ဝင်ပြီးတော့ ခံစားပေးပေါ့၊ ဖေဖေ့ဘက်က ဘာမှ ဝင်ခံစားပေးစရာမလိုဘူး'

'အဲသလိုဆို တရားမျှတမှု ဘယ်ရှိမလဲ'

'ဒီမယ် ငြိမ်းချမ်း၊ တရားမျှတမှု ရှိ မရှိဆိုတဲ့ စကားတွေလာမပြောနဲ့၊ ယူ့ကို အဆုံးအဖြတ်ပေးခိုင်းနေတာ မဟုတ်ဘူး၊ တို့ ဖေဖေနဲ့ ဒေါ်သက်ထားဆွေကို မကျေနပ်တာတွေ ယူ့ကို ပြောနေတာ၊ ယူ့အလုပ်က တို့ပြောသမျှကို နားထောင်ပေးဖို့ပဲ'

'ဒါဆိုလည်း စောစောကပြောရောပေါ့ ကေရီရယ်၊ ကဲ... ဆက်ပြော၊ ကေရီ ပြောတာတွေကို တို့ ဆိုက်ကားနင်းရင်း အသေချာနားထောင်မယ်'

ကေရီ့မျက်နှာမှာ အပြုံးတွေဖြစ်ပေါ်လာ၏။

သည့်နောက် ဖေဖေ တစ်မနက်လုံး မှန်သုံးလေးခါ ကြည့်သည်မှအစ ဒေါ်သက်ထားဆွေ မကြိုးမငယ်နှင့် ဆံပင်တွေ ကောက်ထားတာကိုပါ ပြောသည်။

'မရယ်နဲ့ရဘူးသား ငြိမ်းချမ်း'

'ရယ်ရတာပေါ့၊ သည်အသက်အရွယ်ကြီးတွေနဲ့





ချင်နေလိုက်ကြတာ'

'ယူ့ တို့ဘက်က မျက်နှာလို မှက်နှာရ လိုက်ပြောနေတာ မဟုတ်ဘူးနော်'

'မဟုတ်ပါဘူး၊ သည်အရွယ်ကြီးတွေရောက်မှ လှချင်ကြတာကို အမြင်ကပ်လို့ပါ'

'အေးလေ... အရေးတရားဖက်ရမယ့် အရွယ်ကြီးတွေက မယားယူ လင်ယူ လုပ်ချင်ကြသေးတယ်'

ငြိမ်းချမ်း ခေါင်းတဆတ်ဆတ် ညိတ်သည်ကိုကော ကေရီ အရမ်းကျေနပ်သွားသည်။

သည်လိုနှင့် သူမနှင့် ငြိမ်းချမ်း ရင်းနှီးမှုတွေ ပိုမို၍ ခိုင်မာလာခဲ့ကြပါ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ငြိမ်းချမ်းအကြောင်းကိုပြောပြတော့ မေသီတာက ပြုံးသည်။ ပြုံးရင်းနဲ့လည်း သူမ မျက်နှာကို စိုက်ကြည့်၏။

'နင် ငါ့ကို အဲဒီအကြည့်နဲ့ မကြည့်နဲ့ မေသီတာ ငါ ငြိမ်းချမ်းအကြောင်းပြောလို့ ငြိမ်းချမ်းကို စိတ်ဝင်စားနေတယ်လို့ နင် ထင်နေသလား'

'ဆိုက်ကားသမားတစ်ယောက်ကို ကေရီ ဘယ်လိုမှ စိတ်မဝင်စားဘူး ဆိုတာ မေ ယုံကြည်ပြီးသားပါ'

'ဆိုက်ကားသမားလို့ ရင့်ရင့်သီးသီးကြီး မခေါ်ပါနဲ့ မေသီတာရယ်၊ သူ့ရဲ့ ငြိမ်းချမ်းဆိုတဲ့နာမည်ကိုပဲ သုံးပါ'

'သွားတာလာတာ သိပ်တော့ အတင့်မရဲပါနဲ့ကွာ'

'ဘယ်ကိုလဲ မေသီတာ'





'သူ့ကို ကားပေါ်တင်ပြီး အင်းလျားမှာ ရှမ်းခေါက်ဆွဲသွားစားတာမျိုးတို့၊ လှည်းကူးဘက်တောင်သွားပြီး နွားနို့သောက်ကြတာမျိုးတို့ပေါ့၊ ကေရီ သူနဲ့ အဲသလို ဆိုက်ကားလျှောက်စီးလိုက်၊ ကားလျှောက်မောင်းလိုက် လုပ်နေတော့ အနီးပတ်ဝန်းကျင်နဲ့ သူ့ဆိုက်ကားဂိတ်ကလူတွေက ကေရီကို အထင်သေးမှာပေါ့'

'ငါ ဒါတွေကို ဂရုမစိုက်ဘူး၊ ငြိမ်းချမ်းရဲ့ ရိုးသားမှုတွေကို ငါ ယုံကြည်တယ်၊ ငါနဲ့ ငြိမ်းချမ်း ရွယ်တူတန်းတူပေမဲ့ ငါ့အပေါ်မှာ ငြိမ်းချမ်းက လူကြီးဆန်တယ်၊ သူ့မျက်နှာမှာ တည်ကြည်မှုတွေ အမြဲရှိနေတယ်'

'မေ မြင်ယောင်နေပါတယ်'

'ဘာကို မြင်ယောင်တာလဲ'

'ငြိမ်းချမ်းက တစ်နေ့ ကေရီ့ကို ချစ်တယ်ဆိုတဲ့ အကြောင်းပြေမှာ'

ထိုအခါ ကေရီက…

'ငါ့မှာ ချစ်သူရှိတယ်လို့ ပြောလိုက်မှာပေါ့'

'အဲသလို စကားမျိုးမပြောရအောင် သူနဲ့ ခပ်စိမ်းစိမ်း ဆက်ဆံလိုက်တာ မကောင်းဘူးလား ကေရီရယ်'

ကေရီက ခေါင်းကိုအသာ ခါယမ်းရင်း…



www.burmeseclassic.com

www.burmeseclassic.com



'လူတစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းဆက်ဆံ ရေးကို နင် ဘယ်သွားထားမလဲ မေသီတာ၊ ငြိမ်းချမ်း ငါ့ အပေါ်အရမ်းကောင်းတယ်၊ ဖေဖေနဲ့ပတ်သက်ပြီး စိတ်ညစ်ေ ရတဲ့အချိန်တွေမှာ သူ ငါ့ကို စိတ်လန်းဆန်းအောင် ဖန်တီးေ နိုင်တယ်၊ ငါ့အတွက် သူ့အချိန်တွေကို ဖြုန်းတီးပေးခဲ့တယ်'

'မေးမယ်'

'မေး'

မေးမယ်ပြောပြီး မမေးသေးဘဲ မေသီတာက လင် ဖက်ကို တစ်စွန်းခပ်ယူစားသည်။ ပြီးတော့ နွားနို့ထည့်ထား သည့် ဖန်ခွက်ထဲသို့ နက်စ်အမှုန့်များဖောက်ထည့်ပြီး ကိုယ်တိုင် စတီးဇွန်းလေးနှင့် ဖျော်ပေးသည်။

ကေရီ့ရှေ့သို့ နက်စ်ခွက်ကို တိုးရွှေ့ပေးပြီးမှ···

'ငြိမ်းချမ်းက ချစ်တယ်လို့ပြောလာရင် ကေရီ စိတ် ဆိုးမလား'

'မဆိုးဘူး'

'ဟယ်··· ဘာဖြစ်လို့လဲ'

'သူလည်း အသည်းနှလုံးတစ်ခု ပိုင်ဆိုင်ထားတဲ့ လူ ပဲ ယယ်၊ ချစ်တယ်ဆိုတဲ့စကားပြောခွင့်ရှိပါတယ်၊ သူ့ရဲ့လွတ်လ စွာပြောဆိုခွင့်တို့ ငါက ဘာလို့စိတ်ဆိုးရမှာလဲ၊ သူ ပြောရ





သည်း ငါ့မှာ ဖြေဖို့စကားရှိနေတာပဲဟာ၊ ပြဿနာ မဟုတ်ပါ ဘူး'

နောက်ပိုင်း ငြိမ်းချမ်းအကြောင်းဖျောက်ပြီး သူငယ် ချင်းတွေအကြောင်း ရောက်သွားသည်။ ကျောင်းတွေ အသီး သီးပြီး၊ ဘွဲ့တွေကိုယ်စီ ယူသွားကြပြီမို့ ဘယ်ကိုရောက်ပေါက် ကုန်သည်ပင် မသိတော့။ သူမ၏မေသီတာကတော့ ဘဝကို အေးအေးချမ်းချမ်း နေလို့ရပါသည်။ နောက်ပြီး နှစ်ယောက် လုံးမှာ ရည်းရွယ်ချက်တွေအပြည့်နှင့်။

နေမစောင်းခင်မှာ ကေရီ အိမ်ကိုပြန်သည်။ လမ်း ဆိပ်ရောက်တော့ ကားဘရိတ်ကို အသာနင်းဖိရပ်ပြီး ဂိတ်မှ ငြိမ်းချမ်းကို လက်ယပ်လှမ်းခေါ်သည်။

ထံပါးသို့ ငြိမ်းချမ်း အပြေးကလေးရောက်လာ၏။

'ပြောမလို့'

'ဘာပြောမလို့လဲ ကေရီ'

'ညည ဟိုရှေ့က ကင်းတဲလေးမှာ ဘာလို့ သီချင်း တွေ လာဆိုနေရတာလဲ'

'ကေရီများ နားထောင်ချင်မလားလို့ပါ'

'သီချင်းနားထောင်ချင်ရင် အခွေဖွင့် နားထောင်မှာ ပေါ့၊ ဗွီစီဒီအခွေတွေ အကုန်ရှိတယ်၊ နောက်ကို ညနက်သန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင် သိချင်းလာဆိုမနေနဲ့၊ ကိုယ့်အမေကလည်း ကျန်းမာရေး ကောင်းတာ မဟုတ်ဘူး၊ ပြောတာကို သဘောပေါက်တယ် နော်'

'ကိုယ် ကေရီ့စကားကို မလွန်ဆန်ပါဘူး'

'ကိုယ်'ဆိုသည့် အသုံးအနှုန်းအပေါ်မှာတော့ ကေ ပြုံးမိပါ၏။ သူမ ကားကိုဘီးလိမ့်မောင်းထွက်ပြီး မြံထဲချိုး ကွေ့ဝင်သည်ထိ ငြိမ်းချမ်း ရပ်ကြည့်နေသည်ကို သိသည်။

ငြိမ်းချမ်းနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားမှု မရှိသည် ကိုတော့ ကေရီ ကိုယ့်ကိုယ်ကိုယ် သိ၏။

◆



(၇)

ဆေးပေါလိပ်တိုကို မီးမီးရဲရဲထအောင် တစ်ချက်နှစ် ချက်မှုတ်လိုက်ပြီး လမ်းဘေးရေမြောင်းထဲသို့ လက်ညှိုးကလေး နှင့်တောက်၍ လွှတ်ပစ်လိုက်ပြီး ခင်မောင်လှူက...

'အချစ်ဆိုတာ ရင်ထဲမှာ သိမ်းဆည်းထားကောင်းတဲ့ အရာ မဟုတ်ဘူး ငြိမ်းချမ်းရ၊ မင်း ငါတို့ကို ထုတ်ဖော်မပြော သမယ့် မင်းရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ငါတို့ သိပါ တယ်၊ ဟုတ်တယ် မဟုတ်လား မြတ်ကျော်'

ခင်မောင်လှူ၏စကားကို မြတ်ကျော်က ခေါင်းကို ညိတ်ပြသည်။

'ဝုဏ်တွေ ပကာသနတွေ အဆောင်အယောင်တွေ ပေါ်မှာ မင်း ဘာမှအားငယ်နေစရာ မလိုပါဘူးကွာ၊ တို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘဝ အဆင်မပြေလို့ ဆိုက်ကားနင်းစားကြပေမယ့် အခန့်အတန့် ရပ်တည်ရတဲ့ဘဝအပေါ်မှာ လာပြီးမဆုံးဖြတ်နဲ့ မောသွားမယ်'

ခင်မောင်လှု၏ မာနစကားတွေကိုတော့ သူ ကြားနေကျ။ ခင်မောင်လှုကလည်း သူလို ကျောင်းပြီးထားသည့် ခေတ်ပညာတတ်တစ်ယောက်ပါပဲ။ ဘဝနှင့်ပတ်သက်သော အရှုံးမပေးသည့်စိတ်ဓာတ်တွေ သူတို့မှာ ကိုယ်စီရှိသည်။ သူတို့သည်လည်း ဆိုက်ကားနင်းရင်း ရှေ့ခရီးကို ရည်ရွယ်ချက်ကြီးကြီးနှင့် မျှော်ကြည့်ထားကြသူများလည်း ဖြစ်၏။

မြတ်ကျော်က ဆေးပေါ့လိပ်အသစ်ကိုတုတ်ယူမီးညှိပြီး…

'ခင်မောင်လှု… မင်းရဲ့ မာနစကားတွေကို ခဏဖယ်ထားကွာ၊ ဒီရကာင့် နှလုံးသားစကားကိုပဲ ပြောကြရအောင်'

'အေးလေ၊ ငါက ဒီကောင့်ကို သူ့ရင်ထဲက စကားတွေကို ကေရီ့ကို ပြောစေချင်လှပြီ'

ထိုအခါ သူက…

'ငါ ကြောက်တယ်ကွ'

'အချစ်ဟာ ကြောက်စရာလား ငြိမ်းချမ်းရာ'

'ငါ သူ့ရဲ့ခင်မင်မှုတွေကို မစော်ကားချင်ဘူး'

'သူ့ရင်ထဲမှာ မင်းနဲ့ပတ်သက်ပြီးခံစားမှုတွေ ရှိမရှိ





ဆိုတာရော မင်း သိနိုင်မလား'

သူ ပင့်သက်ကို ရှည်ရှည်လျားလျားရှူသည်။

ညလေအေး ခပ်စိမ့်စိမ့်ကလေးတိုက်အခိုက်မှာ မြတ်ကျော်က အကြမ်းအိုးကို လက်နဲ့မြှောက်ပြပြီး ရေနွေး ထပ်တောင်းသည်။ စားပွဲထိုးလေးက ရေနွေးဖြည့်ပေးပြီး စားပွဲသို့ ပြန်ယူလာ၏။

'ကေရီ့ မင်း အပေါ်ထားတဲ့ မေတ္တာသံယောဇဉ်ကို မင်း အပြန်ပြန်အလှန်လှန် စဉ်းစားရမယ်၊ ဒါတွေက ဘွယ်ကာမှုမရှိဘဲနဲ့ ဖြစ်မလာဘူး၊ မင်းနဲ့ သွားပုံတယ်၊ မင်း အိမ်ကိုတောင် လိုက်လည်ရဲတယ်ကွာ မင်းဟာ ပတ်သက်တာရင် သူမှာ ဆုံးဖြတ်ရဲတဲ့သတ္တိတွေ ရှိနေမယ်လို့ ငါ ထင်တယ်'

'အင်း… ရင်မှာ အရမ်းမောတယ် ခင်မောင်လှုရေ၊ မင်း ကေရီ့ကို မချစ်ဘူးလားလို့မေးရင် ငါ ခေါင်းခါမှာပါ၊ ဒါပေမဲ့ ဖွင့်ပြောဖို့ကျတော့ ငါ့ဘက်က အဖက်ဖက်က စဉ်းစားရမယ်'

'ဘာလဲ… ချစ်တယ်လို့ပြောလိုက်ရင် ကေရီက မင်းကို မုန်းတီးသွားမှာ စိုးရိမ်လို့လား'

သူ ခေါင်းညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



'မပူပါနဲ့ ငြိမ်းချမ်းရာ၊ ကေရီ ကြိုတင်နားလည်ထား မှာပါ'

နားလည်ပါစေလို့တော့ သူ ဆုတောင်းနေမိသည်။

'ဘဝနဲ့ချာလို့ ချစ်ခွင့်မရှိဘူးဆိုရင် တို့ဆင်းရဲသား တွေရဲ့ အသည်းနှလုံးကိုထုတ်ပြီး ဈေးမှာ သွားရောင်းပစ်ရ ရှိတာပေါ့ကွာ၊ ချစ်ခွင့်ဆိုတာ လူတိုင်းမှာ ရှိပါတယ်'

အကွေးမှာ ကေရီကို မြင်သည်။

သူနှင့်ပတ်သက်လျှင် အစစအရာရာ စေတနာထား တတ်သော ကေရီ။ အမေ ရုတ်တရက် မူးလဲစဉ်က ကေရီ သည် အမေနှင့် သူ့ကို အကောင်းဆုံး အကူအညီ ပေးခဲ့ သည်။ အမေ့အတွက် အသုံးပြုရမည့်ဆေးဝါး၏ တန်ဖိုးကြီးမား မှုကို ကေရီသည် တွန့်ဆုတ်ခြင်းမရှိဘဲ ကူညီဖြေရှင်းပေးခဲ့ ၏။

သည်အပေါ်မှာ သူ ကေရီကို ချစ်ခွင့်ပန်သင့် မပန် သင့် အလေးအနက်စဉ်းစားရမည်။ ခင်မောင်လူနဲ့ မြတ်ကျော် ကိုပြောပြတော့ မင်း တစ်သက်လုံး မျိုသိပ်ထားမလားဆိုသည့် စကားသည် သူ့နှလုံးသားကို ဆွဲယူဖျစ်ညှစ်လိုက်သလို ခံစား ရပါ၏။

သည်သို့နှင့် သည်တစ်ညသည် ကေရီနှင့် ပတ်သက်





၍ ချစ်သင့် မချစ်သင့်ကိစ္စသည် ကြေညက်ခြင်းမရှိဘဲ ပြီးစီး ခဲ့ရသည်။ လက်ဖက်ရည်ဆိုင်မှ ထပြီးအပြန်မှာ သုံးယောက် သား ငြိမ်သက်တိတ်ဆိတ်စွာ ရှိနေခဲ့ရ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(၈)

သမီးရေ ဖုန်း… ဆိုသည့် ကြီးမေအသံကြောင့် ဘုရားခန်းရှင်းနေရာမှ ဖုန်းခွက်ထားရာဆီသို့ ကေရီ လျှောက်ခဲ့၏။ ယပ်ပါးရောက်တော့ ကြီးမေက ဖုန်းခွက်လှမ်းပေးပြီး ဘုရားခန်းထဲ ပြန်ဝင်သွားသည်။

'ပြောပါ… ကေရီပါ'

'ကေရီလား… အချစ်လေးလား'

ကေရီ ဖုန်းခွက်ကို ပွပ်ကနဲပြန်ချပြီး ဘုရားခန်းသို့ ပြန်ဝင်မည်အပြုမှာ ဖုန်းက ထပ်မံမြည်လာ၏။

'ဖုန်းသရဲတော့ ဒီက ဦးအောင် ကိုင်တုတ်ပစ်လိုက်မယ်'





ဖုန်းခွက်ရှိရာသို့ ခပ်သောင့်သောင့်လေးပြန်သွားပြီး ဖုန်းခွက်ကို ခပ်ကြမ်းကြမ်းကောက်ကိုင်၍…

'လူကို အချစ်လေး ဘာလေးနဲ့ နှင့်နှမကို သွားခေါ်ပါလားဟဲ့… မသာကောင်ရဲ့'

'ဟာ… ဟာ… ဘယ်လိုဖြစ်တာလဲ'

'နင် ဖုန်းပြောနေတာ ဘယ်သူလဲ'

'ကိုလတ်လေ ကေရီ'

'ဟယ်… ကိုလတ်၊ ကိုလတ် ပြန်ရောက်လာပြီလား၊ မီးသာလိုက်တာ ကိုလတ်ရယ်'

ချမ်းသူဆိုသည့်အသိက ခေါင်းထဲပြေးဝင်လာပြီး ရင်တစ်ခုလုံး လန်းဆန်းပေါ့ပါးသွား၏။

'စောစောက ဆက်တာ ဖုန်းသရဲလား ဆိုပြီး ဖုန်းကို ဘာလို့ချသွားတာလဲ'

'ဟင်… ကိုလတ် ဆက်တာလား၊ အချစ်ကလေး ဘာလေးလုပ်နေတော့ ဖုန်းသရဲမှတ်ပြီး ချပစ်လိုက်တာ'

'ကိုလတ် အသံကိုတောင် မမှတ်မိတော့ဘူးလား ကေရီရယ်'

ကေရီ ရယ်ချင်စိတ်ကိုထိန်းရင်း…

'မဟုတ်ဘူးလေ၊ ကိုလတ် ကေရီ့ကို အချစ်လေးလို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကြောင်ကြောင် မခေါ်ဖူးဘူးလေ၊ ဒီတော့ ဖုန်းသရဲပဲဆိုပြီး ဖုန်းချပစ်လိုက်တာပေါ့'

'ကိုလတ်က ကေရီကို ကျီစယ်တာ'

'ကဲ… ကျီစယ်တာတွေ ဘာတွေဘေးဖယ်ထား၊ ကိုလတ် သဘောက ဘယ်တုန်းကပြန်ရောက်တာလဲ'

'ခုပဲရောက်တာ ကေရီ၊ ရောက်ရောက်ချင်း လေဆိပ်ကနေ ဖုန်းဆက်လိုက်တာ'

'ကေရီ အရမ်းဝမ်းသာနေတယ်'

'ကိုလတ်က ပိုပြီးဝမ်းသာနေတာပေါ့'

'ဘာဖြစ်လို့'

'အတူတူနေရတော့မယ်လေ'

'မပြောနဲ့ ကြို့ပြီးရှက်နေမိလိမ့်မယ်'

ကိုလတ် ရယ်သံကို ဖုန်းခွက်ထဲမှကြားရသည်။

'ကေရီ'

'ပြော ကိုလတ်'

'ညနေဆုံမယ်နော်၊ အင်ပါယာမှာ ကိုလတ် စောင့်နေမယ်၊ အဲဒီဆိုင်ကော ရှိသေးရဲ့လား'

'ရှိပါတယ်'

'ညနေစာ အတူစားမယ်၊ ကေရီ့ကို လက်ဆောင်တွေ ပေးမယ်'





'လက်ခံရယူပြီးမှ ကျေးဇူးတင်တယ်ဆိုတဲ့ စကား ပြောမယ်'

အချိန်ကိုသတ်မှတ်လိုက်ပြီး ဖုန်းခွက်ကို ပြုံင်တူချလိုက်သည်။

ကေရီ ဘုရားခန်းထဲပြန်ဝင်တော့ ကြီးမေက စူးစမ်းသလိုကြည့်ပြီး…

'မျက်နှာက အရမ်းရွှင်နေတာပဲ'

'ကြီးမေ ဘယ်လိုထင်လဲ'

'သိဘူးလေ၊ သူများဖုန်းပြောတာကို ခိုးနားထောင်တဲ့အကျင့် မရှိဘူး'

'ကြည့်စမ်း… ကြည့်စမ်း၊ ဒါ ကြီးမေ ကေရီ့ကို တပ်ထုလိုက်တာပဲ'

'ညည်းက ဖုန်းခိုး နားထောင်ဖူးလို့လား'

'မထောင်ဖူးပါဘူး'

ကြီးမေ ပြုံးသည်ကို စိတ်ကမလုံ။

ဖေဖေနှင့် ဒေါ်သက်ထားဆွေ ဖုန်းပြောတုန်းက သူမ ခိုးနားထောင်နေစဉ် ကြီးမေနှင့် ပက်ပင်းတိုးဖူးသည်။ ဒါကို ရည်ရွယ်ပြီး ကြီးမေက ပြောခြင်းဖြစ်၏။

'ကြီးမေ'



www.burmeseclassic.com

www.burmeseclassic.com



'ပြောပါအေ'

'ညနေစာကို ကေရီ မစားတော့ဘူး'

'ဘာလဲ ဆိုက်ကားလျှောက်စီးမလို့လား'

'သည်ညနေတော့ ကားလျှောက်စီးမှာ ကြီးမေ'

ကြီးမေထံမှအသံထွက်မလာ။ ဒါကတော့ တက္ကသိုလ်စတက်သည့်နှစ်ကတည်းက မိမိနှင့်ပတ်သက်သော ကိုယ်ရေးကိစ္စများကို ကြီးမေ ပင်ရောက်စွက်ဖက်ခြင်း မရှိတော့ပေ။ ဆယ်တန်း မအောင်ခင်ထိတော့ ကြီးမေသည် မိမိ၏အနီးကပ်ညွှန်ကြားရေးမှူး တစ်ယောက်ပါပဲ။

ဘာပဲဖြစ်ဖြစ်…

သည်နေ့ကတော့ ကေရီအတွက် ပျော်ရွှင်ဖွယ်နေ့ရက်တစ်ရက်ပါပဲ။

*

အင်ပါယာ၏ သီးသန့်အခန်းလေးမှာ ညနေစာပွဲသည် နှစ်ယောက်တည်းဖြစ်သော်လည်း ပျင်းရိငြီးငွေ့မှုတော့မဖြစ်ခဲ့ပါ။ '

ဟင်းလျာများကို ရွေးချယ်ရင်းမှ အသားစုံပန်းကန်ထဲမှ ကြက်တစ်ကောင်၏ အသည်းတစ်ခြမ်းကို ချစ်သူတို့ထုံးစံ





အတိုင်း ကိုလတ်က ကေရီ့ပန်းကန်ထဲ ထည့်ပေးသည်။

ကေရီ့ဘက်ကတော့ မိမိ၏အသည်းနှလုံးကို ပေးအားပြီးမှတော့ ကိုလတ် ခပ်ထည့်ပေးသည့် အသည်းတစ်ခြမ်းသည် သူမအတွက် စိတ်လှုပ်ရှားဖွယ် မဖြစ်တော့ပါချေ။

'ခွဲခွာနေရတဲ့ နှစ်နှစ်တာကာလအတွင်းမှာ ကေရီကိုလတ်ကို လွမ်းနေမှာပဲနော်'

'မလွမ်းဘူး ကိုလတ်'

'ဟင်…'

ကိုလတ်မျက်နှာ အနည်းငယ်မျှမဟုတ် သိသိသာသာပျက်သွားသည်။ ခွန်းခက်ရင်းကိုင်ထားသည့်လက်ပင် တုန်တုန်ခတ်ခတ်ဖြစ်သွားသည်ကို ကေရီ သတိပြုမိ၏။

'ကေရီ မညာတတ်ဘူးဆိုတာ ကိုလတ် သိတယ်နော်၊ မလွမ်းဘဲနဲ့ လွမ်းတယ်လို့ပြောရင်လည်း ကိုလတ် ယုံမှာပဲ၊ လိမ်တဲ့အကျင့်ကို မပါချင်ဘူး၊ ကိုလတ် ကိုမလွမ်းပေမယ့်နေ့တိုင်း သတိရနေတယ်ဆိုတာကိုတော့ ကိုလတ် ယုံပါ'

'တော်သေးတာပေါ့ ကေရီ'

သည့်နောက် စားသောက်ရင်း ဖေဖေ့ အကြောင်းပြောပြသည်။ ဖေဖေ့အကြောင်းပြောသည်နှင့် ဒေါ်သက်ထားမွေ့အကြောင်းကလည်း ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကေရီ သိပ်စိတ်ညစ်ခဲ့တယ် ကိုလတ်၊ ဖေဖေ့ကို ဆုံးရှုံးရမှာကို ဝမ်းနည်းကြေကွဲတာ မဟုတ်ဘူး၊ မေမေ့ နေရာ အစားထိုးဝင်လာတဲ့အပေါ်မှာ စိတ်မကျေနပ်တာ၊ မိထွေး ဆိုပေမယ့် မိဆိုတဲ့အသုံးအနှုန်းပါနေတော့ မိခင်နေရာကဝင်ပြီး ဒီမိန်းမ လုပါးဝတော့မှာ'

သူမစကားကို ကိုလတ်က ပြုံး၏။

'မပြုံးနဲ့ ကိုလတ်၊ ကေရီ့ ရင်မှာခံစားမှုတွေက တင်းပြည့်ကျပ်ပြည့်ဖြစ်နေတာ၊ ဖွင့်ဟတိုင်ပင်ရမယ့် ကိုလတ်ကလည်း ရေခြားမြေခြားမှာ၊ ငြိမ်းချမ်းနဲ့ ခင်ခင်မင်မင်ရှိလာတော့မှ သူ့ကို ရင်ဖွင့်ရတာ'

'ငြိမ်းချမ်း ဟုတ်လား၊ ဘယ်က ငြိမ်းချမ်းလဲ ကေရီ'

ကိုလတ်က မျက်မှောင်ကိုကြုတ်ပြီး မေးသည်။

ကေရီက ရယ်ရယ်ပြုံးပြုံးနှင့် ငြိမ်းချမ်းနှင့် ပတ်သက်ခဲ့သော အကြောင်းအရာများကို ပြောပြသည်။

'ငြိမ်းချမ်း နဲ့ပတ်သက်ပြီး သေးသိမ်တဲ့စိတ်ထားတော့ ကိုလတ် မမွေးနဲ့၊ ငြိမ်းချမ်းက ခင်မင်ဖို့ကောင်းတယ်၊ ကိုလတ်တွေ့ရင်လည်း သူ့ကို ခင်မှာပါ'

'ကိုလတ်က ကေရီကို အမြဲ ယုံကြည်နေပါတယ်'

'ယုံကြည်နေရမယ်လေ၊ ကေရီ့စိတ်ဓာတ်ကို ကိုလတ်





သိထားပြီးသားပဲဟာ'

အင်ပါယာမှာ စားသောက်ပြီးသောအခါ ကိုလတ်နှင့် ဘုရားသွားသည်။ စေတီတော်ကြီး၏ အရှေ့ဘက်ထောင့် ခရေပင်ကြီးအောက်မှ ခရေပွင့်ကြွေများကို ကေရီ လိုက် ကောက်နေဆဲမှာ ကိုလတ်က…

'နှစ်ဖက်မိဘတွေကို ဖွင့်ပြောထားချင်ပြီ ကေရီ'

'ဘာဖြစ်လို့လဲ'

'လွတ်လွတ်လပ်လပ် ရှိအောင်ပါ'

'ခုရော မလွတ်လပ်လို့လား၊ ကိုလတ် ဆန္ဒမှန်သမျှကို ကေရီ လိုက်လျောနေတာပဲဟာ'

'မဟုတ်ဘူးလေ… ကိုလတ် ဖြစ်စေချင်တာက နှစ်ဖက်မိဘတွေသိထားတော့ သူ့အိမ် ကိုယ့်အိမ်ဝင်လို့ထွက်လို့ ကောင်းတယ် မဟုတ်လား'

'ဟာ… အဲဒီလိုကြီး မနေချင်ပါဘူး ကိုလတ်ရာ၊ အတူမပေါင်းသင်းသေးဘဲနဲ့ မျက်နှာတွေကို ကေရီ မကြည့်ဝံ့ပါဘူး'

'သည်တစ်ခေါက် သင်္ဘောပြန်မတက်ခင် လက်ထပ်ကြမှာနော်'

'ကေရီ နားလည်ထားပြီးသားပဲကွယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်မျက်နှာ ကြည်ကြည်လင်လင် ပြန်ဖြစ်သွားသည်။ သူမက လက်ခုပ်ထဲမှ ခရေပွင့်လေးများကို ကိုလတ် လက်ခုပ်ထဲထည့်ပေးသည်။ ခရေပွင့်တွေကို ကျေနပ်လောက်အောင် ကောက်ပေးပြီးမှ ဆုတောင်းပြည့်ပန်းအိုးထဲမှာ ခရေပွင့်တွေ ထည့်လှူသည်။

ဆုတောင်းခြင်းကိုတော့ ဧကရီ မပြုပါ။

ဆုတောင်း၍ပြည့်သည်ကိုလည်း ဧကရီ မယုံကြည်ပါ။

ဘုရားအရှင်ကလည်း ဘယ်တော့မှ ဆုမပေးပါ။ တရားကိုသာ ပေးပါသည်။

◆



(၄)

'ချစ်တယ်… ဟုတ်လား ငြိမ်းချမ်း၊ ယူက တို့ကို ချစ်တယ်'

ငြိမ်းချမ်း ခေါင်းကိုငိုက်ချထားသည်။

ဆိုက်ကားကို သူ ဆက်မနင်းနိုင်သေး။ ညောင်ပင်ကြီးအောက်မှာ ဆိုက်ကားရပ်ပြီး ချစ်တယ်ဆိုတာကို မပြောနိုင်သေးပဲ ပင့်သက်တချချလုပ်နေကတည်းက ဧကရီ သဘောပေါက် သိထားသည့်ကိစ္စ။

'တို့ ယူနဲ့ ဆိုက်ကားမစီးဖြစ်တာကြာလို့ သတိတရနဲ့ ထွက်လာတာ၊ ယူ့ကို ပြောချင်တဲ့စကားကလည်း ရှိနေသည်၊ ဒါပေမဲ့ ယူ ပြောချင်နေတဲ့စကားတွေကို တစ်လုံးမကျန် ပြန်ပြောပါ၊ တို့ နားထောင်နေမယ်'



www.burmeseclassic.com

www.burmeseclassic.com



‘ကိုယ်ပြောတဲ့စကားကို ကေရီ စိတ်ဆိုးသွားသလား
မသိဘူး’

‘အဲဒီကိစ္စကို မပြောနဲ့လေ၊ ကေရီ ဆုံးဖြတ်ရမည့်
အကြောင်းတရားတွေကို ငြိမ်းချမ်း မပြောနဲ့၊ ငြိမ်းချမ်း အသည်း
က ငြိမ်းချမ်း ရင်ထဲမှာရှိတဲ့ စကားတွေကို အကုန်ပြောရမှာ’

ငြိမ်းချမ်း ပင့်သက်တချချဖြစ်နေသည်ကို သိ
ဆက်လာမယ့်စကားကို ကေရီ နားစွင့်နေဆဲမှာ…

‘ကေရီ့ကို ကိုယ်ချစ်တယ်ဆိုတဲ့ စကားအပြင် ကိုယ်
မှာ ဘာမှပြောစရာ မရှိတော့ပါဘူး ကေရီ၊ သည်ချစ်မေတ္တာ
အတွက် အပြစ်ရှိတယ်ဆိုရင်လည်း ကေရီ ပေးမဲ့အပြစ်ဒဏ်
ကိုယ်ခံယူပါ့မယ်’

‘ရင်ထဲကစကားတွေ ကုန်ပြီလား’

‘အချစ်မှာ နေဝင်တာမရှိသလို၊ ရင်ထဲမှာ ဘယ်တော့
မှ ချုပ်ငြိမ်းမှုမရှိတဲ့ နှလုံးသားပစ္စည်းတစ်ခုပါ’

‘ပြောဦးလေ’

‘ဘာကိုပြောရမှာလဲ ကေရီ’

‘ကေရီ ကိုယ့်ကိုချစ်လားဟင်ဆိုတဲ့ အမေးစကား’

‘ကိုယ်မေးပါပြီ ကေရီ’

‘မေးပြီ ဟုတ်လား၊ ဒါဖြင့် တို့ဖြေမယ်၊ တို့ ငြိမ်းချမ်း
ကို မချစ်ဘူး’





ငြိမ်းချမ်း၏ မျက်လုံးတွေကို ရုတ်ခြည်းဝေသီသွား
သည်။ သူ့နှုတ်ခမ်းလှုပ်ခတ်သွားမှုမှာ သူ မည်မျှခံစားသွား
သည်ကို ကေရီ သိပါ၏။

‘မချစ်ဘူးဆိုတာက ချစ်လို့မရတာထက် ချစ်လို့မဖြစ်
တာ ကိုငြိမ်းချမ်း’

‘ကိုယ် သဘောပေါက်ပါပြီ’

‘ဘာကို သဘောပေါက်တာလဲ’

‘ကိုယ်က ဆိုက်ကားသမားလေ’

‘မဆိုင်ဘူး’

‘ဒါဖြင့် ဘာလို့လဲဟင်’

‘တို့မှာ ချစ်သူရှိတယ်’

‘ဟင်… ဒါ… ဒါတွေကို ကိုယ်မသိပါဘူး ကေရီ
ရယ်၊ ကိုယ် ကေရီ့ကို ချစ်မိတာမှားသွားပြီ’

‘မမှားပါဘူး’

ငြိမ်းချမ်းထံမှ နားမလည်နိုင်သည့်အကြည့်ကို သူမ
ရသည်။

‘ချစ်ခွင့်ဆိုတာ ပျိုပျိုအိုအိုလူတိုင်းမှာ ရရှိထားတဲ့
အခွင့်အရေးပဲ၊ ငြိမ်းချမ်း တို့ကို ချစ်ခွင့်ရှိပါတယ်၊ သည့်အပေါ်
မှာ တို့က တားဆီးစရာအကြောင်း ဘာမှမရှိဘူးလေ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရဲ့ ချစ်ခွင့်အပေါ်မှာ နားလည်နိုင်အောင်တော့ ရှင်း ရမယ့်တာဝန် တို့မှာရှိတယ်၊ ဒါကြောင့် တို့မှာ ချစ်သူရှိတာ ဆိုတာကို ဝုဏ်ယူဝင့်ကြွားစွာနဲ့ ပြောတာလည်း မဟုတ်ဘူး ငြိမ်းချမ်း စိတ်ဆင်းရဲအောင် ပြောတာလည်းမဟုတ်ဘူး၊ တို့ အခြေအနေကို အရိုးသားဆုံးရှင်းပြလိုက်တာ၊ ငြိမ်းချမ်း အချစ် ကို လေးစားလို့ပြောပြလိုက်တာ'

'ကိုယ် ဧကရီ့ကို ချစ်တယ်လို့ပြောတာ ကိုယ့် အတွက် အကြီးမားဆုံးသော စွန့်စားခြင်းပါ ဧကရီရယ်၊ သည် အချစ်တွေကို ရင်ထဲမှာကြိတ်ပြီး သိုသိပ်ခဲ့ပါသေးတယ်၊ ဘာ ချင်းကလည်းမတူတော့ အမူအရာလေးနဲ့တောင်မပြဘဲ နေခဲ့ ဘယ်၊ တကယ်တမ်းကျတော့ ဝေဒနာတစ်ခုကို မျိုသိပ်ထား ရတာ ပင်ပန်းလွန်းပါတယ်၊ တစ်ခုတော့ ရဲရဲတင်းတင်း ပြောခဲ့ ပါတယ်၊ ဧကရီ့ဆီက ကိုယ်ဘာမှမမျှော်လင့်ပါဘူး၊ မမျှော်လင့် ရဲဘူးလို့ပဲ ဆိုပါတော့၊ ကိုယ် ဧကရီကို ချစ်နေရရင်ပဲ ကျေနပ် ပါပြီ'

သူမ၏ ကျစ်လျစ်သိပ်သည်းသောအပြုံးကို သူ မြင် လိမ့်မည်။

'ဧကရီ ပြုံးရုံတင်မဟုတ်ဘူး၊ ဟားတိုက်ပြီးတော့တောင် ရယ်သင့်ပါတယ်'





'ဘာကိုလဲ ငြိမ်းချမ်းရဲ့'

'ကိုယ် ဧကရီကို ချစ်တယ်လို့ပြောတဲ့အတွက်ပါ'

'ငြိမ်းချမ်းရယ်... ယူကို တို့ ဘယ်လောက်ခင်တယ်၊ ဘယ်လောက်သံယောဇဉ် ရှိတယ်ဆိုတာ သူ သိပါတယ်နော်'

ငြိမ်းချမ်း ... ခေါင်းကိုညိတ်သည်။

'ယူ့ရဲ့ အချစ်ကို တွေ့ပြန်နိုင်ပေမယ့် ယူ ချစ်တဲ့အချစ် ကို အသိအမှတ်ပြုပေးမယ်၊ ရေရှည်ခရီးအတွက်တော့ သူတို့ တို့ မောင်နှမတွေလို ချစ်ချစ်ခင်ခင်နေကြရအောင်နော်၊ အေးချမ်း တဲ့အချစ်၊ ငြိမ်းချမ်းတဲ့အချစ်မျိုးပေါ့ ငြိမ်းချမ်းရာ'

'ကိုယ် ကျေနပ်ပါတယ် ဧကရီ၊ ဧကရီ ကိုယ့်ကို ပြန်မချစ်ပေမယ့် ချစ်ခွင့်ကိုမပိတ်ပင်တာကိုပဲ ကိုယ် အရမ်း ကျေနပ်ပါပြီ'

'စိတ်မကောင်းတော့ မဖြစ်နဲ့နော်'

'ဘာကိုလဲ ဧကရီ'

'တို့မှာ ချစ်သူရှိတယ်ဆိုတာကို'

'ခင်မင်ချင်တယ်'

'တို့ ချစ်သူကိုလား'

'ဆိုက်ကားသမားတစ်ယောက်ကို အထင်မသေးတာ ရှင် ပြောတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ်က သဘောထားပြည့်ဝတယ်'

ငြိမ်းချမ်းက ပြုံးရင်းနဲ့ဆိုက်ကားကို ဆက်နင်းသည်။

အချစ်နှင့်ပတ်သက်သောစကားများ ငြိမ်းချမ်း နှုတ်ဖျားမှ မကြားရတော့သည့်အတွက်တော့ ကေရီ ပျော်နေမိပါ၏။



(၁၀)

ထိုသူကို ကိုလတ်ဟု သိလိုက်ရချိန်ဝယ် ကေရီ၏ချစ်သူပါလားဆိုသည့် အသိက ခေါင်းထဲပြေးဝင်လာ၏။

သူ ကားနောက်ခန်းမှာ ဝင်ထိုင်ဖြစ်တော့ ကိုလတ်က ရယ်ရယ်မောမောနှင့်ပင် စကားစတင်သည်။

'ကိုယ် သင်္ဘောကရောက်တဲ့နေ့မှာပဲ ကေရီက ကိုငြိမ်းချမ်းအကြောင်း ပြောပြတာ၊ အဲဒီကတည်းက ကိုယ်က လူမမြင်ဖူးသေးခင်ကတည်းက ခင်မင်နေတာ'

ပကတိရယ်ပြုံးနေသော မျက်နှာပေါ်မှာ ရိုးသားခြင်းများကို သူ ရှာတွေ့သည်။ စကားပြောလျှင် ကိုယ် ဆိုသည့် အသုံးအနှုန်းသုံးထားမှုက ချစ်ခင်လေးစားဖွယ်ကောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကတော့ သူ့ထက် သုံး၊ လေးနှစ်ပိုကြီးလိမ့်မည်ဟု ငြိမ်းချမ်း တွက်ထားသည်။

'ခုလို ကျွန်တော့်ကို ရင်းရင်းနှီးနှီးစကားပြောတာကို ကျွန်တော် ကိုလတ် ကိုလေးစားသွားပါပြီ၊ ကျွန်တော်က လူတွေရဲ့ ဆက်ဆံရေးကို မငဲ့ရဲဘူးလေ'

'ဘာဖြစ်လို့လဲ ကိုငြိမ်းချမ်းရဲ့'

'ဆိုက်ကားနင်းစားတဲ့သူတွေကို ဘယ်သူမှ အလေးတယူနဲ့ အထင်တကြီး မဆက်ဆံတတ်ကြဘူးလေ'

'ကိုယ့်လူ ကြုံဖူးလို့လား'

'ထင်နေတာပါ'

'ကိုယ့်အလုပ်အကိုင်အပေါ်မှာ သည်လောက်လည်း သိမ်ငယ်တယ် မထင်ပါနဲ့လေ၊ နောက်ပြီး လူတွေကိုလည်း သိတ်ထိတ်လန့်လန့်နဲ့ ကိုယ်တွေးချင်သလိုတွေးပြီး ရွံ့မနေစမ်းပါနဲ့၊ နောက်ပြီး ကိုယ့်လူနဲ့ကိုယ်က လုပ်ငန်းသဘာဝချင်း ဆက်နွှယ်ပါတယ်'

'ဘာကိုရည်ရွယ်ပြီး ပြောတာလဲ ခင်ဗျာ'

'ကိုယ့်လူက ဆိုက်ကားနင်းစားတယ်၊ ကိုယ်က သင်္ဘောမောင်းစားတယ်လေ၊ ဟား... ဟား'

ကိုလတ်က ပြောပြီး ရယ်၏။





သူ့ ကိုလတ်နှင့် ဆက်ဆံရတာ ပိုမိုရင်းနှီးသလို ခံစားလာရ၏။

'ငြိမ်းချမ်းက လူတွေကို သူထင်သလို လိုက်မြင်နေတာ၊ လူတိုင်းမှာ သူ ထင်သားတဲ့ စိတ်ဓာတ်မျိုးတွေ မရှိကြပါဘူး'

'ကေရီ ပြောတာအမှန်ပဲ ကိုငြိမ်းချမ်း၊ ကိုယ့်အတွေးနဲ့ စိတ်ကိုအပင်ပန်း မခံပါနဲ့ဗျာ'

သူ့အတွေးတွေကို ပြန်လည်သုံးသပ်ရသည်။

ကေရီနှင့် စတင်သိကျွမ်းတုန်းက...

နောက်ပြီး ကိုလတ်နှင့် ယခု ခင်မင်လာမှု။

သည်လို စိတ်ထားမှန်တဲ့လူတွေ လောကကြီးမှာ အများကြီးရှိမှာပါဟု တွေးမြင်လာရသည်။

ကားလေးရပ်တော့ သူ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

သပ်ရပ်အေးချမ်းသည့် စားသောက်ဆိုင်တစ်ဆိုင်။

ကိုလတ်က ဦးဆောင်ပြီး အထဲခေါ်သွားသည်။ စားပွဲမှာထိုင်ဖြစ်တော့ အနားရောက်လာသည့် ဝိတ်တာကို ကိုလတ်က စားစရာများ မှာ၏။

'ကိုငြိမ်းချမ်း သောက်တတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အရက်ကို ပြောတာလား'

ကိုလတ်က ပြုံးပြီး ခေါင်းညိတ်၏။

'ကျွန်တော် မသောက်တတ်ဘူး ကိုလတ်'

'ဒါဆို ကိုယ့်ကိုခွင့်လွှတ်နော်၊ ကိုယ် နည်းနည်းပါးပါး သောက်မှာပါ၊ ကေရီကတော့ ကိုယ့်ကိုနားလည်ထားပါတယ်'

'ကိုလတ်က နိုင်ငံစုံ လူမျိုးစုံနဲ့ထိတွေ့ ဆက်ဆံနေရတာ၊ ကျွန်တော် နားလည်နိုင်ပါတယ်'

လိုက်လျောသည့်အပြုံးတွင် ရင်းနှီးမှုတွေ ပါနေ၏။ အရက်ကလေးအနည်းငယ် သောက်တတ်သော ကိုလတ်သည် အင်မတန် ခင်မင်ဖွယ်ကောင်းသော လူတစ်ယောက်မှန်း သူ သိလာရ၏။

ကိုလတ်သည် သူ့ကို ကိုယ့်လူဆိုသည့် အသုံးအနှုန်းကိုလည်း ရင်းနှီးချစ်ခင်စွာ သုံးစွဲပါ၏။ 'သဘောအရာရှိ တစ်ယောက်ဆိုပြီး ကိုယ့်ကို သိပ်အထင်ကြီးမနေနဲ့၊ သင်္ဘောသားဆိုတာ ပင်လယ်ရဲ့အကျဉ်းသားတွေ ကိုယ့်လူ' ဟုဆိုပြီး ခပ်ဟက်ဟက်လေးလည်း ရယ်တတ်ပါသေးသည်။

'ငြိမ်းချမ်း'

ကေရီ့ကို သူ လှမ်းကြည့်၏။





'အထူးတလည် မိတ်ဆက်ပေးနေစရာ မလိုတော့ဘူးနော်၊ ရင်းရင်းနှီးနှီးဖြစ်သွားကြပြီပဲ'

စားသောက်တော့ သူ့ မဝံ့မရဲဟန်ကိုကြည့်ပြီး ကိုလတ်က သူ့ပန်းကန်ထဲကို ဟင်းဖတ်များထည့်ပေးသည်။ သည်အပေါ်မှာတော့ သူ ကိုလတ်ကို တော်တော်လေးစားသွားပါ၏။

'ကိုယ်က ကိုယ့်လူကို မြင်မြင်ချင်းခင်မင်တာ၊ ကိုယ့်မှာ ကိုယ့်လူအရွယ် ညီငယ်ငယ်တစ်ယောက်ရှိတယ်၊ ဒါပေမဲ့လေ သူ့ကံဇာတာက လူ့ဘဝမှာ ကြာကြာမနေရဘူးဆိုတဲ့ အတိတ်ကံရဲ့ စီရင်ချက်ပါတယ် ထင်ပါတယ်၊ ကိုယ် သင်္ဘော မတက်ခင် တစ်နှစ်မှာပဲ ညီလေး အစာအိမ်ရောဂါနဲ့ ဆုံးသွားရှာတယ်'

'စိတ်မကောင်းစရာပါလား ကိုလတ်ရာ'

'ဒါပေါ့ ငြိမ်းချမ်းကြီးရာ၊ တို့ဘုရားတောင် ပရိနိဗ္ဗာန်ပြုရသေးတာ၊ တို့လူတွေက ဘာသားနဲ့ထုထားတာမို့လို့လဲကွာ၊ သေခြင်းဆိုတာ လောကရဲ့သစ္စာတရားပဲလေ'

သူ့ရင်မှာ မကောင်း။

ကိုလတ်ကတော့ 'ကိုယ့်လူကို ကြုံကြိုက်လို့ပြောပြတာတွေ၊ အတွေးတွေ ဆန့်ပြီး မစဉ်းစားပါနဲ့' ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဝိုင်းကို စိုစိုပြည်ပြည်ပြန်ဖြစ်စေသည်။

အပြန်ကျတော့ သူ့ကို အိမ်အထိ ကိုလတ်က လိုက်ပို့ပေးသည်။ မမေ့နိုင်ဖွယ်အကြောင်းတစ်ရပ်ကတော့ စားသောက်ပြီးအပြန်မှာ ကိုလတ်က အမေ့အတွက် ကြက်ကင်တစ်ကောင်နှင့် ခေါက်ဆွဲတစ်ပွဲ ဝယ်ပေးလိုက်ခြင်းပင်။

သူ့ကို ထားရစ်ပြီး ကေရီနှင့်အတူ ကားလေးမောင်းထွက်သွားတော့ ကားနောက်ဘက် အနီရောင်မီးတန်းလေးကို သူ ငေးစိုက်ကြည့်ကျန်ခဲ့၏။

သူ့ကိုယ်သူ တအံ့တသြဖြစ်ရသည်ကတော့ သူချစ်သည့် ကေရီနှင့် ကားအတူယှဉ်တွဲစီးသွားသည့် ကိုလတ်အပေါ် မနာလိုဝန်တိုမှု မဖြစ်မိခြင်းပင်။

◆



(၁၁)

'အဲဒါပဲ သမီး၊ ဖေဖေ့ အနေနဲ့အများကြီး စဉ်းစားခဲ့ပြီ၊ ရေရှည်မှာ ဖေဖေ့အတွက် အဖော်လိုတာအမှန်ပဲ၊ ဒါကို မီး သဘောပေါက်ပါ၊ သက်ထားဟာ သမီးကို နားလည် ယ်၊ သူနဲ့ သမီး သင့်မြတ်လိမ့်မယ်လို့ ဖေဖေ မျှော်လင့် ယ်၊ ဖေဖေ အခုလို သူနဲ့လက်ထပ်လိုက်တာဟာ ဖေဖေ ယောက်တည်းအတွက် မဟုတ်ဘူး၊ သမီး အတွက်လည်း င်းစေချင်တဲ့ ဆန္ဒတွေပ၊တယ်ဆိုတာ ယုံကြည်ပါ'

ကေရီ ဖေဖေ့ မျက်နှာကို ခပ်မှုန်မှုန်ကြည့်လိုက် ည်။ သည့်စကား သည်အကြောင်းရာတွေက ကြိုးမေ တင်ပြောထားခဲ့တဲ့စကားတွေ။ ဒါကြောင့် သည့်စကားတွေ ါမှာ ကေရီ တုန့်လှုပ်ချောက်ချားခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်သက်ထားဆွေ အိမ်ပေါ်ရောက်တဲ့အခါ ဘယ်လို ဖြစ်လာမလဲတော့ မသိဘူး၊ ခုလောလောဆယ်တော့ ကြီးမေ အိမ်မှာမရှိတော့ဘူး'

ဖေဖေက ပျာပျာသလဲနှင့်…

'ဒါ သက်ထားနဲ့ ဘယ်လိုမှမပတ်သက်ဘူး သမီး သမီးရဲ့ ကြီးမေ အိမ်မှာမရှိတာက သူ့သဘောနဲ့သူ တရား ရိပ်သာဝင်သွားတာ၊ ဒါလည်း မမဘက်က မှန်တယ် သမီး သူ တရားရိပ်သာဝင်ဖို့ ဖေဖေ့ကို ခွင့်တောင်းခဲ့တာကြာပြီ ခု သက်ထား ရောက်လာမယ်ဆိုတော့ သူ စိတ်ချလက်ချ တရားအားထုတ်သွားတာပါ'

'ဪ… ကြီးမေက ကိုယ်လွတ်ရုန်းသွားတာကိုး ဒါကြောင့် ဖေဖေ အိမ်ထောင်ပြုမှာကို သူ သိပ်သဘောတူနေ တာကိုး၊ ရပါတယ် သံယောဇဉ်ဆိုတာ ဖြတ်တတ်ရင် ပြတ်ပါ တယ်၊ သမီးလည်း သူ့လို ဖြတ်တတ်ပါတယ်'

'ကိုယ့်ကို ငယ်ငယ်ကတည်းက ထိန်းကျောင်းလာ ကြီးကြီးကို သည်လိုမပြောသင့်ဘူး သမီး'

ကေရီ ပြုံးသည့်အပြုံးမှာ နာကျင်မှုတွေပါသည်ကို တော့ ကိုယ့်ဘာသာကိုယ် သိသည်။

'ကြီးမေ တရားရိပ်သာဝင်သွားသာ သာယာနေ





သမီးတို့ ဘဝထဲကို သူစိမ်းတစ်ယောက် ဝင်လာနိုင်စရာ အကြောင်းဖြစ်သွားတယ် ဖေဖေ၊ အင်းလေ… ဒါတွေပြောနေ လို့အပိုပါပဲ၊ ဖေဖေ ဆုံးဖြတ်ပြီးသားကိစ္စမှာ သမီး စကားတွေ ဘာမှအရာဝင်တော့မှာ မဟုတ်ပါဘူး၊ တစ်ခုတော့ ဖေဖေ သိအောင် ပြောမယ်၊ ဒေါ်သက်ထားဆွေကို အမေလို့တော့ သာမခေါ်နိုင်းနဲ့၊ သမီး ဘဝမှာအမေဟာ တစ်ယောက်တည်း ရှိတယ်၊ ဘယ်သူ့ကိုမှ အမေနေရာမှာ မထားနိုင်ဘူး'

'ကေရီ နင် ငါ့ကို ခွေးစကားလာပြောနေတာလား'

'ဘာလဲ ဖေဖေ၊ ခုကတည်းက သမီးကို စကားနဲ့ တင်နှိပ်စက်နေပြီလား'

မိမိ၏ နာကြည်းမှုပါသော စကားသံကို ဖေဖေသည် သတိထားမိဖို့ထက် သူ၏ ဒေါသနှင့်အတွမ်းများကိုသာ ရှေ့တန်း တင်လာ၏။

'ဒီမှာ ကေရီ… သေသေချာချာ နားထောင်စမ်း၊ သက်ထားနဲ့ ငါ ရုံးတက်လက်မှတ်ထိုးပြီးပြီဆိုတာ နင် သိထား ပြီနော်၊ ဒီည အိမ်မှာမင်္ဂလာညစ်ခံပွဲကို အကျဉ်းချုံးလုပ် မယ်၊ ကြီးကြီးကျယ်ကျယ်မဟုတ်ဘူး၊ အသိအကျွမ်း မိတ်ဆွေ တွေကို ကျွေးမွေးတဲ့ပွဲပဲ၊ ဒီကိစ္စကို နင် သဘောမတူရင်လည်း ငြိမ်ငြိမ်ပဲနေ၊ ဘာမှဝင်မရှုပ်နဲ့၊ ပြဿနာမရှာနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကောရီ၏ နှုတ်ခမ်းထောင့်စွန်း တွန့်တက်သွား၏ မဲ့ပြုံးဟုအဓိပ္ပာယ် ခေါ်လျှင်လည်း ရသည်။ နင် ငါစကားလုံးတွေ ဖောဖောသီသီသုံးတတ်လာသည့် ဖေဖေ့ကိုလည်း မှန်းချင်လာ၏။

'စိတ်ချပါ ဖေဖေ၊ သမီး အနှောင့်အယှက်မပေးပါဘူး၊ အနှောင့်အယှက်မပေးသလို အကူအညီလည်း မပေးဘူး၊ လူကြားထဲမှာ သမီးကို ပွဲထုတ်ဖို့လည်း မစဉ်းစားနဲ့ ဖေဖေ သိက္ခာကျအောင် သမီး နေပေးမယ်ဆိုတဲ့ ကတိကို ပေးတယ်'

ပြောပြီး ကောရီ အပေါ်ထပ်သို့တက်ခဲ့သည်။ အိပ်ခန်းထဲရောက်သည်နှင့် အခန်းတံခါးကို ခပ်ကြမ်းကြမ်းပိတ်လိုက်၏။ ခုတင်ပေါ်မှ ခေါင်းအုံး၊ စောင်တွေကို ဆွဲယူပြီး အခန်းထောင့်သို့ ပစ်ပေါက်သည်။

သည့်နောက် ဆုပ်တားဖြစ်သည့် လက်သီးဆုပ်။

သည်လက်သီးဆုပ်နှစ်ဖက်၏ တစ်ဖက်စီမှာ ဖေဖေနှင့် ခေါ်သက်ထားဆွေသာ ရောက်ရှိနေလျှင် စိစိညက်ညက်ကို ကျေလောက်ပါပြီ။

◆



(၁၂)

လူကငြိမ်သက်နေသော်လည်း စိတ်ကငြိမ်သက်ခြင်းမရှိ။ မကျေနပ်မှုများက စိတ်တစ်ခုလုံးကို လွှမ်းခြုံထားသည်။

ငြိမ်သက်ခွာထိုင်နေရင်းမှ နားဆီသို့တိုးဝင်လာသည့် ...ယ်မောသံတွေ။ ပြီးတော့ ရွှန်းသံ၊ ပန်းကန်သံ၊ ပုလင်းသံ၊ ...ခွက်သံ။ သည်အသံတွေအားလုံးကို ကောရီ မုန်းတီးနေမိ၏။

ရင်ထဲက နာကျင်မှုကလည်း ပိုသည်းလာသည်။

ဆောက်တည်ရာမဲ့ဆိုသည့်စကားကို ပိုမိုနားလည်သိရှိ...သလို ခံစားရ၏။

ကောရီ နာရီကိုလှမ်းကြည့်သည်။

ညရှစ်နာရီတိတိ။

သည်အချိန် ဂိတ်မှာ ငြိမ်းချမ်း ရှိနိုင်ပါ့မလားဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် အတူခြံထဲသို့ နောက်ဖေးပေါက်မှ ကေရီ ဆင်း
သည်။ ပြီးတော့ ခြံအပြင်ဘက်သို့ တည်ငြိမ်စွာပင်ထွက်ခဲ့၏

လမ်းထိပ် ဆိုက်ကားဂိတ်သို့ ရောက်သောအခါ
ငြိမ်းချမ်း ဆိုက်ကားမသိမ်းသေးဘဲရှိနေသည်ကို တွေ့ရသည်
သူမကိုမြင်သည်နှင့် တအံ့တသြဖြင့် ငြိမ်းချမ်း အနားသို့
ရောက်လာ၏။

'ညဥ့်အတော်နက်နေပြီ ကေရီ'

'ရှစ်နာရီပဲ ရှိသေးတာ'

'ဆိုက်ကားလျှောက်စီးမလို့လား'

'ဟုတ်တယ် ငြိမ်းချမ်း၊ ငါ့အိမ်မှာ ညစ်နေတဲ့အသံ
တွေကို မခံနိုင်တော့ဘူး'

'မိန်းကလေးတစ်ယောက်အနေနဲ့ သည်အချိန် ဆိုက်
ကားလျှောက်စီးဖို့ မသင့်တော့ဘူး ကေရီ'

'ဒီမယ် ငြိမ်းချမ်း'

'သည်လိုလုပ်မယ်လေ'

ကေရီက ငြိမ်းချမ်း မျက်နှာကို ရှုတည်တည်ကြည့်
၏။

'ဘာကို သည်လိုလုပ်မှာလဲ'

'ဂိတ်မှာ ခင်မောင်လူ ရှိသေးတယ်၊ သူ့ကို ဆိုက်ကား





ခိုင်းခဲ့မယ်၊ ကေရီနဲ့ ကိုယ်နဲ့ ဟိုနားသည်နားကို စကားပြောရင်း
လမ်းလျှောက်တာပေါ့'

'ကောင်းသားပဲ'

ငြိမ်းချမ်းက သူ့ သူငယ်ချင်းကို အကျိုးအကြောင်း
ပြောပြီး ပြန်လာသည်။ ကေရီနှင့် ငြိမ်းချမ်း တိတ်ဆိတ်
ငြိမ်သက်စွာပင် သံလွင်လမ်းအတိုင်း လျှောက်ခဲ့သည်။

လမ်းလျှောက်ရင်း ကေရီက မိုးကောင်းကင်ကို
မော့ကြည့်သည်။ ဝင်းပပလရောင်က အဆီးအတားမဲ့ဖြာကျ
၏။ ညလေအေးတိုက်ခတ်တွင် တဖျပ်ဖျပ်လှုပ်ခတ်နေ
သော သစ်ရွက်တို့၏အသံကို ခပ်တိုးတိုးကြားရသည်။

နွေနှောင်းလေက စိမ့်စိမ့်ကလေး အေးနေ၏။
လရောင်လိမ်းကျံသော နွေညက တိမ်းမူးစဖွယ် လှနေသည်။

ကေရီ့ ရင်ထဲမှာတော့ ပူနေ၏။

သည်အပူက ဟုန်းခနဲထတောက်မည့် အပူမဟုတ်ဘဲ
ရင်ကို တမြည့်မြည့်လောင်ကျွမ်းစေသည့် အပူ။ ဒေါ်သက်
ထွေးသည် အပူများအားလုံးကို မိမိတို့၏ မိသားစုကမ္ဘာ
ထဲသို့ သယ်ဆောင်လာသူဟု ကေရီ ယူဆသည်။

'တို့ သိပ်စိတ်ညစ်တယ် ငြိမ်းချမ်းရယ်'

ငြိမ်းချမ်းက သူမ မျက်နှာကို စောင်းငဲ့ကြည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'တားဆီးလို့မရတဲ့ ကိစ္စတစ်ခုအတွက် ကိုယ့်ကိုယ်ကို မညှဉ်းဆဲစမ်းပါနဲ့ ဇကရီရယ်၊ အပြောင်းအလဲတစ်ခုကို ဇကေ ရုတ်တရက် လက်မခံနိုင်တာပါ၊ နောင် အသားကျသွားတော့ လည်း သူ့ဘာသာသူ အဆင်ပြေသွားမှာပါ'

'ယူ ထင်သလား ငြိမ်းချမ်း'

ငြိမ်းချမ်း ပင့်သက်ချသည်ကိုတော့ ဇကရီ သိ အကြောင်းအရာသည် ငြိမ်းချမ်း ပြောသလိုတော့ လွယ်ကူ မည်မဟုတ်။

'စိတ်ကိုလျှော့လိုက်ပါ ဇကရီ၊ အဆိုးကိုပဲ တွေး ရင်တော့ ဇကရီ စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ ဇကရီ့ ဖေဖေ အတွေးအခေါ်မရှိတဲ့လူ မဟုတ်ပါဘူး၊ ဘာပဲလုပ်လုပ် ဇက အတွက် ဦးစားပေးတတ်တယ်လို့ ဇကရီ ကိုယ့်ကိုပြောဖူး တယ်၊ အခုလည်း သူ့အတွက် တကယ်လိုအပ်လို့ အိမ်ထော သစ်ထူတာ နေမှာပါ'

သည်စကားကိုတော့ ဇကရီ နားခါးသည်။

'လိုအပ်လို့ ဟုတ်လား၊ ယူတို့ ယောကျ်ားတွေ ဒီလိုပဲ ပြောမှာပေါ့၊ ဒါလောက်နှစ်တွေအကြာကြီး မလိုအပ် လို့ဘဲနဲ့ အခုမှပဲ လိုအပ်သတဲ့လား၊ အော်ရယ်လိုက်ရင် ကျ ကြီးကွဲထွက်သွားမယ်၊ သိလား'





'မဟုတ်သေးဘူး ဇကရီ'

ဇကရီက လှမ်းနေသည့်ခြေလှမ်းကို ရုတ်တရက်ရပ်လိုက်၏။ အကြည့်စိမ်းတွေ ငြိမ်းချမ်း မျက်နှာဆီရောက်သွားသည်။

'ဘာမဟုတ်သေးတာလဲ၊ ယူတို့ ယောက်ျားတွေမှာ [illegible] ဘာ အချိန်ထိုဘဲ [illegible] နဲ့ ငါ [illegible] ပြောရရင် အဆိုတစ်ထပ်အသားတင်[illegible] ဖြစ်သွားပေါ့မယ်၊ တစ်သက် လုံး ဂုဏ်ဖြူသိက္ခာနဲ့နေခဲ့သူမျှ ဖေဖေရဲ့ တည်ငြိမ်တဲ့ စိတ်ဓာတ် ဆွေ ရေစုန်မျောကုန်ပြီ၊ အသိအတွေးသာသာမှုကို မလွှမ်းဆန် နိုင်တော့ဘူး၊ ဒေါ်သက်ထားဆွေရဲ့ ဝဲသြုယထဲမှာ စုံးစုံးနစ်မြုပ် သွားပြီ၊ ဟင်း… ဟင်း… ဒီအခြေအနေရောက်မှတော့ သမီး ကိုလည်း မငဲ့နိုင်တော့ဘူး၊ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်နိုင် တော့ဘူး'

သူမ၏ သဘောထားတင်းမာမှုအောက်ဝယ် ငြိမ်းချမ်း စကားသံတိတ်သွားသည်။

'အခုနေမှာတော့ ပြဿနာမရှိသေးဘူးပေါ့ ငြိမ်းချမ်း ရာ၊ တစ်နေ့ကျရင်တော့ သေချာပေါက်ပြဿနာ ပေါ်လာမှာပဲ၊ သူက အမေ နေရာမှာနေရတယ်ဆိုပြီး စိုးမိုးမှုတွေပြလာမယ်၊ ကိုကလည်း အမေနေရာမှာ တခြားတစ်ယောက်ကို ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



အစားမထိုးနိုင်ဘူး'

နံဘေးမှ ကားတစ်စီးဖြတ်မောင်းသွားသည်။ သည်အချိန်ဆိုလျှင် အိမ်မှာ မင်္ဂလာသောက်ပွဲနှင့် စားပွဲ ကျင်းပလို့ ပြီးဆုံးဦးမည် မဟုတ်ချေ။

'ဘယ်ကိစ္စမျိုးမှာမဆို စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ ကေရီရယ်၊ ပြဿနာတစ်ခုခုဖြစ်လာရင် ကိုလတ်နဲ့ တိုင်ပင်ပါ၊ အဓိကအကျဆုံးဆိုရင်တော့ ကိုယ်နဲ့တိုင်ပင်ပါ၊ ကေရီ့စိတ်ကိုသိလို့ ဒီစကားမျိုးပြောရတာပါ၊ စိတ်ထင်ရာမလုပ်ဘူးဆိုတဲ့ ကတိကိုတော့ ကိုယ့်ကိုပေးပါ'

ကေရီက ပင့်သက်ရှည်ကြီး မှုတ်ထုတ်ပြီး...

'အေးပါဟာ... တို့ဘဝမှာ တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုလို့ ကိုလတ်နဲ့ ငြိမ်းချမ်းပဲ ရှိပါတယ်၊ ဘဝနဲ့ပတ်သက်တဲ့ ဘယ်အရေးပဲဖြစ်ဖြစ် တို့ရဲ့ လက်တစ်ကမ်းမှာရှိနေတဲ့ ငြိမ်းချမ်းကို တိုင်ပင်ပါ့မယ်'

'ဝမ်းသာလိုက်တာ ကေရီရယ်၊ ကိုယ်တို့ မောင်နှမတွေပဲ၊ ကေရီနဲ့ပတ်သက်လို့ တို့မှာ မဖြစ်နိုင်တာကို မရှိစေရဘူး'

'တကယ်နော်'

'တကယ်ပါ'





'ဒါဆို တို့ သိပ်ပျော်သွားပြီ'

'ပျော်ရင် ပြန်ကြရအောင်နော်၊ ညဥ့်နက်နေပြီ'

ကေရီက ခေါင်းညိတ်ရင်း အခွင့်အရေးမယူတတ်သည့် ယောကျ်ားတစ်ယောက်၏ မျက်နှာကို ယုံကြည်စွာ ကြည့်နေမိပါ၏။

အပြန်မှာ စိတ်တစ်ခုလုံး ပေါ့ပါးနေသည်ကိုတော့ ကေရီ ကိုယ့်ကိုယ်ကို သတိပြုလိုက်မိပါသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း - နှစ်

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

မကျေလည်ခဲ့မှုများသည် သည်နေ့မှ ပေါက်ကွဲသည် ထင်၏။ သည်ပေါက်ကွဲမှုသည် မိခင်စိတ်နှင့် ပေါက်ကွဲမှု မဟုတ်ပဲ၊ နိုင်လိုမင်းထက်နှင့် အပြစ်ရှာပေါက်ကွဲမှုဟု ကေရီ ယူဆသည်။

'အဲဒီအကောင်က ဘယ်သူလဲ'

အမေးစကားမှာ ယဉ်ကျေးမှုလုံးဝမပါ။

စိတ်မှာထောင်းခနဲ ဖြစ်သွားပြီး ရင်ဘတ်ပေါ်ကျနေသောဆံပင်ကို နောက်သို့ ဆက်ခနဲ ခါထုတ်လိုက်သည်။ ကေရီ၏ စူးရဲသောအကြည့်များကလည်း ဒေါ်သက်ထားအေး မျက်နှာပေါ် ပြေးရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်ဖို့ မေးတာလဲ'

'သိချင်လို့'

'ဒေါ်သက်ထားဆွေနဲ့ မဆိုင်ဘူးထင်တယ်'

'ဘာကို မဆိုင်ရမှာလဲ'

'ဒါ ကျွန်မ ကိစ္စပါ'

'ဘာ… ကျွန်မ ကိစ္စ ဟုတ်လား၊ ငါနဲ့ ဘာမှမဆိုင်ဘူးလို့ ပြောချင်တာလား'

'ဟုတ်တယ်'

ဒေါ်သက်ထားဆွေက မျက်မှောင်ကြုတ်ပြီး လက်နှစ်ဖက်ကို ခါးပေါ်တင်းတင်းထောက်လိုက်၏။

'ဒီမှာ ကေရီ'

'ပြောလေ အနားမှာရပ်နေတာပဲ'

'မင်းက ငါ့ကို လူရာမသွင်းဘူးဆိုတဲ့ သဘောနဲ့ အခုလို ပြောဆိုဆက်ဆံနေတာလား၊ မင်းနဲ့ ပတ်သက်ရင် ငါ့မှာ တာဝန်ရှိတယ်၊ အဲဒါကြောင့် မေးနေတာ'

ကေရီ၏ မယိမ်းမယိုင်ပုံဟန်သည် ဒေါ်သက်ထားဆွေအတွက် အခံရခက်မခက်ကို ကေရီ စဉ်းစားနေစရာမလိုပါ။ ကေရီက လက်ထဲမှ အထုပ်အပိုးများကို စားပွဲပေါ်သို့ ပစ်ချလိုက်၏။

'တာဝန် ဟုတ်လား၊ ဘာတာဝန်လဲ'





'ငါက မင်းအမေနေရာမှာ ရှိနေတယ်ဆိုတာ သိထားစမ်းပါ ကေရီ၊ မကောင်းတာမြင်ရင် တားရမှာပဲ၊ မဟုတ်တာလုပ်နေရင် ပြောရမှာပဲ'

ဆိုဖာပေါ်ခြေပစ်လက်ပစ် ထိုင်ချရင်း မျက်နှာကို ခဲလိုက်သည်။

'ပြောစမ်းပါ၊ ကျွန်မက ဘာမဟုတ်တာလုပ်နေလို့လဲ'

'ကိုယ့်ဘာသာကိုယ် မသိဘူးလား'

'မသိဘူးလေ၊ မဟုတ်တာ ဘာမှမလုပ်ဘော့ ဘယ်သိမလဲ'

ဒေါ်သက်ထားဆွေ ရှေ့သို့တိုးလာသည်။ ကြည့်သည့် မျက်လုံးမှာ အပူရောင်တွေကြွနေ၏။

'ဆိုက်ကားနင်းတဲ့ကောင်နဲ့ တွဲလို တွဲ၊ ကားမောင်းတဲ့ကောင်နဲ့ တွဲလို တွဲ'

'ဒေါ်သက်ထားဆွေ'

ဒေါသတကြီးအော်ပြီး ကေရီ ထိုင်ရာမှ ထလိုက်သည်။

'ရှင် မတရားမပြောနဲ့၊ ငြိမ်းချမ်းက ကျွန်မ သူငယ်ချင်း၊ ဆိုက်ကားနင်းပေမယ့် စိတ်ဓာတ်က အောက်တန်းကျတဲ့ စိတ်ဓာတ် မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'သြော်… သြော်၊ ဆိုက်ကားသမားက သူငယ်ချင်းဆိုတော့ ကားသမားက…'

'ရှင့်ပါးစပ် ဝိတ်လိုက်စမ်း'

ဒေါ်သက်ထားဆွေ စကားတန့်သွား၏။

'ကားသမား မဟုတ်ဘူး၊ ကျွန်မ ချစ်သူ၊ ကျွန်မလက်ထပ်မဲ့သူ၊ နာမည်နဲ့ အလုပ်အကိုင်ရော သိချင်လားမှတ်ထား… တစ်ခါတည်း ပြောပြလိုက်မယ်၊ နာမည်က ဦးကိုကိုလတ်၊ အလုပ်အကိုင်က နိုင်ငံခြားသင်္ဘောမှာ ဒုတိယအရာရှိ'

'သြော်… လူ့တန်ဖိုးကြီးပါလား'

'မှန်တာပေါ့ ဒေါ်သက်ထားဆွေရယ်၊ ကျွန်မလည်း ဒေါ်သက်ထားဆွေလို လူ့တန်ဖိုးကို ရှာတတ်ပါတယ်၊ ဘာအတွက် သေစရိတ်ပါ ငြိမ်းအောင်လေ'

ဒေါ်သက်ထားဆွေမျက်နှာ ကွက်ခနဲပျက်သွားသည်။

'နင် သိအောင်တော့ ပြောထားရမယ်'

'ဘာစကားများပါလိမ့်'

'ငါ မသိဘဲနဲ့ ညည်း ဘာမှလုပ်ခွင့်မရှိဘူး'

'အော်ရယ်လိုက်ရင် ကမ္ဘာကြီးကွဲထွက် သွားတော့မယ်၊ ဒီမယ် ဒေါ်သက်ထားဆွေ၊ ကျွန်မ ကလေးအရွယ်





ဟုတ်ဘူး၊ ကိုယ်လုပ်တဲ့အလုပ်ဟာ မှားသလား မှန်သလားဆိုတာ ကိုယ့်ဘာသာကိုယ်သိတယ်၊ ကျွန်မကို ချုပ်ချယ်စရာလိုဘူး၊ သွန်သင်စရာလည်း မလိုဘူး၊ တစ်သက်လုံး ဒီလိုပဲလာခဲ့တာ၊ ဖေဖေတောင် မပြောတဲ့စကားကို ရှင်ပြောဖို့လိုဘူး'

'သူက အဖေလေ ဘာပြောမလဲ၊ ငါက အမေဟဲ့'

'အမေ ဟုတ်လား၊ ဒေါ်သက်ထားဆွေက ဟာသည်း ပြောတတ်သားပဲ၊ သည်စကားတွေက ရုပ်ရှင်ဗီဒီယိုထဲမှာ တက္ကသိုလ်ဝှမ်းပုံတို့၊ ဝှမ်းပုံကြီးတို့ ပြောတဲ့စကားတွေပဲ၊ ဒီမယ် မှတ်ထား၊ ရှင့် တစ်သက်လုံး ကျွန်မ အမေဖြစ်မလာစေရဘူး၊ ဘယ်တော့မှလည်း အမေ မတော်နိုင်ဘူး'

'နင်… နင်…'

ဒေါ်သက်ထားဆွေ ဒေါသနှင့် ခြေတုန်လက်တုန်ဖြစ်နေဆဲမှာ ကေရီက စားပွဲပေါ်မှ အထုပ်အပိုးများကို သိမ်းသည်။ ခပ်မဲ့မဲ့မျက်နှာထားဖြင့်လည်း ဒေါ်သက်ထားဆွေကိုကြည့်လိုက်၏။

'ဖေဖေနဲ့ ညားရင် ဖေဖေ့မယားပဲ ဖြစ်မယ်၊ ကျွန်မအမေတော့ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး၊ ကေရီဆိုတဲ့မိန်းမကို အရှိန်အဝါနဲ့ မခြောက်နဲ့၊ ငွေနဲ့လည်း မခြောက်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မကြောက်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ဖို့ ဒီအချိန်ထိအောင် ဒီလိုနေလာတာ၊ ခု ကျွန်မချစ်သူက အိမ်ထောင် လိုက်ပို့တယ်၊ အဲဒါ ဘာဖြစ်သလဲ၊ ဒီမယ် ဒေါ်သက်ထားဆွေ တစ်အိမ်တည်းနေပြီး ခဏခဏ ပြဿနာမဖြစ်ချင်ဘူး၊ ကိုယ့် စည်းကမ်းနဲ့ကိုယ်နေ၊ စကားတစ်ခွန်းကိုတော့ ပြောလိုက်မယ် ရှင် အသည်းစွဲအောင်မှတ်ထား၊ ဘာလဲဆိုတော့ ရှင့်ကို ကျွန်မ မကြောက်ဘူး'

ဒေါ်သက်ထားဆွေ တုံ့ပြန်လာမည့်စကားကို စောင့်တော့ဘဲ ကေရီ အပေါ်ထပ်သို့တက်ခဲ့သည်။

သည့်မိန်းမကြီးကို အားနာပြီး အလျှော့ပေးလို့ကတော့ တစ်ကိုယ်လုံး ဝါးမျိုသွားလိမ့်မည်။

ကေရီတို့က အမျိုးမခံနိုင်။ လောကကို မာနမျက်နှာနှင့်ကြည့်ပြီး ရင်ဆိုင်ရဲသော မိမိရှေ့မှာ ဒေါ်သက်ထားဆွေ သည် သေးသေးလေးမျှ ဟကယ့်ကို သေးသေးလေး။

◆



## (၁၄)

'ငြိမ်းချမ်းကြီး… ဟော့… ငြိမ်းချမ်းကြီး'

'ဟာ… ကိုလတ်'

ညနေစောင်းစောင်းလေးမှာ ကိုလတ်ကို ရယ်ကျဲကျဲ ချက်နှာနှင့်တွေ့ရသည်။ သူ ကိုလတ်ထံ သွားမည်ပြုတော့ ကိုလတ်က လက်ကာပြပြီး သူ့ဆီ လျှောက်လာ၏။

ဂိတ်မှာ ကိုယ့်လူတစ်ယောက်တည်းပါလား'

'ဟုတ်တယ် ကိုလတ်၊ ခင်မောင်လူက ခရီးသည်ရ သွားလို့ လိုက်သွားတယ်၊ ကိုလတ် ကေရီ့ဆီ လာတာလား'

'ကေရီ့ဆီ လာပေမယ့် သူတို့ခြံတော့ မဝင်ရဲပါဘူး ငြိမ်းချမ်းရာ၊ ကေရီ့ မိထွေးက တော်တော်အပေါက်ဆိုးတဲ့ တေမကြီး'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဂိတ်၏ဝါးကွပ်ပျစ်ပေါ်မှာ သူနှင့်အတူ ဝင်ထိုင်သည်။

'ဧကရီနဲ့ ချိန်းထားလား ကိုလတ်'

'ချိန်းမလို့ဟာ၊ ဖုန်းကို ဘယ်လိုမှ ခေါ်လို့မရဘူး'

'လိုင်းမအားလို့ ထင်တယ်'

'လိုင်းမအားတာ မဟုတ်ဘူး၊ ဒေါ်သက်ထားဆွေဆိုတဲ့ အမျိုးသမီးကြီးက ခေါ်ကိုမပေးတာ၊ ကိုယ့်ကိုလည်း ဘယ်က ကလေကချေ ဖုန်းဆက်နေတာလဲဆိုပြီး ဖုန်းကို ချပစ်တယ်'

သည်အပေါက်ဆိုးသည့် မိန်းမကြီးအကြောင်းကိုတော့ ဧကရီ ပြောပြထား၍ သူသိသည်။

'ကိုလတ် ဧကရီကို တွေ့ချင်လို့လား၊ ကျွန်တော် ခေါ်ပေးမယ်လေ'

'ကိုယ့်လူ သွားခေါ်ရင် ဒေါ်သက်ထားဆွေကြီးနဲ့ နောင်ကျိန်ပလေးနေရမှာပေါ့ ကိုယ့်လူရာ'

'ကျွန်တော် ခြံထဲတော့ ဘယ်ဝင်ရဲမလဲ ကိုလတ်ရ၊ လမ်းပေါ်ကနေ ဘဲလ်တီးလိုက်ရင် ဧကရီ ဂိတ်ကိုထွက်လာမှာပါ၊ ကျွန်တော့်ဆိုက်ကားဘဲလ်အသံကို ဧကရီ သိတယ်'

'ဒါဆိုလည်း လုပ်စမ်းပါ ငြိမ်းချမ်းကြီးရာ၊ အရေး





တကြီးကိစ္စတော့ မရှိပါဘူး၊ သည်ညနေ အေးအေးကလေးမှာ ကိုယ်တို့သုံးယောက် ဆိုက်ကားလျှောက်စီးရင် ပျော်စရာ ကောင်းမလားလို့'

'ပျော်စရာကောင်းတာပေါ့ ကိုလတ်ရ၊ လမ်းမတန်း ထိပ်ရောက်လို့ ဘူးသီးကြော်ဆိုင်ကလေးမှာ ရေနွေးကြမ်းနဲ့ အားရင်းသောက်ရင်း စကားပြောရင် ပိုတောင်ပျော်စရာကောင်းဦးမှာ'

ကိုလတ်က ရယ်ရယ်ပြုံးပြုံးနှင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။ နောက် ကိုလတ်ကို ဂိတ်မှာထားခဲ့ပြီး သူ ဧကရီတို့ ညခြံဘက်သို့ ဆိုက်ကားနင်းခဲ့သည်။

ခြံရှေ့မှာ ဘဲလ်ကို ခပ်နာနာကလေးတီးပြီး ဂိတ်ကို သူ ပြန်လှည့်ခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်း သူ ပြန် ရောက်ပြီး မကြာမီမှာပင် ဧကရီ ရောက်လာ၏။

'ဖုန်းဆက်တာ ဧကရီရာ၊ ဧကရီ့ မိထွေးတော်က လုံးဝလုံးဝကို ခေါ်မပေးဘူး'

'သည်မိန်းမကြီး စိတ်ပုပ်တာ ကိုလတ် သိရဲ့သားနဲ့၊ ဧကရီ့ဖုန်းကို ဧကရီနဲ့တန်းတိုးမှ၊ နို့မို့ရင် ဘယ်တော့မှ ခေါ် မပေးဘူး'

သည့်နောက်တဲ့ ကိုလတ်အစီအစဉ်နှင့်ဆိုက်ကားလျှောက် နင်းသည်။ ဧကရီက ဆိုက်ကားနောက်ခုံမှာ ထိုင်လိုက်ရင်းမှ…



www.burmeseclassic.com

www.burmeseclassic.com



'ကေရိက အရေးများကြီးသလားလို့'

'ညနေဘက် သတိလည်းရနေတယ်လေ၊ မြို့မချမ်းကြီးရဲ့ ဆိုက်ကားကို လျှောက်စီးချင်တဲ့ ဆန္ဒလည်းရှိတယ်'

ဆိုက်ကားအတူစီးရင်း ရယ်စရာမောစရာ စကားများကို ပြောကြသည်။ ကိုလတ်၏ အရယ်လိုအတည်လိုမေးသည့် စကားမှာတော့ သူ ပြုံးရသည်။

'မြို့မချမ်းကြီးမှာ ရည်းစားရှိမှာပါ'

'ကိုလတ်က ဘာကိုလေ့လာပြီး မေးတာလဲ'

'ပညာတတ်တစ်ယောက်ကွာ၊ အမျိုးသမီးတွေ စိတ်ဝင်စားနိုင်လောက်တဲ့ ရုပ်ရည်လည်း ကိုယ့်လူမှာရှိတယ်'

'ကိုလတ် ကျွန်တော့်ကို အထင်မကြီးနဲ့၊ ကျွန်တော့်မှာ ရည်းစားဆိုလို့ မူးလို့တောင်ရှုစရာမရှိဘူး'

'မဟုတ်သေးပါဘူး ကိုယ့်လူရာ'

'အဟုတ်ပါ… ကျွန်တော့်လို ဆိုက်ကားသမားတစ်ယောက်ကို ဘယ်မိန်းကလေးက ချစ်မှာလဲဗျာ'

သည်စကားပြောပြီးမှ သူ ကေရီ့ကို အားနာသွားသည်။ စောင်းချိတ်စော်ကားလိုသည့်စိတ်နှင့် သည်စကားပြောခြင်းမဟုတ်သည်ကိုတော့ ကိုယ့်ကိုယ်ကို သိပါ၏။

'ကိုယ့်လူပြောသလိုဆို ဆိုက်ကားမာစတာတွေ မိန်းမရကြတော့ဘူးပေါ့'





'သည်လိုပါ ကိုလတ်ရေး ကျွန်တော်ကသည်း ကိုယ်နဲ့ပညာရည်တူ မိန်းကလေးတစ်ယောက်ကို ရှာချင်တယ်၊ ဒါပေမဲ့ သူက ကျွန်တော့်လို ဆိုက်ကားနင်းစားတဲ့လူကို ဘယ်ချစ်နိုင်မလဲ၊ ဟုတ်တယ်မို့လား'

'အားမလျှော့ပါနဲ့ကွာ၊ အချစ်မှာ မျက်စိမရှိဘူးတဲ့၊ နောက်ပြီး မူးမာဆိုတာ ရှောင်လွှဲလို့မရဘူးတဲ့၊ ဟုတ်တယ် မဟုတ်လား ကေရီ'

ကိုလတ်က ကေရီ့ကို လှမ်းပြောပြီး စကားကိုအနိုင်အဟာပြုသည်။ ကေရီကလည်း…

'ဟုတ်တာပေါ့ ကိုလတ်ရဲ့ ဖူးစာဆိုတာ ဆုံလာပြီဆိုရင် ဘုရင့်သမီးနဲ့ သူဆင်းရဲသားကြတာ ရာဇဝင်မှာရော သမိုင်းမှာရော အဝီအကျရှိပါတယ်'

သူ စကားမခေါက်တော့။ ကိုလတ်၏ အရယ်အမော စကားများကို နားထောင်ရင်း ဘူးသီးကြော်ဆိုင်ကလေးရောက်တော့ သူ ဆိုက်ကားကို ရပ်လိုက်သည်။

အကြော်စားရင်း ချဖြစ်သည့် ပင့်သက်တွေ၏ အကြောင်းရင်းကို ကိုလတ် မသိစေချင်ပါ။ သို့သော်လည်း သူ့ပင့်သက်ကို ကေရီကတော့ နားလည်ပါလိမ့်မည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

နှစ်ခန်းတွဲသွပ်မိုးပျဉ်ကာ အိမ်ကလေးရှေ့မှာ ကား... ရပ်လိုက်သည်။ အိမ်ရှေ့တွင် လူရှိသည့်အရိပ်အရောင်... မမြင်ရ။ အိမ်နောက်ဖေးဘက်မှ မီးခိုးတလူလူထွက်နေသည်... တွေ့ရ၏။ နောက်ဖေးဘက်မှာ လူရှိလိမ့်မည်ဟု ကေ... ခန့်မှန်းသည်။

'ငြိမ်းချမ်း... ငြိမ်းချမ်း...'

ကေရီ အော်ခေါ်သံနှင့် ရှေ့မနှောင်းပင် ထူးသံ... ကြမ်းခင်းကိုနင်းလျှောက်လာသည့် ဖွခြသံကိုပါ ကြားသည်...

'အိမ်ရှေ့က ဘယ်သူ အော်ခေါ်နေတာလဲ၊ ဟင်... ကေရီပါလား၊ လာလေ ကေရီ၊ အိမ်ပေါ်တက်လေ'





ငြိမ်းချမ်း ပျာပျာသလဲဖြစ်သွားသည်ကို ပြုံးရင်း ခနော်နီခနော်နဲ့ အိမ်ကလေးပေါ်သို့ ကေရီ လှမ်းတက်လိုက်၏။

'ကေရီ ဘယ်ကိုလာတာလဲဟင်'

ငြိမ်းချမ်းက အနားစုတ်ဖွာနေသော သင်ဖြူးတစ်ချပ်ကို ဝါးကြမ်းခင်းပေါ် ဖြန့်ခင်းရင်း မေးသည်။

'ဒီရပ်ကွက်ထဲမှာ တို့ရဲ့ အသိအကျွမ်းဆိုလို့ ငြိမ်းချမ်းတစ်ယောက်ပဲရှိတယ်'

'ကိုယ့်ဆီ လာလည်တာပေါ့'

'လာလည်တာ မဟုတ်ဘူး၊ လာတွေ့တာ'

ငြိမ်းချမ်းက မျက်နှာကို အကဲခတ်သလို ကြည့်သည်။ မိမိ မျက်နှာထား အနည်းငယ်တင်းနေသည်ကို ကေရီ သိ၏။

'ကေရီ ဘာဖြစ်နေတာလဲဟင်၊ မျက်နှာကြီးက တင်းပြီး ကိုယ့်ကို စကားပြောတာ အချိုးမကျဘူး ဖြစ်နေတယ်'

'သိပ်သေချာတာပေါ့'

'ဘာကို မကျေမနပ်ဖြစ်နေလို့လဲ ကေရီ'

'သူ့ကို'

'ကိုယ့်ကို ဟုတ်လား၊ ကိုယ် ဘာလုပ်မိလို့လဲ ကေရီရယ်'

'လူဟာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် ဘာမှမသိပါဘူး ဧကရီ'

'တကယ်မသိဘူးလား'

'ကိုယ့်ကိုယ်ကိုတော့ ဘာမှမလုပ်မိဘူးလို့ ထင်တယ်'

ဧကရီက မျက်စောင်းတစ်ချက် ပစ်လွှတ်ပြီး…

'တစ်ပတ်လုံးလုံး ယူ ဘာတွေလျှောက်လုပ်နေလဲ အပြင်ထွက်တိုင်း ဂိတ်ရောက်ရင် ယူ့ကို ကြည့်တယ် မတွေ့ဘူး၊ ဂိတ်မှူးနဲ့တွေ့မှ ယူ ဆိုက်ကားမထွက်တာ တစ်ပတ်တောင်ရှိပြီဆိုတာ သိရတယ်'

ငြိမ်းချမ်း မျက်နှာတွေတွေငေးငေး ဖြစ်သွားသော သည်မျက်နှာ၏ အပြောင်းအလဲအပေါ်မှာ အကြောင်းအရာ တစ်ခုရှိနေပြီကို ဧကရီ သတိပြုမိလိုက်သည်။

'ကိုယ့်မှာ ဆိုက်ကားမရှိတော့ဘူး ဧကရီ'

'ဟင်…'

'စဘော်ထပ်မတင်နိုင်လို့ အုံနာက သိမ်းသွားပြီ'

'ဖြစ်ရလေ ငြိမ်းချမ်းရယ်၊ တို့တွေက သူငယ်ချင်းတွေလေ၊ ယူ့ အခက်အခဲတွေကို တို့ ဖြေရှင်းမပေးနိုင်ဘူးလို့ ယူ ထင်နေသလား'

'မဟုတ်ပါဘူး ဧကရီရယ်၊ ကိုယ့်အပူတွေကို ဘယ်သူ့ကိုမှ မကူးစက်စေချင်တဲ့ သဘောပါ'





'သူငယ်ချင်းကောင်းဆိုတာ တစ်ဖက်မှာ အခက်အခဲဖြစ်တာကို စဉ်းစားဖြေရှင်းပေးနိုင်မှ သူငယ်ချင်းကောင်းလို့ ခေါ်တာ ငြိမ်းချမ်း၊ တို့ ယူ့အတွက် သူငယ်ချင်းကောင်း ဖြစ်ချင်တယ်၊ ကိုလတ်လည်း ဒီသဘောပဲရှိတယ်'

'ကျေးဇူးတင်ပါတယ် ဧကရီ'

'ဒီလို သဘောပေါက်ထားရင် ယူ တို့ဆီလာဖို့ ကောင်းပါတယ်'

'ဒီရက်အတွင်းမှာ ကိုယ်အတော်ဗျာများသွားလို့ပါ၊ ဆိုက်ကားလည်း အသိမ်းခံရ၊ အမေ့ကိုလည်း ဆေးရုံတင်ရနဲ့၊ ကိုယ့်ကိုယ်ကိုယ် ဒုက္ခကောင်ကြီးပါလားလို့တောင် ထင်မိတယ်'

'ဟင်… ယူ့အမေ ဆေးရုံတင်ရတယ်၊ ဟုတ်လား'

ငြိမ်းချမ်းက ခေါင်းညိတ်ပြရင်း…

'နှလုံးကျဉ်းတဲ့ ရောဂါဘဲ၊ ဆေးရုံနဲ့အိမ် ကူးချည် သန်းချည်နဲ့မို့ ဧကရီနဲ့ ကိုလတ်ကို အကြောင်းမကြားနိုင်တာပါ'

'အခု အခြေအနေက ဘယ်လိုလဲ'

'ခွဲရလိမ့်မယ် ထင်တယ်'

ငြိမ်းချမ်းအသံ တိမ်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်မှုတစ်ခုအတွက် ကုန်ကျမည့်ဆေးဖိုးဝါးခ ငွေ ကြေးကို ငြိမ်းချမ်း ဘွက်မိဟန်တူသည်။

'စိတ်မကောင်းဖြစ်စရာပဲ ငြိမ်းချမ်းရယ်၊ ဒါတွေ တို့ တကယ်မသိခဲ့ပါဘူး၊ ဒီအတိုင်းဆို အခက်အခဲတွေ မှ မှာ အရမ်းရှိနေပါပြီ'

ငြိမ်းချမ်း အသံတိတ်နေ၏။

'ငြိမ်းချမ်း'

ကေရီ ခေါ်တော့ ခေါင်းကိုမော့လာသည်။

'လက်တွေ့ဘဝမှာ အခက်အခဲတစ်ခုကို ဖြေရှင်း တော့မယ်နော်၊ ငြိမ်းချမ်း တို့ကို နားလည်ပေးပါ၊ တို့ရဲ့ ခင်မင် ရင်းနှီးတဲ့ သံယောဇဉ်ကို စော်ကားဖို့လည်း မကြံပါနဲ့၊ တို့ ယောကျ်ားတစ်ယောက်ရဲ့ မာနကိုထိပါးတာ မဟုတ်ဘူး သူငယ်ချင်းအတွက် သူငယ်ချင်းကောင်းဖြစ်ချင်တယ်၊ ဒါကြောင့် တို့ကူညီချင်တာကို ငြိမ်းချမ်း လက်ခံရမယ်'

လက်ကိုင်အိတ်ကိုဖွင့်ပြီး တစ်ထောင်တန်ငွေစက္ကူ ချပ်များကို ရေတွက်သည်။

'လောလောဆယ် ငါးသောင်းကူညီထားမယ်၊ နောက် လိုမှာလည်း အမှန်ပဲ၊ အဲဒီအတွက်လည်း ငြိမ်းချမ်း ဘာမှ စိတ်အားမငယ်နဲ့'





ငွေစက္ကူများလှမ်းပေးတော့ ငြိမ်းချမ်း မျက်လုံးမှ က်ရည်တစ်ခုက ပေါက်ခနဲကျသည်။

'ငြိမ်းချမ်း တို့က ယောကျ်ားတစ်ယောက်ရဲ့ မျက်ရည် အရမ်းမုန်းတာနော်'

'ကိုယ့်မှာ ဝမ်းနည်းကြေကွဲခွင့်ရှိပါတယ် ကေရီ၊ က်ပြီး ကိုယ့်အပေါ်အရမ်းကောင်းတဲ့ ကေရီရဲ့ စေတနာကို ယ် မျက်ရည်တစ်စက်နဲ့ တုံ့ပြန်သင့်ပါတယ်'

'ငြိမ်းချမ်းရယ်၊ လက်တွေ့ကျကျလုပ်ရမယ့်အချိန်ကို က်နေပြီ၊ တို့စေတနာအတွက် ယူ့ရင်ထဲမှာ နားလည်နိုင် င်းလို့ မျက်ရည်ကျရင်လည်း နောက်မှကျ၊ လောလောဆယ် ာ့ ယူ့ဘဝအတွက် ယူ့အမေအတွက် သွက်သွက်လက်လက် ပ်ရှားရတော့မယ်'

'ကေရီ'

'ဘာလဲဟ'

'အခါခွင့်သင့်ရင် တုံ့ပြန်တာကို ခွင့်ပြုရမယ်နော်'

ကေရီ ဘာစကားမှ ဆက်မပြောတော့။

ပြန်ခါနီးမှာ 'ညနေ ဆေးရုံကို ကိုလတ်နဲ့ တို့ လာခဲ့ ယ်' ဆိုသည့် စကားကိုပြောခဲ့သည်။

ကားပေါ်တက်ခါနီးမှာလည်း…



www.burmeseclassic.com

www.burmeseclassic.com



'ငြိမ်းချမ်း . . . ယှူ့မျက်နှာ အရမ်းကျသွားတယ်၊ သိပ်လည်းစိတ်မညစ်နဲ့၊ ကိုယ့်ကိုယ်ကို ကျန်းမာအောင်ဂရုစိုက်ဦး၊ အအိပ်ပျက် အစားပျက်နဲ့ အိပ်ယာထဲလဲသွားရင် ယှူ့အမေကို ဘယ်သူပြုစုမှာလဲ'

'ကိုယ် ဘာမှမဖြစ်ပါဘူး ကေရီ'

'သတိထားနိုင်အောင် တို့ ပြောတာ၊ လူဆိုတာ အသွေးနဲ့ အသားနဲ့ တည်ဆောက်ထားတာ၊ သံထည်သံချေနဲ့ တည်ဆောက်ထားတာ မဟုတ်ဘူး'

ကားဘီးအလိမ့်မှာ သံယောဇဉ်ငွေ့တွေ ဝေနေသည့် ကေရီ့အကြည့်က သူ့ဆီ ရောက်သွားသေးသည်။

နားလည်နိုင်လိမ့်မည်ဟု ကေရီ ထင်ပါသည်။

❖



(၁၆)

ကိုလက်နှင့် ဆက်သွယ်မှုရသည်ကိုက ဝမ်းသာစရာ တစ်ခုဖြစ်နေ၏။ ဒါကလည်း ကေရီ အောက်ထပ်အခန်းနှင့် တိုက်ဆိုင်၍ ဖြစ်ပါသည်။

'ကေရီနဲ့တန်းပြီးတွေ့မှ တွေ့ပါ့မလားလို့ စိုးရိမ်နေတာ၊ ကေရီ့ အသံမဟုတ်ဘဲ ဒေါ်သက်ထားဆွေကြီးရဲ့အသံကြားရင်တော့ ကိုလက်ကလည်း ဖုန်းကိုပြန်ချလိုက်ပြီးသားပဲ'

ဖုန်းခွက်ကို နားမှာကပ်ထားရင်းက ကေရီ ပြုံးသည်။

'ကေရီ အောက်ထပ်ကိုအခန်းနဲ့ ဖုန်းမြည်သံက တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတယ် ကိုလက်၊ ဒါကြောင့် ကေရီ ဖုန်းကိုင်နိုင်တာ၊ သည်အတိုင်းဆိုရင်တော့ တစ်ရက် နှစ်ရက်အတွင်း လက်ကိုင်ဖုန်းဝယ်မှ ဖြစ်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ်ကတော့ ပျော်သွားတာပဲ'

'အထူးကိစ္စရှိလို့လား'

'ဘာဖြစ်လို့လဲ ကေရီ'

'ကေရီ မေသီတာနဲ့ စီးတီးမတ်သွားမလို့၊ ကိုလတ်မှာ အထူးကိစ္စရှိရင်တော့ မေသီတာနဲ့ သွားဖို့အစီအစဉ် ဖျက်လိုက်မယ်'

'ကိစ္စကတော့ ကိုလတ်နဲ့ ကေရီအတွက် အထူးကိစ္စပဲ'

'ဒါဆို ကိုလတ် ကားယူလာလေ၊ ကေရီ့ ကားက ဘာရိတ်ရှူးတွေလဲနေတယ်၊ ကေရီ ခြံရှေ့က ထွက်စောင့်နေမယ်'

'ကိုလတ် ခုပဲလာခဲ့မယ်'

ကေရီ ဖုန်းခွက်ကို အသာချလိုက်သည်။

ဒေါ်သက်ထားဆွေက ထမင်းစားခန်းမှနေ၍ ကေရီ့ကို အကဲခတ်သလို လှမ်းကြည့်သည်။ သည့်အပေါ်မှာတော့ ကေရီ စိတ်အနှောင့်အယှက်မဖြစ်။ ချောင်းမြောင်းခြင်းနှင့် စပ်စုခြင်းအလုပ်ကို ဒေါ်သက်ထားဆွေ အင်မတန်ဝါသနာကြီး၏။

ကေရီ အဝတ်အစားလဲပြီး ခြံရှေ့အထွက်မှာပင်





ကိုလတ် ကားနှင့်ရောက်လာသည်။ ကိုလတ်က ကားစက်ကို ပိတ်ဘဲ ရှေ့ခန်းတံခါးဖွင့်အပေးမှာ ကေရီ ကားပေါ်တက်လိုက်

'ကိုလတ် ဘယ်သွားမလို့လဲ'

'စမ်းချောင်းမှာ တိုက်ခန်းသွားကြည့်မလို့ ကေရီ'

'တိုက်ခန်း… ဘာလုပ်မလို့လဲ ကိုလတ်'

ကိုလတ်က ပြုံးရင်း ကားကို ဖြည်းဖြည်းမှန်မှန် မောင်းသည်။

'ကြိုက်ရင်ဝယ်မယ်လေ၊ ကေရီနဲ့ကိုလတ် လက်ထပ်ပြီးရင် အတူနေဖို့ပေါ့'

'ကိုလတ်ရယ်… ကေရီတို့ ခြံကြီးကအကျယ်ကြီး မိဘတွေနဲ့ ရောနှောမနေချင်ရင် သီးသန့်တိုက်တစ်လုံး ဆောက်ပြီး နေလို့ရပါတယ်'

'ဒါကတော့ ဒါပေါ့ကွာ၊ ကိုလတ်က လူစွမ်းလူစ ပြချင်သေးတယ်၊ ကျွန်တော့မိန်းမကို ကျွန်တော် ပိုင်ငွေနဲ့ ဝယ်ထားတဲ့တိုက်ခန်းမှာ ထားနိုင်ပါတယ်လို့ ကေရီ့ ဖေဖေကို ကိုလတ်က ကြွားချင်သေးတာ'

ကိုလတ် စကားကလည်း အမှန်။ သို့သော်လည်း အချိန်မှာ စကားအပြန်အလှန်နှင့် အငြင်းမပွားချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'တိုက်ကိုကြည့်ပြီးပြီလား၊ ဘယ်သူ့တိုက်ခန်းလဲ'

'သူငယ်ချင်းတိုက်ခန်း ကေရီ၊ တိုက်က အသစ် ဒီကောင်နေဖို့ ဝယ်ထားတာ၊ အခု မိဘတွေနဲ့ပဲ နေတော့မယ် ဆိုပြီး ပြန်ရောင်းတာ၊ အခန်းကို အဆင့်မြင့်မြင့်ပြင်ထားတယ် လို့ပြောတယ်'

ကေရီ အသာငြိမ်နေလိုက်သည်။ ကိုလတ်ဆန္ဒကို လည်း ဆန့်ကျင်ဘက်မလုပ်ချင်။ စမ်းချောင်းရောင်တော့ လမ်းကျယ်တစ်ခုကို ချိုးကွေ့သည်။ အမြောခရောင်မှန်များကို အလူမီနီယံနှင့် ကပ်ထားသည့် တိုက်အသစ်ကြီးရှေ့သို့ ကားကို ရပ်လိုက်၏။

'ကိုလတ် သူငယ်ချင်းရှိမှာလား'

'သော့ပေးသွားတယ် ကေရီ၊ ပထမထပ်ဆိုတော့ မြေညီထပ်အပေါ်ပဲ၊ အခန်းက အကျယ်ကြီးတွေ'

'ကိုလတ် သူငယ်ချင်းမရှိဘဲ ကြည့်လို့ကောင်းပါ့ မလားဟင်'

'ဒီကောင်က ကားတစ်စီးနဲ့ အမြဲ အလုပ်ရှုပ်နေတဲ့ ကောင်၊ ကိုလတ်ကို ယုံယုံကြည်ကြည်နဲ့ကို သော့ပေးသွား တာ'

ကေရီ ကိုလတ်မျက်နှာကို ခပ်စိုက်စိုက်ကလေးကြည့်





သည်။ ကိုလတ်၏လှုပ်ရှားမှုများက တည်တည်ငြိမ်ငြိမ် အေး အေးချမ်းချမ်း။

တိုက်အပေါ်ထပ်တက်ခဲ့ပြီး အခန်းတံခါးကို ဖွင့် သည်။ အပြင်အဆင်က ထင်တာထက်တောင် ပိုကောင်းနေ၏။

'ဒီကောင် အသေအချာမွမ်းထားတာပဲ၊ သူက တစ်ခါ လေမှ ညလာအိပ်တာ'

မီးဖိုခန်းကို ဝင်ကြည့်သည်။ အလူမီနီယံတပ် မှန်လုံ သဗ္ဗာလေးများက တစ်မျိုးဆန်းပြားနေ၏။ ရေချိုးခန်း အိမ်ကလည်း မြန်မာထိုင်၊ ဘိုထိုင် နှစ်ခုစလုံး ပါသည်။ းပေအရှည်ရှိမည့် ကြွေရေချိုးဇလုံမှာ ရေပူရေအေးနှစ်မျိုး ပ်ဆင်ထားသေး၏။

'ကေရီ ကြိုက်လားဟင်'

'အတော်ကောင်းတာပဲ'

'ဒါဆို ကိုလတ် ဒီကောင်နဲ့ ဈေးညှိမယ်'

ကိုလတ်၏တက်ကြွမှုများက မျက်နှာတွင် ပေါ်လွင် နေ၏။ လေအေးစက်၏ လည်ပတ်မှုကိုစမ်းသပ်ရင်း အိပ်ခန်း တွင်းသို့ဝင်အကြည့်မှာ နောက်ပါးမှ ပခုံးကိုညင်သာစွာ ပ်ဖက်ခြင်း၏ အထိအတွေ့ကို ကေရီ ရရှိသည်။ နောက်သို့ သာအယာလှည့်အကြည့်တွင် ကိုလတ်၏အပြုံးကိုတွေ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကိုလတ်က သူမကို သူ့ဘက်သို့ အသာဆွဲလှည့်သည်။ သည်ရင်ခွင်မှာ မကြာခဏခိုဝင်ဖူးသော်လည်း သည်နေ့တော့ ကေရီ့စိတ်တွေက ကတုန်ကယင် ဖြစ်နေရှာသည်။

'ကိုလတ်'

'ဘာလဲ ကေရီ'

'သွားကြရအောင်နော်'

'ကိုလတ်နဲ့ကေရီ လွတ်လွတ်လပ်လပ် နေရဖူးတယ်ကို မရှိဘူးလေ'

'သိပ်လွတ်လပ်ရင် မကောင်းဘူး ကိုလတ်'

'အတူနေဖို့ ဆုံးဖြတ်ထားကြပြီပဲ'

'သည်အပေါ်မှာ ကိုလတ် အခွင့်အရေး လိုချင်လို့လား'

ကိုလတ်က တုံ့ပြန်မဖြေ။ ပြုံးရင်းနှင့် ကိုလတ်အနမ်းတွေ ကြမ်းတမ်းလာ၏။ သည်အကြောင်းရာအပေါ်မှာ ကေရီ ဟန့်တားခြင်း မပြု။ ချစ်သူကို ယုံကြည်သည်။

အဓိကအကျဆုံးကတော့ ချစ်သူကို စိတ်ချမ်းသာစေချင်သည်။ သို့ကြောင့်လည်း…

*





တစ်ကိုယ်လုံးရှိ အင်အားတွေ ဘယ်ဆီရောက်ကုန်ပြီမသိ။

အမောတွေ ပြင်းထန်မှုနှင့်အတူ စိတ်တွေကလည်း အရမ်းလှုပ်ရှားနေရသည်။

ရှက်မျက်တောင်ကလေးများကို မှေးမှိတ်ရင်းကိုလတ်ရင်ခွင်မှာ မျက်နှာကိုအပ်ထားမိသည်။ ချစ်သူ၏ တင်းကြပ်စွာသော အငွေ့အဖက်များက ဘဝတစ်ခုပါပဲ။

'ကေရီ'

'ပြော ကိုလတ်၊ ကိုလတ် ပြောမယ့်စကားတွေမှာ အပိုတွေမပါဖို့တော့ လိုတယ်'

'ကိုလတ်ကို စိတ်ဆိုးသွားသလားလို့ မေးချင်တာပါ'

'မေးစရာမလိုတဲ့စကား ကိုလတ်၊ ကိုလတ်နဲ့ ကေရီက ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချထားတဲ့ သူတွေပဲ၊ ဖြစ်ပြီးတဲ့အကြောင်းအရာမှာ နောင်တဆိုတာ ကေရီ့မှာ မရှိဘူး'

'ကိုလတ် သဘောပြန်မတက်ခင် လက်ထပ်မယ်နော်'

ကေရီက ခေါင်းကိုညိတ်ပြသည်။

'ကိုလတ်ကိုယ်ကို ကိုလတ် သဘောပေါက်ပါတယ်'

'ဘာကိုလဲ ကိုလတ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ်ဟာ ဘာပဲဖြစ်ဖြစ် ကေရီ့ဘက်က ရပ်တည်... ရတော့မယ်ဆိုတာ၊ နောက်ပြီး ကေရီဆိုတဲ့ ယန်းကလေး... ပွင့်ကို ယုံကြည်ချက်နဲ့ ရင်မှာထွေးပိုက်လိုက်တာပါ'

'ဝမ်းသာပါတယ်၊ အခြေအနေပေါ်မှာ မူတည်ပြီး သစ္စာရှိပါနော်ဆိုတဲ့ ပျော့ညံ့ညံ့စကားကို ကေရီ မပြောတော့ ဘူး၊ သစ္စာမဲ့ရင်လည်း ကေရီက ငံ့ခံမှာမဟုတ်ဘူး'

'ခင်စိမ်းစိမ်းစကားတွေ မပြောစမ်းပါနဲ့ ကေရီရယ်... ခုအချိန်ကစပြီး ကိုလတ်တို့ လွတ်လပ်ပျော်ရွှင်တဲ့ အိမ်ထောင် ရေးဘဝကို စဉ်းစားကြရတော့မယ်'

ညနေစောင်းစောင်းမှာ ညနေစာကို မြို့အပြင်ဘက် ထွက်စားသည်။ မှတ်မှတ်ရရအဖြစ် အပြန်မှာ ရွှေတိဂုံစေတီ တော်ကြီးကို ဖူးမျှော်သည်။

ရင်ပြင်မှာ ညအတော်လေးနက်သည်အထိ စိတ်လက် ချမ်းသာစွာနေဖြစ်သည်ကို ကိုလတ်က တအံ့တသြတော် ဖြစ်နေပါသေး၏။

◆



(၁၇)

'နေပါဦး ကေရီ'

အပေါ်ထပ်သို့တက်မည်ဆဲဆဲ ခြေလှမ်းက တုံ့သွား သည်။ နောက်သို့ ခပ်ဆတ်ဆတ်လှည့်ကြည့်တော့ မိမိအတွက် ဘယ်လိုမှ ကျက်သရေမရှိသော ခေါ်သက်ကားချွေကို တွေ့ နေ၏။

'ဘာအပြောမလို့လဲ'

'ဘယ်အချိန် ရှိနေပြီလဲ'

ကေရီ ခပ်မှုံမှုံကလေး ပြုံးသည်။

သည်အပြုံးကို ခေါ်သက်ထားချွေ ဘယ်လိုမှကျေနပ် နိုင်မည် မဟုတ်သည်ကိုလည်း ကေရီ သိ၏။



www.burmeseclassic.com

www.burmeseclassic.com



'အချိန်နဲ့သိချင်တာများ ဒေါ်သက်ထားဆွေရယ်၊ ဧည့်ခန်းနံရံမှာ သံစုံမြည်နာရီကြီးရှိနေသားပဲ၊ လှမ်းကြည့်လိုက်တာနဲ့ အချိန်ကို သိပါတယ်'

'ဒါက ဘာသဘောလဲ၊ ငါ့ကို ပမာမခန့် ပြောနေတာလား ကောရီ'

ပြာရင်း ဒေါ်သက်ထားဆွေရှေ့ကို တိုးလာသည်။ ကောရီက မျက်နှာထားတင်းတင်းနှင့်ပင် ဒေါ်သက်ထားဆွေကို မျက်နှာချင်းဆိုင်လိုက်၏။

'ညည်းအဖေ ခရီးသွားနေတဲ့အချိန်မှာ ငါ့မှာ လုံးတာဝန် ရှိတယ်၊ ညည်း ထွက်ချင်တိုင်း ထွက်၊ ဝင်ချင်တိုင်း ဝင်လို့ မရဘူး'

'တာဝန် ဟုတ်လား၊ ဘာတာဝန်လဲ၊ ကျွန်မကို ကြည့်ရှုစောင့်ရှောက်ဖို့ ဖေဖေက တာဝန်ပေးထားတောင် ရှင်ရထားတဲ့တာဝန်ကို ကျွန်မက လက်ခံမှဖြစ်တာ၊ နောက်ပြီး ထွက်ချင်တိုင်းထွက်လို့ မရဘူး၊ ဝင်ချင်တိုင်းဝင်လို့ မရဘူး ဆိုရအောင် ဒီခြံနဲ့တိုက်ကို ရှင်ပိုင်လို့လား'

'ကောရီ နင် လူပါးဝလှချည်လား၊ ဒီအိမ်မှာ နင့်အဖေ မရှိရင် အားလုံး နားထောင်ရမယ်၊ ငါ သတ်မှတ်ထားတဲ့ စည်းကမ်းကို လိုက်နာရမယ်'





'ရယ်ဖို့ကောင်းလိုက်တာ'

'ညည်းကိုညည်း ပြန်သုံးသပ်စမ်းပါ၊ ဆိုက်ကားသမားနဲ့ တွဲလိုက်၊ ကားသမားနဲ့တွဲလိုက်နဲ့၊ ရပ်ကွက်က ခြံနဲ့ဝန်းနဲ့ ရပ်ကွက်မို့လို့သာပဲ၊ အများနဲ့နေတဲ့ရပ်ကွက်ဆို ညည်းကြောင့် ငါတို့ဂုဏ်သိက္ခာ အကြီးအကျယ်ကျပြီ'

'ဂုဏ်သိက္ခာ ဟုတ်လား၊ ရှင့်မှာ ဂုဏ်သိက္ခာဆိုတာကော ရှိရဲ့လား၊ ဖေဖေ့စည်းစိမ်နဲ့ ပိုင်ဆိုင်မှုတွေကို တပ်မက်ပြီး ကိုယ့်ထက် အသက်အများကြီးတဲ့ ယောကျ်ားကို မရ၊ရအောင်ယူထားတဲ့သူကများ သိက္ခာစကား လာပြောနေရသေးတယ်'

'ကြည့်စမ်း… ညည်း… ညည်း…'

'ကြမ်းတမ်းတဲ့စကားတွေနဲ့ ထိုးနှက်ဖို့ စိတ်မကူးနဲ့ ဒေါ်သက်ထားဆွေ၊ ကျွန်မ ရှင့်ကို သည်းခံမှာမဟုတ်ဘူး၊ နောက်ပြီး ကျွန်မ ကလေကဝမိန်းမလည်း မဟုတ်ဘူး၊ အပြင်ထွက်ပြီး ယောကျ်ားတွေနဲ့ ပေါင်တင်ဒူးတင် ဖဲဝိုင်းထိုင်တဲ့ မိန်းမလည်း မဟုတ်ဘူး'

'ညည်း ငါ့ကို စော်ကားစရာမလိုဘူး'

'ဟုတ်တာပေါ့၊ ရှင်လည်း ကျွန်မကို စော်ကားစရာမလိုဘူး'

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ငါ အပြင်ထွက်တာ စီးပွားရေးလုပ်နေတာ၊ ညည်းလို အလေလိုက်နေတာ မဟုတ်ဘူး'

'ဖဲရိုက်တာ စီးပွားရေးဟုတ်လား၊ မှတ်လောက်သားလောက်ပါတယ် ဒေါ်သက်ထားဆွေရယ်'

ကေရီ့စကားအဆုံးမှာ ဒေါ်သက်ထားဆွေက ကေရီ့ဏါပန်းကို ဆတ်ခနဲ ဖမ်းကိုင်သည်။ ကေရီက ခပ်ဆတ်ဆတ်ပုတ်ချလိုက်ပြီး...

'ကျွန်မအသားကို လာမထိနဲ့၊ ရှုပ်ရှင်ဇာတ်ကောင် ဝဏ္ဏကြွေထဲကလို မိထွေးကိုကြောက်လို့ မိထွေးနှိပ်စက်သမျှကို ငြိမ်ခံမယ့်သူ မဟုတ်ဘူး'

'အောင်မယ်... ညည်းက ငါ့ကို ခံသက်မယ်ပေါ့ ဟုတ်လား၊ စွာလိုက်တဲ့ ကောင်မ၊ ကဲ... စွာဦး'

ကေရီ့ ပါးပြင်ပေါ် လက်ဝါးတစ်ချက် ကျလာသည်။ မြည်သံနှင့်အတူ မျက်လုံးအစုံ မီးတောက်သွား၏။

'ရှင် ကျွန်မကို ရိုက်တယ် ဟုတ်လား'

'အေး... ရိုက်တယ်၊ ဆုံးမတာကို မနာခံချင်တဲ့ ကောင်မ၊ သတ်တောင်သတ်ပစ်ဦးမယ်'

'ရှင် ကျွန်မကိုရိုက်တာတစ်ချက်နော်'

ဒေါ်သက်ထားဆွေ ကေရီ့မျက်နှာကို မျက်လုံးပြူး





နှင့် ကြည့်နေဆဲမှာ...

'ကျွန်မက ငယ်ငယ်ကတည်းက သူများထက် မိုရမှ ကျေနပ်တတ်တယ်၊ ဒီတော့ ရှင် ကျွန်မကို တစ်ချက်ရိုက်တဲ့အတွက် ကျွန်မက ရှင့်ကို နှစ်ချက်ပြန်ရိုက်တယ်'

'ဖြန်း...'

'ဖြန်း...'

ကေရီ၏ ဘယ်ပြန်ညာပြန်ရိုက်ချက်မှာ ဒေါ်သက်ထားဆွေ ယိုင်ထိုးလဲကျသွားသည်။

'မိထွေးဆိုပြီး အနိုင်ကျင့်ချင်တိုင်း ကျင့်လို့မရဘူး၊ ရှင် ကျွန်မကို စော်ကားနေတာများပြီ၊ နောက်တစ်ခါ ကျွန်မကို နှုတ်နဲ့ပဲဖြစ်ဖြစ်၊ လက်နဲ့ပဲဖြစ်ဖြစ် စော်ကားလာရင် ဟောဒီလက်နဲ့ ရှင့်လည်မျိုကို ညှစ်သတ်မယ်'

ကြမ်းပြင်ပေါ် ပုံလျက်သားကျနေသည့် ဒေါ်သက်ထားဆွေရှေ့မှာ ကေရီက ခါးထောက်ရပ်ပြီး မျက်နှာကိုကို စိမ်းစိမ်းကြည့်သည်။

'ငုံ့အဖေ ပြန်လာရင် အကြောင်းသိစေရမယ်'

'ရတယ်... ခုကေရီ ဆိုတဲ့မိန်းမက ဘယ်ကိစ္စမျိုးကို မဆို ရင်ဆိုင်ရဲတယ်၊ ရှင့်ကို အမေ နေရာမှာမထားနိုင်ပေမယ့် အဒေါ်တစ်ယောက်လို ဆက်ဆံခဲ့တယ်၊ ဒါပေမဲ့ ရှင်က



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမဆန်ဘူး၊ ဒါကြောင့် ရှင်နဲ့တန်သလို ဆက်ဆံလိုက်တာ နောက်ပြီး ရှင့်အသည်းထဲမှာ စွဲနေရမယ့်စကားကို ပြောလိုက်ဦးမယ်'

ဒေါ်သက်ထားဆွေ ကေရီ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်နေ၏။

'ဖေဖေ့ကို လက်ထပ်တာနဲ့ သည်ခြံနဲ့တိုက်ရယ် မြို့ထဲက တည်းခိုခန်းကြီးရယ်၊ ပစ္စည်းတွေအားလုံးကို လင်သေမယားပိုင်ဆိုတဲ့ ဥပဒေပုဒ်မတွေနဲ့ ရှင် မျှော်လင့်ထားရင်တော့ မှားသွားလိမ့်မယ် ဒေါ်သက်ထားဆွေ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပိုင်ဆိုင်မှုတွေက မေမေ့ပိုင်ဆိုင်မှုတွေ၊ မေမေက ဘိုးဘွားလက်ထက်ကတည်းက ချမ်းသာလာတဲ့ တစ်ဦးတည်းသောသမီး၊ ကျွန်မနာမည်နဲ့ တရားဝင်လွှဲပြောင်းပြီးသားတွေ'

'ဟင်...'

'ရှင် သိပ်အံ့ဩသွားသလား၊ အတွင်းပစ္စည်းဆိုတာကလည်း မေမေ ဆုံးသွားတဲ့နေ့မှာ ကျွန်မက အားလုံးကို ချုပ်ကိုင် သိမ်းဆည်းထားပြီးသားပဲ၊ မေမေ ဖေဖေ့ကို လက်ထပ်တော့ ဘာပစ္စည်းမှမပါဘူး၊ ပညာပဲ ပါလာတာ၊ ဖေဖေ့ကို လက်ထပ်တာ ဒေါ်သက်ထားဆွေအတွက် မှန်းချက်နဲ့ နှမ်းထွက်မကိုက်တာ ဝမ်းနည်းစရာပဲ'





ပြောပြီး ကေရီ အပေါ်ထပ်သို့ ခပ်ကြွမ်းကြွမ်းတက်ခဲ့သည်။

ကေရီ့ ရင်ထဲမှာတော့ ဒေါသတွေကြီးမားနေဆဲ။

အင်း... ငရဲကြီးမယ်ဆိုရင်တော့ အဂီစိမှာ ချိုးကပ်ချင်ကပ်ပါစေတော့ ဒေါ်သက်ထားဆွေရယ်...။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

တံခါးကို ဂျိန်းခနဲ ဆွဲပိတ်လိုက်ကြသည်။

ကေရီက လဲပြိုတော့မလို ယိမ်းယိုင်သွားသည့် ငြိမ်းချမ်းကို ထိန်းကိုင်လိုက်ရ၏။

'သတိထားလေ ငြိမ်းချမ်း၊ သတိကို ကောင်းကောင်း ထားလေ'

'ငါ… ငါ…'

ငြိမ်းချမ်း၏မျက်လုံးအိမ်မှ မျက်ရည်များ ဒိုးဝိုး ပေါက်ပေါက်ကျလာသည်။

သည်ငိုကြွေးခြင်းကတော့ ငြိမ်းချမ်းအတွက် ကရား နည်းလမ်းကျပါသည်။ အစားမရနိုင်တော့သော မိခင်အတွက် သည့်ထက်မကပင် ငြိမ်းချမ်း ငိုကြွေးသင့်ပါသည်။





'အမေရယ်… ဘဝတစ်ခုဟာ သည်လိုပဲ ချို့ချို့ တဲ့တဲ့နဲ့ ပြီးဆုံးသွားရပြီလား'

မောကြောကြီးများ ထောင်ထလာသော အောက်အံ ကို တင်းတင်းကြိတ်သည်။ လက်သီးကို ခပ်ကျစ်ကျစ်ဆုပ် ထားပြီး သူ့မျက်နှာကို ကေရီ့ဘက်လှည့်လိုက်၏။

'သွားကြမယ် ကေရီ'

အပြင်ဘက်သို့ ထွက်လိုက်ကြသည်။

အသုဘ လိုက်လံပို့ဆောင်သူများနှင့်အတူ ကားများ ရပ်ထားရာသို့ လျှောက်ခဲ့ကြ၏။

ကေရီ ကိုယ်တိုင်မောင်းလာသည့် ကားဆီသို့ရောက် သောအခါ ကေရီက သူတက်ဖို့အတွက် ရှေ့ခန်းတံခါးကို ဖွင့်ပေးသည်။

သူ ကားပေါ်တက်လိုက်၏။

သူ့အနားသို့လာပြီး နှုတ်ဆက်သူများကို တုံ့ပြန် နှုတ်ဆက်ရသော်လည်း မည်သူမည်ဝါမှန်း ကွဲကွဲပြားပြား မသိ။

သူ့ရင်မှာတော့ နာကျင်မှုတွေ တည်ရှိနေသည်။

အမေရယ် ဆိုသည့်အသံက ရင်မှာပွဲတင်ထပ်နေ၏။

ရောဂါနှစ်ဦက အမေ့ကို ဆေးမကုနိုင်ခဲ့။ ဆေးရုံတင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ ရောဂါကျွမ်းနေပြီ။ သမားတော်ကြီးများက ကြိုးစားပမ်းစား ခွဲစိပ်ကုသကြသော်လည်း အမေ့ အသက်ကိုမကယ်နိုင်တော့။

'ငြိမ်းချမ်း'

ခေါ်ပြီး ကေရိက သူ့လက်ဖဝါးကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။ သူလှည့်ကြည့်တော့ ကိုယ်စားခံစားနေရသည့် သောကအရိပ်အငွေ့တွေ ကေရီ့မျက်နှာမှာ ယှက်သန်း အုံ့ဆိုင်းနေ၏။

'စိတ်မကောင်းမဖြစ်ပါနဲ့ ဆိုတဲ့စကားကို တို့ မပြောပါဘူး ငြိမ်းချမ်းရယ်၊ ဒါပေမဲ့ စိတ်ကိုတော့ တတ်နိုင်သမျှ ထိန်းပါ၊ ယူ မိဘအပေါ် တာဝန်ကျေခဲ့ပါတယ်၊ သေခြင်းဆိုတာ မဖေါက်မြန်တဲ့ သစ္စာတရားလို့ ယူ့ တို့ကိုပြောဖူးတယ်လေ'

ဆို့နင့်သည့်ဝေဒနာက ရင်မှာ အင်အားကြီးနေ၏။ ကလေးတစ်ယောက်လို သံကုန်ဟစ် ငိုလိုက်ချင်သော်လည်း သူ စိတ်ကို အသိတရားနှင့် ထိန်းသည်။

'ကိုယ် စိတ်ကိုထိန်းချုပ်ပါတယ် ကေရီ၊ ချို့ချို့ငဲ့ငဲ့ ဘဝထဲက အမေ လွတ်မြောက်သွားတဲ့အတွက်လည်း ကိုယ် ဝမ်းသာချင်ပါတယ်၊ ဒါ… ဒါပေမဲ့…'

ပြောရင်းအသံက တိမ်ဝင်သွားသည်။





သူ့ မျက်ရည်များကို မျက်တောင်တဖျတ်ဖျတ် ပုတ်ခတ်ရင်းအထိန်းမှာ ကေရိက ကားစက်ကိုနှိုးသည်။ ကားဘီးအလိမ့်မှာ အမေ့ကိုထားခဲ့ရပြီဆိုတဲ့အသိက ရင်ကို စူးရှနာကျင်သွားပြန်၏။

'ဘဝမှာ အမေရယ်၊ ကိုယ်ရယ် နှစ်ယောက်တည်းပဲ ရှိခဲ့တယ်၊ ကေရီနဲ့တွေ့ပြီးမှ သံယောဇဉ်တွယ်စရာ လူတစ်ယောက် တိုးလာခဲ့တယ်၊ ခုတော့ အမေ မရှိတော့ဘူး၊ အမေ လူ့ဘဝ လူ့လောကကြီးထဲက ပျောက်ကွယ်သွားပြီ၊ ဒါပေမဲ့ ကိုယ့်ရင်ထဲကတော့ ဘယ်တော့မှပျောက်ကွယ်မှာ မဟုတ်ဘူး'

သူ့ စကားအဆုံးမှာ ကေရီက…

'ဆက်ပြောလေ၊ ယူ့ ရင်ထဲမှာရှိတဲ့ စကားတွေ အားလုံးကို ယူ ပြောချလိုက်စမ်းပါ'

ကေရီက ကားကို ငြိမ်ငြိမ်သက်သက်ကလေး ထိန်းမောင်းသည်။ နောက်ပါးမှ ကားတစ်စီးကျော်တက်သွား၏။

'ကိုယ့် အမေဟာ သူလိုငါလို မိန်းမတစ်ယောက်ပါပဲ၊ တခြားအမေတွေထက် ပိုပြီး ဘာမှမထူးခြားဘူး၊ သူ့မှာ ဘာဂုဏ်ထူးမှ မရှိဘူး၊ ကြီးကျယ်တဲ့အသိုင်းအဝန်းလည်း မရှိဘူး၊ ဒါပေမဲ့ သားတစ်ယောက်အပေါ် မေတ္တာထားတဲ့ အမေ၊ သားကို ပညာတတ်တစ်ယောက်ဖြစ်အောင် ပြီးဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တဲ့ အမေ၊ အမေ့ရဲ့ဂုဏ်ပုဒ်ဟာ ကိုယ့်အတွက် အကြီးမားဆုံးပဲ၊ ဒီအမေရဲ့ နောက်ဆုံးအချိန်မှာ ကိုယ်ပြုစုခွင့်ရလိုက်တယ်၊ ဒါပေမဲ့ အရပ်ကောင်းလို့ အလောင်းလှူခဲ့ရတဲ့အတွက်တော့ ကိုယ်ဝမ်းနည်းတယ် ဧကရီ'

ဧကရီ မျက်ရည်ဝဲရစ်နေသည်ကို သူ သိ၏။

'ဆိုက်ကားသမားတစ်ယောက်ရဲ့ အမေ သေသွားတယ်၊ အဲဒါက ဘာဖြစ်လဲ၊ ဘာမှမဖြစ်သေးဘူး၊ အရပ်က ငွေထည့်ကြတယ်၊ အနေးယာဉ်အဖွဲ့က ကူငွေပေးတယ်၊ ဧကရီက လက်ကောက်တစ်ရံရောင်းပြီး အသုဘအတွက် ကူတယ်၊ ဒါဟာ လောကကြီးတစ်ခုလုံးနဲ့ ယှဉ်ကြည့်ရင်တော့ ဘာများထူးဆန်းလို့လဲ၊ မထူးဆန်းပါဘူးနော်၊ ဒါပေမဲ့ ကျေးဇူးတင်ထိုက်ဆုံးသူကတော့ ဧကရီပါပဲ'

'ဒါတွေကို ယူ ဘာဖြစ်လို့ ပြောနေရတာလဲ၊ ယူနဲ့တို့က မောင်နှမတွေလိုပါ၊ ယူ့အမေဟာ တို့အမေပဲပေါ့၊ ယူ မတတ်နိုင်တဲ့ငွေကို တို့ကပေးတယ်၊ အရပ်ကလည်းကူတယ်၊ အဖွဲ့ကလည်း ကူတယ်၊ ဒါတွေဟာ စေတနာ မေတ္တာတွေပါ'

သူ ပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်သည်။

'ဟုတ်ပါတယ်လေ၊ စေတနာတွေကို ကိုယ် အသိအမှတ်ပြု လေးစားပြီးသားပါ'





'ကံကြမ္မာဆိုတာကတော့ ဖန်လာရင် ရင်ဆိုင်ကြရမှာမဟုတ်လား'

သူ ဧကရီ့ကို လှည့်ကြည့်သည်။ ဧကရီက ကားရှေ့မှန်ပေါ်ကို အာရုံစိုက်ထား၏။

'ကံကြမ္မာက ဟုတ်လား ဧကရီ၊ ကိုယ့်အမေသာ ချမ်းသာတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ရင် ဒီကံကြမ္မာဆိုတာကြီးက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပဲ၊ ကိုယ့်အဖေကလည်း တော်သင့်မှန်ကန်တဲ့ စိတ်ဓာတ်မျိုးမရှိခဲ့ရင်၊ ရသမျှခွင့်အရေးကို အပြည့်အဝယူတတ်တဲ့ ဝန်ထမ်းဖြစ်ခဲ့ရင်လည်း ဒီကံကြမ္မာကြီးက တစ်မျိုးတစ်ဖုံ ဖြစ်သွားဦးမှာပဲ'

ဧကရီ စကားမဟတော့။

သူ့ရင်ထဲမှ ခံစားချက်များသည် တစ်လောကလုံးကို ဒီပါးစော်ကားသလို ဖြစ်နေပြီလားဟု ပြန်တွေးရသည်။

အသုဘပို့ကျူးတွေ လမ်းထိပ်မှာရပ်တော့ ဧကရီက သူ့ကားကို လမ်းထဲဝင်ပြီး အိမ်ရှေ့မှာရပ်လိုက်သည်။

'ကျေးဇူးတင်တယ်နော် ဧကရီ၊ အိမ်ထဲဝင်ပါဦးလို့ မခေါ်တော့ဘူး၊ ဧကရီ ကိုယ့်အတွက် လူကောစိတ်ကောင်းပန်းနေပြီ'

ဧကရီ ခေါင်းကို အသာညိတ်လိုက်ပြီး...

'ကျေးဇူးဆိုတဲ့ စကားတွေကို မုန်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောစမ်းပါနဲ့ ငြိမ်းချမ်းရယ်၊ ယူ့ ကိုယ့်စိတ်ကို ကိုယ်တည့်မတ်အောင်ကြိုးစားပါ၊ ယူထင်သလို လောကကြီးက နာကြည်းစရာမကောင်းပါဘူး၊ ဆုံးရှုံးသွားတဲ့အတွက် မခံမရပ်နိုင်ဖြစ်တာနဲ့ထွက်ပေါက်ရှာပြီး နာကြည်းစိတ်တွေမမွေးပါနဲ့၊ လောကကြီးကတရားပါတယ်၊ မျှတပါတယ်၊ လောကကြီးက လူတွေကိုဘာမှလုပ်တာ မဟုတ်ဘူး၊ လူတွေက လောကကြီးကို အမျိုးမျိုးပြုပြင် ပြောင်းလဲပစ်နေတာ၊ စိတ်အေးအေးထား ခေါင်းအေးအေးထားပြီး စဉ်းစားပါ ငြိမ်းချမ်း၊ ယူ့ စိတ်အခြေအနေအရ ခွင့်လွှတ်သည်းခံစိတ်မွေးမှ ယူနဲ့ လောကလူသားတွေ သင့်သင့်မြတ်မြတ်ရှိလိမ့်မယ်'

ပြောပြီး ဓကာရီ ကားကိုမောင်းထွက်သွားသည်။

သူ ခပ်တွေတွေလေး ရပ်ကျန်တော့ ခင်မောင်လှုက သူ့လက်ကိုလာဆွဲသည်။

'လာ သူငယ်ချင်း၊ အိမ်ထဲသွားရအောင်၊ မင်း ကျန်းမာရေးချို့ယွင်းသွားရင် တမလွန်က မင်းအမေ စိတ်မချမ်းမသာ ဖြစ်နေလိမ့်မယ်'

သူ ခေါင်းငိုက်ချပြီး အိမ်ထဲဝင်ခဲ့သည်။

အိမ်ထဲရောက်မှ အမေ မရှိတော့ဘူးဆိုသည့် အသိက စိတ်တစ်ခုလုံးကို ညှင်းပန်းနှိပ်စက်တော့၏။

◆



(၁၉)

'အစ်ကိုသမီး ဘယ်လောက်တရား လွန်နေပြီဆိုတာ ကိုယ့်ဘာကိုယ်ပဲ စဉ်းစားကြည့်တော့၊ ထားကို အမေ အဖြစ် လက်မခံနိုင်တဲ့အတွက် အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ အဒေါ် တစ်ယောက်၊ အစ်မတစ်ယောက်၊ ဒါမှမဟုတ် ဒီအိမ်မှာ နေတဲ့ အိမ်သားတစ်ယောက် အနေမျိုးတော့ လက်ခံသင့်တယ်၊ နားမချင်းပြောရမယ့်စကားမျိုးကို ထား တိုးတိုးတစ်မျိုး၊ ကျယ် ကျယ်တစ်မျိုး ပြောခဲ့တယ် မရဘူး၊ အစ်ကို့သမီးက ထား စေတနာကို အမြဲစော်ကားတယ်'

အောက်ထပ်ဧည့်ခန်းမှ လွင့်တက်လာသော စကားသံကြောင့် လေ့ခါးထစ်ကို နင်းဖိဆင်းလာသည့် ခြေလှမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ကေရီ ရပ်လိုက်သည်။ ရိုင်းစိုင်းမှုတစ်ခုဟု နားလည်
သော်လည်း လှေခါးထောင့်ချိုး အကွယ်မှာရပ်ပြီး စကား
ကို နားထောင်နေမိ၏။

'သမီးက ထားအပေါ်မှာ အထင်မှားအမြင်မှား
နေတာပါ၊ အော်ကို ဆုံးမပါ့မယ်'

'မရပါဘူး အစ်ကိုရယ်၊ မရပါဘူး၊ ဆုံးမလေ
ကို ပိုပြီးအငြိုးထားလေ ဖြစ်နေမှာပါပဲ၊ ဆိုက်ကားသမား
တစ်ယောက်နဲ့ တတွဲတွဲလုပ်လို့ ထား ဆုံးမကြည့်တယ်
ဘူး၊ ပိုပြီးတွဲပြတယ်၊ ကောင်လေးကို အိမ်ထဲထိတောင်
လာတယ်၊ တစ်ခါ သဒ္ဒေါလိုက်တဲ့ကောင်တစ်ကောင်နဲ့
တယ်၊ အစကတော့ သဒ္ဒေါသားမှန်း မသိပါဘူး၊ ပရိုက်
တက္ကစီသမားထင်ပြီး ထား ဆုံးမကြည့်တယ်၊ မရဘူး၊ အ
မရှိ အိမ်ပြန်လာတာကိုပြောတော့ ထားကိုတောင်ခဲသတ်တယ်

'အင်း… တယ်ခက်ပါလား၊ သမီးမှာ သည်
စိတ်ဓာတ်ရိုင်းစိုင်းမှုတွေ ရှိလိမ့်မယ်လို့ အစ်ကို မထင်ခဲ့ဘူး

ဖေဖေ့ အသံအားပျော့လွန်းသည်ဟု ကေရီ ထင်
ဖေဖေ ခရီးထွက်စဉ်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်
အပေါ် ဖေဖေ စိတ်ထိခိုက်မှုရှိသည်ကိုတော့ ကေရီ သိ
သည်။ ဒေါ်သက်ထားဆွေ၏ တိုင်ချက်များအပေါ်တွင်လည်





ဖေဖေသည် မိမိကို ကြမ်းကြမ်းတမ်းတမ်း မကိုင်တွယ်ရဲ။

'အစ်ကိုက သားသမီးကို သိပ်ယုံလွန်းတယ်၊ ကိုယ့်
သားသမီး ဘာဖြစ်နေသလဲဆိုတာကို စူးစူးစမ်းစမ်းလေ့လေ့
လာလာ မရှိဘူး၊ သူနဲ့ အခုတွဲနေတဲ့သဒ္ဒေါသားက လွတ်
လွတ်လပ်လပ်မှ ဟုတ်ရဲ့လားမသိဘူး'

'ဟင်… ထား သိလို့လား'

'သိလို့တော့ မဟုတ်ဘူးပေါ့ အစ်ကိုရယ်၊ အထင်ကို
ပြောရတာ၊ သဒ္ဒေါသားဆိုတာ ရှုပ်ရှုပ်ပွေပွေလူစားတွေ
ဆိုတာ အစ်ကိုလည်း သိသားပဲ'

ဒေါသက ကေရီ့ရင်ထဲ ကြွတက်လာသည်။ ရင်ဆိုင်
ဖြေရှင်းမည်ဟု စိတ်က ချက်ချင်း ရောက်သော်လည်း သတိ
ကို ပြန်ထိန်းသည်။ ဒေါ်သက်ထားဆွေ၏ အတို့အထောင်
စကားတွေကို နားထောင်ချင်သေး၏။

'ဒါတွေကို သိရဲ့သားနဲ့ ထားက သူ့ကို ဒီအတိုင်း
လွှတ်ထားရသလား'

သည်တစ်ခါတော့ ဖေဖေ့အသံ မာ၏။

'ထား အဆုံးအမကောင်းလို့ ပြန်တောင်အလုပ်ခံရ
တယ်လေ၊ အစ်ကို့သမီးကို ကြောက်လွန်းလို့ ဆလံအခါ
တစ်ရာပါပဲနော်၊ သူက ထားကို အရွဲ့တိုက်နေတာ၊ ဒီအိမ်ပေါ်
မှာ ထား ရှိနေတာကို မလိုလားဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်သေးပါဘူး ထားရာ၊ ဒီကိစ္စတွေကို အစ်ကိုနဲ့ သမီးနဲ့ တွေ့ဆုံဖြေရှင်းပါ့မယ်၊ ထား စိတ်ချမ်းချမ်းသာသာနေပါ၊ သမီးလေးတစ်ယောက်မို့ အလိုလိုက်ထားတာ လူကြီးတွေရဲ့ မေတ္တာစေတနာကို စော်ကားချင်တိုင်း စော်ကားလို့ ဘယ်ရမလဲ၊ တွေ့မယ်… နက်ဖြန် အစ်ကိုနဲ့ တွေ့မယ်'

သည်လိုကြိမ်းဝါးမှုတော့ ကေရီ မကြိုက်။

ညနက်ပြီး မိမိ အိပ်နေပြီအထင်နှင့် လင်မယားနှစ်ယောက် ပြောနေကြသည့်စကား။

ကေရီ လေ့ခါးထစ်များကို နင်းဖိဆင်းလိုက်သည်။

ကေရီ့ကိုမြင်သည်နှင့် ဖေဖေနှင့် ဒေါ်သက်ထားဆွေ အံ့အားတသင့်ကြီး ဖြစ်သွားကြပါ၏။

*

'ကိုယ့်မွေးထားတဲ့သမီးကို နက်ဖြန်မှ တွေ့မယ် ဘာမယ်နဲ့ ရန်သူလိုကြိမ်းဝါးနေစရာ မလိုပါဘူး ဖေဖေ'

'သမီး ထိုင်ပါ'

ကေရီ ဖေဖေနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။ ကေရီ ဝင်အထိုင်မှာပင် ဒေါ်သက်ထားဆွေက အပေါ်ထပ် တက်သွားသည်။





'သက်ထားအပေါ် သမီးရဲ့ ဆက်ဆံမှုတွေက ရိုင်းရိုင်းနိုင်းစိုင်းများ ဖြစ်နေပြီလား သမီးရယ်'

'ဖေဖေ သစ်ပင်တစ်ပင်၊ သစ်ရွက်တစ်ရွက်ဆိုတာ လေတိုက်မှ လှုပ်တာပါ၊ သမီးအပေါ် ဆက်ဆံမှုတွေ မမောက်မာရင် သမီးရဲ့တုံ့ပြန်မှုက ခုလို ရိုင်းစိုင်းမှာ မဟုတ်ဘူး'

'အင်း… ဖေဖေလည်း အသက်ကြီးမှ စိတ်ညစ်နေရပါလား'

'ဒါတွေက သမီး ဖန်တီးတဲ့ကိစ္စရပ်တွေ မဟုတ်ပါဘူး၊ ဖေဖေ ဖန်တီးလာတဲ့ အကြောင်းတရားတွေပါ'

ဖေဖေ့မျက်နှာ သာသာယာယာမရှိ။ ဒေါ်သက်ထားဆွေရှေ့မှာ လက်သီးလက်မောင်းတန်းသော်လည်း မိမိနှင့် မျက်နှာချင်းဆိုင်လျှင် ဖေဖေ့မျက်နှာ ပျော့ပျောင်းနေတတ်၏။

'ဖေဖေ မေးချင်တယ်'

'ဘာကိုလဲ ဖေဖေ'

'သက်ထားပြောတဲ့ သဘော်သားဆိုတာ'

'သဘော်သား မဟုတ်ပါဘူး၊ သဘော်အရာရှိပါ'

'ဟုတ်ပါပြီလေ၊ သမီးနဲ့က…'

'ချစ်သူ'

ဖေဖေ အတန်ကြာငြိမ်သက်နေပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ သမီးကို ယုံကြည်ပါတယ်'

'ဒါတွေထားပါ ဖေဖေ၊ အခု သမီး ဖေဖေနဲ့ မျက်

ချင်းဆိုင်တာက သမီးချစ်သူအကြောင်း ဆွေးနွေးဖို့ မဟုတ်

ဒေါ်သက်ထားဆွေအကြောင်း ဆွေးနွေးမလို့'

ဖေဖေ့မျက်နှာထား ခပ်တွေတွေဖြစ်သွားသည်။

တော့ အကြည့်က အပေါ်ထပ်တက်သည့် လှေခါးဆီ ရော

သွား၏။ လှေခါးတစ်ဝက်မှာ ရပ်၍နားမထောင်လျှင် အ

နှင့်အောက်ပြောစကားများကို မည်သို့မျှမကြားနိုင်ပါ။

'သမီး ပြောမယ်နော်'

ဖေဖေ ခေါင်းကိုညိတ်သည်။

'သမီး ဒေါ်သက်ထားဆွေနဲ့ အတူတူမနေချင်ဘူး'

'ဟင်... ဘယ်လို ပြောလိုက်တာလဲ သမီးရ

ဖေဖေက သည်မိသားစုသုံးယောက် ချစ်ချစ်ခင်ခင် သင့်သ

မြတ်မြတ်ရှိတာကို မျှော်လင့်ပါတယ်၊ သမီး ဒီမှာ မိသား

အတူတူမနေချင်ရင် သမီး ဘယ်မှာသွားနေမှာလဲ၊ သမီး အ

ထောင်ပြုရင်တောင် ဖေဖေ့အရိပ်အောက်က ထွက်သွား

မဖြစ်ဘူး'

ဖေဖေ့မျက်နှာညှိုးညှိုးကလေး ဖြစ်သွားသည်ကို

ကေရီ စိတ်မကောင်း။ အို... သည်အကြောင်းရာတွေ မ





နွေးတာကောင်းပါသည်။ ဖေဖေနှင့် ကိုလတ် သိကျွမ်းဖို့လည်း

လိုသေးသည်။

ကေရီ ဖေဖေ့ကို အဓိကပြောချင်သည့် စကားက

'ဒေါ်သက်ထားဆွေနှင့် ပတ်သက်သည့်စကား။

'ဖေဖေ'

'ဘာလဲ သမီး'

'သမီး ဒေါ်သက်ထားဆွေကို မယုံဘူး'

ဖေဖေ့ မျက်နှာကွက်ခနဲ ပျက်သွား၏။

သူ့မျက်နှာကိုလည်း မျက်လုံးအဝိုင်းသားနှင့် ကြည့်

သည်။

'သမီး မစွပ်စွဲပါဘူး'

'ဖေဖေ့ကို စကားပြည့်ပြည့်စုံစုံ ပြောပါ'

'ဖေဖေ ခရီးထွက်နေတဲ့ အချိန်မှာ ဒေါ်သက်ထားဆွေ

လည်း အပြင်ကိုရောက်နေတာပဲ'

'သက်ထားက အရောင်းအဝယ်ကိစ္စနဲ့ အပြင်ကိုထွက်

လေ့ရှိတယ်လေ သမီးရဲ့'

ဖေဖေ ပျာပျာသလဲပြောသည်ကို ကေရီက ပြုံးသည်။

သူမ ပြုံးသည့်အပြုံးကို ဖေဖေ ကြိုက်နှစ်သက်လိမ့်မည်

မဟုတ်။

'ဖေဖေ သေသေချာချာ နားထောင်နော်၊ စကားကို



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မမှန်လုပ်ကြံပြီး သမီး မပြောတတ်ဘူး၊ သမီး ပြောတဲ့ စကားအပေါ်မှာ ဖေဖေ ချင့်ချိန်တွေးတော့ပါ'

ကေရီက စကားရပ်ထားပြီး ဖေဖေ့ မျက်နှာကို ကြည့်လိုက်သေး၏။ ဖေဖေ့မျက်နှာမှာ သိချင်စိတ်တွေ အထင်းသား ပေါ်သည်။

'မြေနီကုန်းက စီးတီးမတ်မှာ မေသီတာနဲ့အတူ ဈေးသွားဝယ်တယ်၊ အဲဒီမှာ ဒေါ်သက်ထားဆွေကို အမျိုးသားတစ်ယောက်နဲ့ တွေ့တယ်၊ သူက သမီးကို မမြင်ဘူး၊ သူတို့ ရိုးသားတယ် မရိုးသားဘူးဆိုတာကို သမီး မသိဘူး၊ ဒါပေမဲ့ ဖေဖေ မဟုတ်တဲ့ အမျိုးသားတစ်ယောက်နဲ့ တရင်းတနှီးရှိနေတာတော့ သမီး မျက်မြင်ပဲ၊ သမီး ပြောချင်တဲ့ ဒေါ်သက်ထားဆွေ အကြောင်းအရာက ဒါပဲ ဖေဖေ'

ကေရီ ဖေဖေ့ထံပါးမှ ထွက်ခဲ့သည်။

လှေခါးအတက်တွင် ဖေဖေ့ကို လည်ပြန်လှည့်ကြည့်တော့ ဆိုဖာဆက်တီပေါ်မှာ ဖေဖေ အရုပ်ကြိုးပြတ်။

ဖေဖေ့ရင်ထဲမှာ ဘယ်လိုခံစားနေရမည်လဲ။

ဒါတွေကို ကေရီ မတွေးပါ။

ဒေါ်သက်ထားဆွေအပေါ် အစကတည်းက ယုံကြည်မှု မရှိခဲ့မှုများသည် ယခု ပို၍ ခိုင်မာစွာ ဖြစ်တည်ရပါ၏။

◆



(၂၀)

ပထမဆုံး ဆုံတွေ့ရမှုအပေါ်မှာ ရှက်ရွံ့သလို ခံစားရသော်လည်း ကိုလတ်မေမေ ဒေါ်ခင်မေလတ်၏ ရင်းနှီးဖော်ရွေသော အပြုံးများအောက်ဝယ် သူမ၏ရှက်ရွံ့မှုများ ပျောက်ကွယ်သွားရသည်။

'သားက မကြာမကြာ ပြောတယ်၊ သား ပြောကတည်းက အန်တီက ဆုံဆည်းချင်နေတာ၊ မေမေတို့ ကေရီ့ကို တရားဝင်တွေ့ဆုံတော့မှ မေမေ့ချွေးမလောင်းကို အချစ်ပိုပါလို့ သား ပြောထားလို့ အန်တီတို့မှာ တွေ့ချင်မြင်ချင် စိတ်ကို အောင့်အီးထားရတာ'

ပခုံးကိုသိုင်းဖက်ထားရင်း တက်ကြွစွာပြောသည့် အန်တီခင်မေလတ်၏စကား။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့က သူမနှင့် ကိုလတ် ညှိနှိုင်းအတည်ပြုပြီး ကိုလတ်က ဇကရီ့ကို သူ့မိဘ ဆွေမျိုးအသိုင်းအဝိုင်းရှေ့မှာ ဇနီးလောင်းအဖြစ် အတည်ပြုပြီး တရားဝင်ကြေညာသည့်ပွဲ။

သဘောတူညီမှုများနှင့် ကိုလတ်၏ဖေဖေ၊ မေမေနှင့် ကိုလတ် ညီမငယ်များ၏ မျက်လုံးမျက်နှာများက ကြည်လင်တောက်ပနေကြသည်။

မေမေ့ ချွေးမလောင်းက ချောတယ်မဟုတ်လားဟု ကိုလတ်၏ ရယ်ရယ်ပြုံးပြုံး စကားအပေါ်မှာတော့ ဇကရီ မျက်နှာကို ဘယ်လိုထားရမှန်းပင် မသိတော့။

ကိုလတ် ညီမနှစ်ယောက်၏ မီးတို့ကတော့ သတို့သမီးအရံ လုပ်မှာပဲဟု ချစ်ခင်ဖွယ်သော စကားမှာလည်း ဇကရီ ရှက်သွေးဖြာရသေး၏။

သည့်နောက် ညနေစာမဟုတ်သည့် နေ့လည်လွန်စာအဖြစ်ကို ကိုလတ်မေမေ အထူးစီစဉ်ထားသည့် ရွှေတောင်ခေါက်ဆွဲကို ကိုလတ်၏မိသားစုနှင့်အတူ ဇကရီ တပျော်တပါးစားဖြစ်သည်။

ညနေစောင်းစအချိန် အိမ်ပြန်တော့ ကိုလတ်က လိုက်ပို့သည်။

'ကိုလတ်ဘက်က အချစ်တာဝန်တွေ ကျေပြီ၊ ဇကရီ





ပတ်သက်ပြီး ကိုလတ်မိဘတွေဘက်က ပြဿနာမရှိပါဘူး'

ကားကို မှန်မှန်မောင်းရင်း ကိုလတ်က ပြောသည်။

'ဇကရီ့ဘက်က ပြဿနာရှိလာလိမ့်မယ်လို့ ကိုလတ် ထွက်နေသလား'

'ဇကရီ့ဖေဖေက ကိုလတ်နဲ့သဘောမတူမှာကို စိုးရိမ် တယ်'

'ရွေးချယ်ခွင့်နဲ့ လွတ်လပ်ခွင့်ကို တက္ကသိုလ်စတက် ကတည်းက ဖေဖေ ပေးထားတာ၊ ဇကရီ့ကို ဖေဖေက လုံးဝ ယုံတယ်'

'ဇကရီ့ ဖေဖေနဲ့ ကိုလတ်ကို တွေ့ဆုံပေးဖို့ ဇကရီ ရက် သတ်မှတ်ရမယ်လေ'

နောက်ပါးမှ ကားတစ်စီး၏ဟွန်းသံကြောင့် ကိုလတ် က ကားကိုနံဘေးသို့ အသာချပေးသည်။ ဘဲခေါင်းစိမ်းရောင် ဘပ်ကားတစ်စီး ကျော်တက်သွား၏။

'နက်ဖြန်ညနေကို ဇကရီ သတ်မှတ်ထားတယ်လေ၊ က်ဖြန်ညနေကို ကိုလတ် ဖေဖေနဲ့ တရားဝင်တွေ့ရမယ်၊ ညကျရင် အကျိုးအကြောင်းကို ဇကရီက ဖေဖေ့ကို ဖွင့်ပြော ထားမယ်'

'မင်္ဂလာပွဲကိုတော့ နှစ်ဖက်မိဘတွေ ညှိကြတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဒီနေရာမှာ ကေရီ့ဖေဖေ စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်'

'ဖေဖေက ကျိုးမများတတ်ဘူး ကိုလတ်'

'ဘာပဲဖြစ်ဖြစ်လေ၊ အန်ကယ်သဘောကျ ကိုလတ်တို့ မိဘတွေအပိုင်းက လိုက်လုပ်ပေးရမှာပဲ၊ အန်ကယ်ထ သမီးရှင်ကိုး'

ကေရီက ခပ်လှဲ့လှဲ့ပြုံးသည်။

ကိုလတ်သည် အစစအရာရာ သိနားလည်သည့် ချစ်သူလည်း ဖြစ်သည်။ စရတော့မည့်ဘဝအတွက် ယုံကြည် ချက်တွေကလည်း ခိုင်ခိုင်မာမာနှင့် ရှိနေပါ၏။

ခြံရှေ့ကားရပ်တော့ ကေရီက...

'နက်ဖြန်ညနေကစပြီး ဖွက်စေဝင်စေဆိုတဲ့ လွတ်လပ်စွာ သွားလာခွင့်တွေကို ကိုလတ် ရတော့မှာနော်၊ အဲဒီအတွက် 'ကိုလတ်နဲ့အတူ ကေရီလည်း ပျော်နေတယ်'

ကားကလေး ဘီးလိမ့်အထွက်မှာ ကိုလတ်က လက်ကလေးပြ နှုတ်ဆက်သည်။

သည်နှုတ်ဆက်ခြင်းသည်ဘဝတစ်သက်တာအတွက် နှုတ်ဆက်အလွမ်းဖြစ်သည်ကို ကေရီ ကြိုတင်သိခဲ့ပါလျှင်...

◆



(၂၁)

ကိုလတ်ကားလေး ဘီးလိမ့်ထွက်သွားသည်နှင့် ိုလတ်နည်းတူ လက်ကလေးဝှေ့ယမ်းပြပြီး ကေရီ ခြံထဲသို့ ်လက်ပေါ့ပါးစွာ ဝင်ခဲ့သည်။

သည်နေ့ကတော့ ကေရီ အပျော်ဆုံးနေ့ပါပဲ။ ဘဝ တွက် ချမှတ်ထားတဲ့လမ်းကြောင်းတွေကို သည်နေ့ အစဖော် ်င်းလည်း ဖြစ်ပါ၏။

အခန်းထဲရောက်တော့ ကိုယ်ပေါ်က အဝတ်အထည် ို ချွတ်မလဲနိုင်သေး။ အိပ်ရာပေါ်လှဲလျောင်းရင်းမှ အိမ်ဖော် ာင်မလေး မိဆောင် ကိုအော်ခေါ်သည်။ မိဆောင် ထံပါး ို အပြေးကလေးရောက်လာ၏။

'ဘာခိုင်းမလို့လဲ မမကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို အအေးဘူးတစ်ဘူး ယူခဲ့စမ်း'

'လီမွန်လား၊ စတော်ဘယ်ရီလား၊ ယန်းသီးလား မမကြီး'

'ကြိုက်တာ ယူခဲ့'

မိဆောင် အောက်ထပ်သို့အပြေးကလေး ဆင်းသွားပြီး ချက်ချင်းဆိုသလိုပင် ပြန်ရောက်လာသည်။ ကေရီက အချိုရည်ဘူးကို လှမ်းယူရင်း…

'နင် အောက်မှာ ဘာလုပ်နေလဲ'

'ကြီးကြီးထားနဲ့ မီးဖိုချောင်ရှင်းနေတယ် မမကြီး ပြောလေ… မမကြီး ဘာခိုင်းမလို့လဲ'

'ခြေသလုံးတွေ တောင့်နေတာ နှိပ်နိုင်းမလို့ပါ။ သွား… သွား… ညကျမှ လာနှိပ်'

မိဆောင် ပြန်ဆင်းသွားသည်။

အချိုရည်ကို ဖယောင်းပိုက်ကလေးနှင့် မျှင်းစုပ်ရင်း မျက်လုံးကို အသာမှေးမှိတ်ထားသည်။ ဘဝရဲ့ အပျော်ဆိုတာ အချိုရည်ဘူးတည်းက သစ်သီးရည်လိုပါပဲလား ရင်မှာအေးမြိန့်ချိုမြခြင်းသည် အချစ်တစ်ခုနှင့် မတူသော်လည်း ခံစား၍ကောင်းသည့် စိတ်ကျေနပ်မှုတစ်ခုဆိုတာတော့ ကေရီယုံကြည်သည်။





ဘူးဟာစ်ဝက်အကုန်လောက်မှာ ဖယောင်းပိုက်ကလေးကို နှုတ်ခမ်းမှချွတ်ပြီး အချိုရည်ဘူးကို စားပွဲပေါ်သို့လှမ်းအတင်မှာ…

'မမကြီး… မမကြီး…'

မိဆောင် ခေါ်သံပြေးဝင်လာ၏။

'ဟဲ့… ဘာလဲ'

'ဖုန်းလာတယ် မမကြီး၊ မမကြီးနဲ့ စကားပြောချင်လို့တဲ့'

'အေး… အေး… ငါ အခုဆင်းလာမယ်'

ဘယ်သူ့ဆီက ဖုန်းပါလိမ့်။

ကိုလတ်များ ဆက်သလားဆိုသည့် အတွေးနှင့်အတူ မေသိတာလည်း ဖြစ်နိုင်တာပဲဟု စဉ်းစားမိသည်။ ငြိမ်းချမ်းတတော့ မိမိထံတစ်ခါမျှ ဖုန်းဆက်ဖူးခြင်း မရှိပါ။ မိမိက ဖုန်းနံပါတ်ပေးထားသည်ကိုပင် ပြန်မေးလျှင် ဘယ်ရောက်နေမှန်းတောင်မသိဘူး ဆိုသည့်စကားကို ဒေါသဖြစ်ဖွယ်ရာ ပြောတတ်၏။

ကေရီ အောက်ရောက်တော့ ဖုန်းခွက်က စားပွဲပေါ်မှာ ချလျက်သား။

ဖုန်းခွက်ကို မယူပြီး နားမှာကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကေရီ ပါရှင်'

'ကေရီ... အန်တီပါ၊ ကိုလတ် မေမေပါ'

ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။

ကိုလတ် မေမေ အန်တီခင်မေလတ်။

ကေရီ ခုတင် အန်တီခင်မေလတ်၏ အရိပ်အောက်မှ ပြန်ရောက်လာပါသည်။ ခုချက်ချင်းဆိုသလို ဖုန်းက ရောက်လာတော့...

'ဟုတ်... ဟုတ်ကဲ့ အန်တီ၊ ကေရီ နားထောင်နေပါတယ်'

'သမီး'

'ရှင်'

'စိတ်ကို ငြိမ်ငြိမ်သက်သက်ထားပြီး နားထောင်ပါနော်'

'အန်တီရယ်... ကေရီ ရင်တွေ အရမ်းပူလာပြီ'

'အန်တီတို့မိသားစုက အသည်းအက်ရပါတယ်ကွယ်'

'အန်တီ ပြောပါ၊ အန်တီ ဘာကိုဆိုလိုချင်တာလဲ'

'သမီးကိုပို့ပြီး အပြန်လမ်းထိပ်မှာ ကားချင်း ခေါင်းချင်းတိုက်မိပြီး ဆေးရုံအရောက်မှာ သား ဆုံးသွားရှာတယ်ကွယ်'

'ရှင်...'





'ခု ဆေးရုံက အန်တီ သမီးဆီ ဖုန်းဆက်တာပါ၊ သမီး လာချင်ရင်လည်း လာပါ၊ မလာရင်လည်း အန်တီတို့ ခွင့်လွှတ်ပါတယ်'

'အို... မဟုတ်တာ၊ ကေရီ လာရမှာပေါ့၊ ဒါပေမဲ့ ကေရီ မယုံဘူး၊ လုံးဝ မယုံဘူး'

ကေရီ ဖုန်းခွက်ကိုပစ်ချပြီး ကားသော့ယူ၍ကားကို ဂိုဒေါင်ထဲမှ ထုတ်သည်။

စိတ်တစ်ခုလုံး ဆွေဝေနေသည့်အဖြစ်တွေ။

ဟုတ်ပါ့မလား၊ ဟုတ်ရဲ့လားဆိုသည့် အတွေးတွေနှင့် အတူ...

*

'ကိုလတ်ရယ်'

မျက်နှာမှာ စွန်းထင်းနေသည့် သွေးစတွေ။

အိပ်စက်နေသလို တုတ်တုတ်မလှုပ်သော ရုပ်ခန္ဓာက ကေရီ့နှလုံးသားကို ချေမွဖျက်ဆီးနေ၏။

ရုပ်အလောင်းကို စူးစိုက်ကြည့်ရင်း ကျလာသည့် မျက်ရည်ပေါက်တွေကို ကေရီ တားဆီးနိုင်စွမ်း မရှိတော့။

ကိုလတ်မိသားစု၏ သည်းထန်သော ငိုကြွေးနေမှု အောက်ဝယ် ကေရီ၏ မျက်ရည်စက်များ အစာရောက်နိုင်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မလား။ သည်အထဲမှာ ကိုလတ်၏ ညီမအငယ်ဆုံး၏ ငိုကြွေးမှု စကားအသံက ကေရီ့ ရင်ကိုပူလောင်စေရပါသည်။

'မမကေရီကြောင့် ကျွန်မတို့ကိုကို သေရတာ၊ မမကေရီကိုသာ ပြန်လိုက်မပို့ဖြစ်ရင် ကိုကို သည်လိုအသေဆိုးနဲ့ သေရမှာမဟုတ်ဘူး'

သည့်စကားအပေါ်မှာ ကေရီ စိတ်မထွက်ချင်တော့။ ကိုလတ်အတွက် ထက်မြက်သောမိန်းမတစ်ယောက်၏ ချုပ်တီးမှုများသည် ခွင့်လွှတ်မှုတွေ ဖြစ်ပါစေတော့။

'ကိုကို သေတာ မမကေရီကြောင့်... မမကေရီကြောင့်'

သည့်စကားတွေကို ဟန့်တားပေးမယ့်သူ မရှိတော့ဘူးလား။ မိမိကို သမီး သမီးဟု ပါးစပ်ကမချသော အန်တီခင်မေလတ်၏ မျက်လုံးအကြည့်တွေက မျက်ရည်များကြားမှ ဘာလို့ စိမ်းဖန့်နေရတာလဲ။

ကေရီ သဘောပေါက်လိုက်ပါပြီ။

ကေရီ အံကိုတင်းတင်းကြိတ်ပြီး ကိုယ်ကို လှည့်ထွက်ခဲ့သည်။ နှုတ်ဆက်ပါတယ် ကိုလတ်။

တစ်သက်တာ ထာဝရအတွက် ကေရီ နှုတ်ဆက်ခဲ့ပါတယ်။

◆

# အပိုင်း - သုံး

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

နေမကောင်းဘူးဆိုသဖြင့် မေသီတာက အိမ်မှာ လာနေပေးသည်။ ဖုန်းဆက်ခေါ်စဉ်က မေသီတာက နောက်သည်ထင်သေး၏။ ကေရီက ဒရိုင်ဘာကို ကားနှင့် အခေါ်လွှတ်မှ မေသီတာ ထိတ်ထိတ်ပျာပျာနှင့် ရောက်လာတော့၏။

သည်နေ့နှင့်ဆို မေသီတာ ရောက်နေသည်မှာ လေးရက်တိတိ။ ငါးရက်မြောက်၏ ညနေခင်းမှာတော့ ကေရီစိတ်ကိုထိန်းသိမ်းလို့ မရတော့။

ရင်ထဲမှာ ပျို့တက်လာသည်။

အန်ချင်စိတ်ကို မချုပ်တီးနိုင်တော့သည့် အဆုံး မေသီတာ ယူထားပေးသည့် ထွေးခံမှာ ထိုးအန်လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မေသီတာက သူမ၏ ကျောပြင်ကို ညင်ညင်သာသာ နှိပ်ပေးသည်။ ဝေဒနာက တကာယ်ကို နေမထိထိုင်မသာ ခံစားရသည့် ဝေဒနာ။ လေတွေဝေါ့ဝေါ့အန်ပြီး ရင်မှာပေါ့ပါး သွားသလိုတော့ ရှိသည်။ သည်အခြေအနေမှာ မေသီတာက သူမကို မျက်လုံးအဝိုင်းသားနှင့် ကြည့်ပါ၏။

'မေသီတာ... နင် ငါ့ကို ကြည့်တဲ့အကြည့်ကြီးက ဘယ်လိုကြီးမှန်းမသိဘူး'

'ငါ့ရင်ထဲမှာ တင်းကြပ်နေသလိုခံစားရတယ် ဇကရီ'

'ဘာကိုလဲ'

မေသီတာက မဖြေဘဲ သက်မှူင်းကလေးကို မှုမှုချ သည်။

'သက်သာလား၊ ခေါင်းထဲမှာ မူးရိပ်ရိပ်ဖြစ်နေလား'

'နည်းနည်းတော့ ဖြစ်တယ်၊ ခုတလော ဘာဖြစ်မှန်း မသိပါဘူး မေသီတာရယ်၊ ခဏခဏ အန်ချင်လိုက်၊ မူးရိပ်ရိပ် ဖြစ်လိုက်၊ စားချင်သောက်ချင်စိတ် မရှိလိုက်နဲ့၊ နေရတာ မကောင်းဘူး'

'ဇကရီ'

'ဘာလဲဟ'

'တို့ ခြံထဲဆင်းလမ်းလျှောက်မလား၊ လေကောင်း





လေသန့်လေးလည်းရှူရင်း ယန်းခုံလေးမှာလည်း ထိုင်စကား ပြောရင်းပေါ့'

'ဆင်းမယ်လေ'

ခြံထဲဆင်းခဲ့ကြသည်။

ယန်းခုံမှာ ထိုင်ဖြစ်တော့ မေသီတာက...

'နင်နဲ့ငါ တစ်ယောက်အကြောင်းတစ်ယောက် က,က နေ၊ အ,အထိ မွှန်ဟတိုင်ပင်ကြတဲ့ သူငယ်ချင်းတွေနော်'

'အဆန်းလားဟယ်၊ နင်က စကားကို ဝေ့ဝိုက်တော်၊ ပေရှည်ချင်တယ်၊ နင် ငါ့ကို ဘာပြောမှာလဲ၊ ပြောချင်တာကို ပြောချလိုက်စမ်းပါ'

'မေးကြည့်မယ်နော်'

'မေးပါဟ'

'ဇကရီ ခုလို နေထိုင်မကောင်းတာ ဘယ်နှစ်ရက် ရှိပြီလဲ'

'နင် ရောက်မလာခင်ကနဲ့ဆို တစ်ပတ်လောက် ရှိပြီ ဟ'

'ဒီလ လာပြီးပြီလား'

'ဟင်'

ဇကရီ မမျှော်လင့်ထားသည့်စကား၊ မေးပြီး



www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စကို ကေရီ လုံးဝထွက်ထွက်မထား၊

'လာပြီးပြီလား'

ထပ်မေးတော့ ကေရီက ခေါင်းယမ်းပြသည်။

'ငါ တစ်ခါတစ်ခါ ဒီလိုပဲ ရက်ကျော်တတ်ပါတယ်'

'ဟုတ်ပြီလေ၊ ရက်ကျော်တယ်ဆိုတာ ဘယ်နှစ်ရက် ကျော်သွားတာလဲ၊ မင်း စဉ်းစားစမ်း ကေရီ'

မေသီတာ ပြောမှရက်ကိုအပြေးအလွှား တွက်လိုက်သည်။ ကေရီ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရ၏။

ရက်ချည်းဆိုသလိုပင် ကိုလတ်မျက်နှာက အာရုံမှာ အရိပ်ထင်လာသည်။

'မေသီတာ ငါတော့ ဒုက္ခရောက်ပြီထင်တယ်'

'ကိုယ် ပွင့်ပွင့်လင်းလင်း မေးစမ်းမယ်၊ ကိုလတ်နဲ့ ကေရီ မှားမှားယွင်းယွင်း ရှိခဲ့သလား'

အကြည့်ငေးတွေက လမ်းမဘက်သို့ ရောက်သွားသည်။ အတန်ကြာလောက်မှ…

'ဟုတ်တယ် မေသီတာ၊ ဒါပေမဲ့ နင်ပြောသလို မှားခဲ့ကြတာတော့ မဟုတ်ဘူး၊ ဘဝအတွက် အသွေးအသားကို ကြိုတင်ရင်းခဲ့ကြတာ၊ အဲဒါ အမှားမဟုတ်ဘူးလို့ ငါ ယုံကြည်တယ်'





'ထားပါ ကေရီရယ်၊ ကေရီတို့ မမှားဘူး၊ ဒါ ကေရီ တို့ရဲ့ မှန်ကန်မှုဆိုတာကို ငါ လက်ခံပေးပါ့မယ်၊ ဒါပေမဲ့ ကေရီ ခုလို ဖြစ်နေတာတွေ ရိုးသားမှုမရှိဘူးလို့ ငါ ထင်နေတယ်'

သည်စကားအပေါ်မှာ တုန်လှုပ်ချောက်ချားခြင်း မရှိတော့သော်လည်း မျက်နှာပေါ်အပူစီးကြောင်းတစ်ခု ဖြတ်သန်းသွားသလို ကေရီ ခံစားရသည်။

'ငါ မင်းကို အသိဆရာဝန်တစ်ယောက်ဆီ ခေါ်သွားမယ်၊ အဖြေရရင်တော့ ဘာ လုပ်သင့်တယ်ဆိုတာကို တို့ စဉ်းစားလို့ရလိမ့်မယ်'

'ဘာလုပ်သင့်တယ် ဟုတ်လား၊ ဟုတ်လာရင်တောင် ဘလေးအဖေက လူ့လောကကြီးမှာ မရှိတော့ဘူးလေ'

'ကေရီ'

'ပြောပါ'

'မစာနာ မညှာတာ ပြောတာမဟုတ်ဘူးနော်၊ ကိုယ် က ကေရီရဲ့အချစ်ဆုံးသူငယ်ချင်းပီပီ ကေရီ အရှက်တကွဲ ဖြစ်မှာကို ဘယ်လိုမှ မလိုလားဘူး'

စကားကို ကေရီ နားလည်သဘောပေါက်ပါ၏။

'သည်ကိစ္စတွေကို ဒေါ်သက်ထားဆွေသာသိရင် သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကေရီ့ကို ပိုင်ကွက်ပဲ'

'ဘာပိုင်ကွက်လဲ၊ သည်ကိစ္စကိုအခြေခံပြီး ယုတ်ယုတ်ညံ့ညံ့စကားပြောလို့ကတော့ ဒီမိန်းမကြီးအသက် ဖက်နဲ့ထုပ်ပြီးသား ဖြစ်သွားမယ်၊ ဟုတ်ခဲ့ရင်တောင် ငါ လော်မာလို့ ဖြစ်တာ မဟုတ်ဘူး၊ ကံတရားက ငါ့နဲ့ ကိုလတ်ဘက်မှာ ရပ်တည်မပေးတော့ ဝမ်းနည်းစရာပဲပေါ့ဟာ'

'ဒါဖြင့် ကေရီ ဘယ်လိုဆုံးဖြတ်မလဲဟင်'

'ကိုယ်ဝန်ရှိတာမှန်ရင် ဒီကလေးကို ငါ မွေးမယ်'

'ဟဲ့…'

မေသီတာ အတိတ်တာလန့်။

တကယ်တမ်းကျ မိမိ၏ ပြတ်သားမှုများသည် အံ့ဩစရာမဟုတ်။ ပျော့ဝေစိတ်ဆိုတာ မိမိမှာ လုံးဝမရှိ။

'မွေးတာက လွယ်ပါတယ် ကေရီ၊ အဖေပေါ်ဖို့က အရေးကြီးတယ်လေ'

ကေရီက ပြုံးရင်း…

'ထင်တဲ့အတိုင်း မှန်နေရင် ငါ မကြောက်ပါဘူး မေသီတာ၊ ဒီကလေးမှာ အဖေရှိပါတယ်၊ ကလေးအဖေတာ လူ့ဘဝ လူ့လောကမှာ မရှိတော့တာတစ်ခုပါ'

'ဆုံးဖြတ်ရဲလိုက်တာ ကေရီရယ်၊ ငါ နှင့်ရဲ့ မိခင်





စိတ်ကို အရမ်းချီးကျူးတယ်၊ အင်းလေ… လောလောဆယ်မှာတော့ တို့ ထင်သလိုမဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပေါ့'

ကေရီ့ ရင်မှာနွေးနွေးကလေး ဖြစ်နေ၏။

သတ္တိတွေက အလိုလိုပြည့်လာသည်။ အဆိုးဆုံးကို မျှော်လင့်ထားပြီးသတ္တိကို ပိုမိုမွေးထား၏။

ရဲဝံ့စိတ်တွေ သွေးကြောမျှင်တစ်ခုနှံ့ ပျံ့နေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

မေသီတာ ပြန်သွားပြီး ငါးရက်မြောက်နေ့မှာ အကျိုးအကြောင်းအားလုံးကို ကေရီက ငြိမ်းချမ်းကို ပြောပြသည်။ ကေရီ၏စကားများကို နားထောင်ရင်း ငြိမ်းချမ်းမျက်လုံး ဝိုင်းစက်နေ၏။

'ကံကြမ္မာက တို့အတွက် အရိုင်းအစိုင်းတစ်ကောင်လိုပါပဲ ငြိမ်းချမ်းရယ်၊ ဖြစ်ပေါ်လာတဲ့ အခြေအနေမှာ အပြစ်မရှိတဲ့ အပြစ်မသိတဲ့ ရင်သွေးကို တို့ ရက်စက်လို့ရပါ့မလား၊ မွေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ရင်ထဲမှာ ခိုင်ခိုင်မာမာရှိနေတယ်'

ငြိမ်းချမ်း မျက်နှာမှိုင်းဝေနေသလို မိမိကို ကြည့်သည့်အကြည့်တွေမှာ ကရုဏာရိပ်တွေ လွှမ်းခြုံနေ၏။





'ကိုယ် စဉ်းစားနေတယ် ကေရီ'

'ငြိမ်းချမ်းက ဘာကိုစဉ်းစားနေတာလဲ'

'ကေရီ့အဖြစ်တွေကို တမလွန်က ကိုလတ်သာသိရင် ဘယ်လိုမှ စိတ်ချမ်းသာရှာမှာ မဟုတ်ဘူး၊ ဒါပေမဲ့ လောလောလတ်လတ် ရင်ဆိုင်နေရတာက ကေရီလေ၊ အရေးကြီးတာက မွေးလာတဲ့ကလေးအတွက်နဲ့ မိန်းမသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက်ပဲ၊ လူ့တောထဲမှာ အဖေမပေါ်တဲ့ ကလေးဆိုတဲ့ အသံတွေ ညံနေမှာ၊ တိတ်တိတ်ပုန်း ကိုယ်ဝန်ရှိပြီး မွေးတယ်ဆိုပြီး ကေရီ့မိဘတွေက ကေရီ့သိက္ခာကို အရင်ထိပါးလာမှာ'

ပြောပြီး ငြိမ်းချမ်းက လက်ဖက်ရည်ခွက်ကို မယူပြီး၍ တစ်ငုံသောက်သည်။ သည်ညနေခင်းကတော့ ကေရီနှင့် ငြိမ်းချမ်းအတွက် မှိုင်းဝသောညနေပါပဲ။

'ကလေးအဖေရဲ့ အမည်နာမ နေရပ်လိပ်စာ အတိအကျ ရှိတယ်လေ၊ လူ့လောကကြီးမှာ ကလေး အဖေမရှိတာ တစ်ခုပဲ ပြောစရာရှိပါတယ်'

'မဟုတ်သေးဘူး ကေရီ၊ ကလေးရဲ့အဖေ ကိုလတ်ဆိုတာ ကေရီရယ်၊ ကိုယ်ရယ်၊ မေသီတာရယ် သုံးယောက်တည်း သိတဲ့ကိစ္စ၊ နောက်ပြီး သေသူကို ရဲရဲဝံ့ဝံ့ လက်ညှိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြုရအောင်လည်း ကေရီနဲ့ ကိုလက်က လူသိရှင်ကြား တရားဝင် လက်ထပ်ထားကြတာ မဟုတ်ဘူး၊ ရပ်ကွက်ထဲမှာ ပေါင်းသင်းနေထိုင်ကြတာလည်း မဟုတ်ဘူး၊ ကေရီ ပေါ့ပေါ့ကလေးတော့ မတွေးပါနဲ့'

မီမီ ခပ်မဲ့မဲ့ပြုံးသည်ကို ငြိမ်းချမ်း သဘောတွေ့ဟန်မတူ။

'နေရာတကာမှာ မာနကိုအသုံးချလို့ မရဘူး ကေရီ ကေရီ စဉ်းစားလို့ရအောင် ကိုယ်တစ်ခုပြောမယ်၊ ကိုယ်တို့ ပတ်ဝန်းကျင်မှာ ကေရီနဲ့ အဖြစ်တူတဲ့ မိန်းကလေးတစ်ယောက်ကိုတွေ့ပြီတဲ့၊ ကေရီ ဘာပြောမလဲ၊ လူတွေ သတိထားမှာက အိမ်ထောင်ရှိတယ်၊ မရှိဘူး ဆိုတာပဲ၊ သူနဲ့ပတ်သက်ခဲ့တဲ့ လူတော့ ရှိတာပေါ့၊ ကိုယ် စောစောက ပြောသလိုပဲ အဲဒါတို လူမသိဘူး၊ တွဲနေပြနေတာကို လူသိတယ် ထားဦး ပတ်ဝန်းကျင်ရဲ့ အသိအမှတ်ပြုခံထားတာ မဟုတ်ရင် အရှက်ကွဲမှာပဲ သွေးပူနေတန်းမို့ ရင်ဆိုင်ရဲတယ်ဆိုတဲ့စကားကို ကေရီ ပြောနေတာပါ၊ ခေါင်းအေးအေးနဲ့ စဉ်းစားကြရအောင် ကေရီ ပြင်ဆင်ဖို့အချိန်တွေ ရှိသေးတယ်'

စကားများကို နားထောင်ရင်း ကေရီက အောက်နှုတ်ခမ်းကိုအပေါ်သွားနှင့် ဖိကိုက်ထား၏။ အတန်ကြာမှ...





'ဆေးထိုးလိုက်ပါလား၊ ဆေးစားလိုက်ပါလားဆိုတဲ့ အကြံမျိုးတော့ တို့ကို လာမပေးနဲ့'

'ကိုယ့်ကို အဲသလောက်ထိ မစော်ကားပါနဲ့ ကေရီ၊ သည်လို ရက်စက်တဲ့အကြံဉာဏ်မျိုး ကိုယ်ဘယ်တော့မှ မပေးဘူး၊ သည်လို လုပ်ဖို့ကိုင်ဖို့ ကေရီက လာတိုင်ပင်ရင်လည်း ဘယ်တော့မှ ခေါင်းမညိတ်ဘူး'

'ဆောရီး ငြိမ်းချမ်းရာ၊ အမှန်တိုင်းပြောရရင်တော့ တို့ရင်ထဲမှာ အပူမီးတောက်လောင်နေတာ အမှန်ပဲ၊ အိမ်မှာ ဒေါ်သက်ထားခွေက တို့ကို ရိုးရိုးသားသားကြည့်ကတောင် တို့ စိတ်ထဲ မလုံခြုံဘူးဖြစ်နေတယ်'

ညနေ စောင်းလာသည်။

ငြိမ်းချမ်းကို ပြောချင်နေသည့်စကားတွေက ရင်မှာ တင်းကြပ်နေ၏။

မီမီ ပြောချင်သည့်စကားသည် ငြိမ်းချမ်း အပေါ်မှာ တရားမျှတမှုရှိပါ့မလားဆိုသည့် အတွေးကလည်း ခေါင်းထဲ ဝင်သည်။ နောက်ပြီး ငြိမ်းချမ်း ခေါင်းတစ်ချက်ခါလိုက်တာနှင့် သူမ ရှက်ပြီး အသက်ထွက်သွားနိုင်ပါ၏။

အတန်ကြာ တိတ်ဆိတ်မှုအပေါ်မှာ သည်းမခံနိုင်ဟန်ဖြင့် ငြိမ်းချမ်းက မီမီ မျက်နှာကိုစူးစိုက်စိုက်လေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အကြည့်ဒဏ်ကို ကေရီ မခံနိုင်ပါ။

'ပြန်ကြရအောင် ငြိမ်းချမ်းရယ်'

'ပြန်လို့မဖြစ်သေးဘူး ကေရီ'

'ဟင်… ဘာဖြစ်လို့လဲ'

'ကေရီ အတွက် ကိုယ် အရမ်းခံစားနေရတယ်'

မျက်ရည်ကို မုန်းတီးပါသည်ကိုမှ ကေရီ့မျက်ဝန်းမှာ မျက်ရည်တွေဝဲရစ်လာ၏။

'ကေရီ'

'ဘာလဲ ငြိမ်းချမ်း'

'ကိုယ့်ကို အကူအညီတစ်ခု တောင်းလိုက်စမ်းပါ ကေရီရယ်'

'တို့ ဘယ်လိုပြောထွက်မလဲ'

'ကေရီပြောနေတဲ့ အကောင်းဆုံး သူငယ်ချင်းဆိုတာလေ၊ ကို ကေရီ့အတွက် အကောင်းဆုံးသူငယ်ချင်း ဖြစ်ချင်တယ်'

'ငြိမ်းချမ်း သဘောထားတွေကို တို့ သိလိုက်ရပါပြီ ဒါပေမဲ့ ငြိမ်းချမ်းရယ်… ယူ အရမ်းနစ်နာပါတယ်'

'ကေရီ့အတွက် အနစ်နာကိုခံချင်တာပါ၊ ကလေးအတွက် အဖေကိုပြနိုင်ဖို့ ကေရီ စိတ်မပူနဲ့တော့နော်၊ ကလေး





မွေးပြီးမှ ကေရီ့ဆုံးဖြတ်ချက်နဲ့ဘာမဆို ကေရီ ပေါ်ခွင့်ရှိတယ်'

ကေရီ့ မျက်ဝန်းမှ မျက်ရည်တစ်ခုက ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ၏။

'ကိုယ် ဒီလိုပြောတာ ကေရီက အခွင့်အရေးယူချင်လို့ ထင်ချင်ထင်မယ်၊ ကိုယ် ကေရီနဲ့ပတ်သက်ပြီး ဘာအခွင့်အရေးမှ ယူချင်စိတ်မရှိပါဘူး၊ မျှော်လည်း မမျှော်လင့်ပါဘူး၊ ကိုယ် ကေရီကို့ချစ်တာ ကေရီ သိပါတယ်၊ ဒါပေမဲ့ တစ်ခါဖွင့်ပြောပြီးကတည်းက ဒီအချစ်ကို ကိုယ့်ရင်ထဲမှာ တစ်သက်လုံးသိမ်းထားဖို့ ဆုံးဖြတ်ပြီးပါပြီ၊ အခုကိစ္စမှာ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ကိုယ် ကေရီ့ကို ကူညီတာပါ'

စကားကို ပြန်ပြောရမှန်းမသိအောင် ကေရီ့စိတ်တွေ လှုပ်ရှားနေ၏။ ငြိမ်းချမ်း မျက်နှာကိုတော့ ကျေးဇူးကြီးလှစွာ ငေးကြည့်နေမိပါသည်။

'ကိုယ်ပြောတာ ကေရီ သဘောပေါက်ပါတယ်နော်'

ခေါင်းညိတ်ပြရင်း…

'ဘေးကြပ်နံကြပ်ဖြစ်လာတော့ ငြိမ်းချမ်းကိုပဲသတိရတယ်၊ တို့ဘဝမှာ ယောကျ်ားလေးအဖော်ဆိုလို့ ငြိမ်းချမ်းပဲ ရှိခဲ့တာလေ၊ ထွက်လာတုန်းက ငြိမ်းချမ်းဆီက အဲဒီအကူအညီပဲတောင်းဖို့ ထွက်လာတာ၊ ငြိမ်းချမ်းမျက်နှာ မြင်တော့



www.burmeseclassic.com

www.burmeseclassic.com



မပြောထွက်တာထက် မပြောရက်တော့တာ၊ တို့အတွက်နဲ့ ယူ သိပ်နစ်နာသွားမှာကို အရမ်းစိုးရိမ်တယ်၊ ငြိမ်းချမ်းရဲ့ သဘော ထားဆန္ဒတွေ တို့ဘက်မှာရှိနေတော့ တို့ အရမ်းဝမ်းသာသွား တာပဲ'

ငြိမ်းချမ်း အပြုံးတွေပကတိ ရှင်းသန့်နေ၏။ ရိုးသားမှု များစွာကို ညည်ဆိုက်ကားသမားလေး မျက်နှာပေါ်မှာ ကေရီ ရှာတွေ့ပါ၏။

'ငြိမ်းချမ်း တို့ ဒီမှာ နေလို့တော့မဖြစ်ဘူး'

'ကေရီက ဘယ်လိုစဉ်းစားထားလဲ'

'တစ်ရပ်ကကြေးကို သွားကြမယ်လေ၊ သူများ မြို့ရွာ မှာ ငြိမ်းချမ်းက တို့အရှက်မကွဲအောင်သာ နေပေးပါ၊ ဒီမှာလို တော့ ငြိမ်းချမ်းက လူပျို့မဟုတ်ဘူးပေါ့'

'ကိုယ်က ကေရီ့ဆန္ဒမှန်သမျှကို လိုက်လျောဖို့ ဆုံးဖြတ်ပြီးသားပါ၊ တစ်ခုစဉ်းစားမိတာက သူများ မြို့ရွာမှာ ရင်ဆိုင်ရမယ့် နေရေးစားရေးပြဿနာလေ၊ အဲ… တစ်ခုတော့ ရှိတယ် ကေရီ'

'ဘာကိုလဲ ငြိမ်းချမ်း'

'ပြင်ဦးလွင်မှာ ကိုယ်နဲ့ ညီအစ်ကိုလို ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်၊ သူက ကျောင်းပြီးကတည်း





က ကိုယ်ပိုင်တက္ကစီမောင်းနေတာ'

'လူပျို့လူလွတ်လား'

'အိမ်ထောင်နဲ့၊ သူ့မိန်းမက ကျောင်းဆရာမပဲ ကေရီ၊ ...င်မယားနှစ်ယောက်စလုံး သဘောကောင်းတယ်၊ ကိုယ်ပိုင် ...ုံးချင်းအိမ်ကလေးနဲ့ နေတာ အကွေ့မှာ ဒီကောင့်ပဲ မြင် ...ယ်'

'ငြိမ်းချမ်း အစီစဉ်လုပ်လေ၊ အလုပ်လုပ်စရာလည်း ...လိုဘူး၊ တို့မှာ ငိမ်ငွေ အပြည့်အစုံပါလာမှာ၊ ငြိမ်းချမ်း ...်အတွက် သားလေး သို့မဟုတ် သမီးလေးပေါ့ပါယ်၊ မွေးပြီး ...အခင် နာမည်ပေးရုံပါ၊ သည့်ထက်ပိုပြီး တို့ ငြိမ်းချမ်းကို ...ွှမပေးရက်ပါဘူး'

'ကေရီနဲ့ ပတ်သက်သမျှကို ကျွန်တော်မထင်ပါဘူး'

ကေရီ လှိုက်သိုက်ကလေးပြုံးသည်။

အပြန်မှာ ကေရီ့စိတ်တွေ လွှတ်လပ်ပေါ့ပါးလာပါ ဘဝတစ်ခုကိုတော့ ကေရီ အစပြုရပါတော့မည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

ညက ရထားပေါ်မှာ အတွေးတွေမထွေပြားဘဲ အိပ်ပျော်လာသည့်အဖြစ်ကိုလည်း ကေရီ ကိုယ့်ကိုယ်ကို အံ့ဩသည်။ မန္တလေးဘူတာကြီးရထားဆိုက်ပြီး ရထားပေါ်ကဆင်းတော့ ငြိမ်းချမ်းကပင် မေးယူရပါ၏။

'တစ်ညလုံး သောကမရှိသလို အိပ်နေလိုက်တာများ ကေရီရယ်၊ ကိုယ့်မှာတော့ ကေရီ့ဖေဖေ စိတ်တွေပူပြီး လိုက်ရှာနေကြမှာပဲလို့ တစ်ညလုံး တွေးလာတာ၊ အိပ်လို့တောင် မရပါဘူး'

'ဖေဖေတို့ မရှာပါဘူး'

'ပြောနိုင်လို့လား'

'ပြောနိုင်တယ် ငြိမ်းချမ်း၊ စာကိုဖတ်ပြီး ဖေဖေ ပင့်သက်တချချဖြစ်နေမှာ တစ်ခုပဲ'





'ကေရီက စာကို ဘယ်လိုရေးထားခဲ့လို့လဲ'

'သမီး ချစ်သူနောက်ကို လိုက်သွားပါပြီ၊ သမီးချစ်သူကို ဖေဖေ ဘယ်လိုမှ သဘောတူကြည်ဖြူမှာ မဟုတ်ဘူးဆိုတာ သမီး သိပါတယ်၊ ဖေဖေ့အတွက် မြေးဦးလေးရတဲ့နေ့မှာ သမီးပြန်လာပါ့မယ်၊ သမီးကို စုံစမ်းလိုက်ရှာဖို့ မကြိုးစားပါနဲ့၊ အချိန်တန်ရင် သမီးရဲ့အိမ်ကို သမီး ပြန်ရောက်လာပါလိမ့်မယ်လို့ ရေးထားခဲ့တယ်'

'အင်းလေ… ကုန်လွန်ခဲ့တဲ့အတိတ်ကို မစဉ်းစားတာဘဲ ကောင်းပါတယ်'

ဘူတာအပြင်ဘက် ထွက်ခဲ့သည်။

ငြိမ်းချမ်းအကြည့်တွေ ဟိုသည်ရောက်နေတော့ ကေရီက…

'ကားဂိတ်က ဘယ်မှာလဲ'

'မသိဘူးလေ'

'ဒါလောက် သေချာနေမှတော့ ယူ့ သူငယ်ချင်းကို တွေ့တော့မှာပေါ့'

ကေရီ၏ အရွဲ့စကားကို ငြိမ်းချမ်းက ရယ်၏။

'မေးမြန်းသွားလိုက်ရင် ရပါတယ် ကေရီရယ်၊ အောင်ချမ်းသာကို တွေ့မှာအသေအချာပါ၊ ပြင်ဦးလွင်ကို သူ့



www.burmeseclassic.com

www.burmeseclassic.com



ကားတက်သွားတယ်ဆိုရင်တောင် ဂိတ်မှာထိုင်စောင့်နေလိုက်ရုံပဲ'

'သေချာရဲ့လားဟာ'

'ဟိုဘက်ကမ်းတောင် လွန်သေးတယ်'

ငြိမ်းချမ်း ရွှင်ရွှင်ပျပျဖြစ်နေသည်ကိုကြည့်ပြီး ကေရီ ပျော်လာသည်။ ငြိမ်းချမ်း ပြောသလိုမေးမြန်းရင်း ကားဂိတ်ရောက်တော့…

'ဟာ… ဟိုမှာ… အောင်ချမ်းသာ၊ ဟော့ကောင်… ဟော့ကောင် အောင်ချမ်းသာ'

ငြိမ်းချမ်း ခေါ်သံကြောင့် အသားညိုညို၊ အရပ်မြင့်မြင့် ဂျင်းဘောင်းဘီပြာ၊ ပုဆိုးရှပ်ပြာနှင့် ပုဂ္ဂိုလ်က ဆက်ခနဲ လှည့်ကြည့်လာသည်။

'ဟာ… ငြိမ်းချမ်း'

အပြေးကလေးလာပြီး အနားရောက်လာတော့ ငြိမ်းချမ်းလက်ကို အားရပါးရ ဆုပ်ကိုင်၏။

'မထင်ဘူးကွာ… မထင်ဘူး၊ ကဲ… ပြောစမ်း မန္တလေးကို မင်း ဘာလာလုပ်ကာလဲ'

'မန္တလေးကိုလာတာ မဟုတ်ဘူး၊ ပြင်ဦးလွင်မှာနေတဲ့ မင်းဆီကို လာတာ'





'ငါ့ဆီကိုလာတာ ဟုတ်လား၊ ဝမ်းသာစရာကြီးပေါ့ကွာ'

ပြောရင်း ဝမ်းသာရင်းနှင့် အောင်ချမ်းသာဆိုသည့် ပုဂ္ဂိုလ် ကေရီ့ကိုလှမ်းကြည့်ရင်း ငြိမ်းချမ်းကို တီးတိုးစကားဖြင့်…

'သူကလေးက ဘယ်သူလဲ'

'သူကလေးလား၊ သူကလေးက ငါ့မိန်းမပေါ့ကွ၊ ငါ မင်းဆီကို မိန်းမခိုးလာတာ'

'အားပါးပါး… ဝိုပြီး ပျော်စရာကြီးပါလားကွာ'

ကေရီ့မျက်နှာ ခပ်ရဲရဲလေး ဖြစ်သွား၏။ သို့သော်လည်း သူငယ်ချင်းနှစ်ယောက်၏ ရယ်မောဟန်များကို ကြည့်ပြီးနဘေးမှနေ၍ ပျော်လာပါ၏။

'မန္တလေးကိုလျှောက်လည်ဦးမလား'

'မလည်တော့ပါဘူးကွာ၊ မင်း ကားပျက်တော့မယ် မဟုတ်လား၊ ပြင်ဦးလွင်ပဲ တန်းတက်မယ်လေ'

'အိုကေ… ပေး… ပေး၊ မင်းလက်ထဲက ဆွဲအိတ်ကြီးကို ငါ့ကို ပေးစမ်း'

'အိတ်ထဲမှာ ငါ့မိန်းမရဲ့ ထဘီတွေပါတယ်ကွ'

ကေရီက ငြိမ်းချမ်းမျက်နှာကို ခပ်စွေစွေလေးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပျော်နေပါလား။

သူ့အတွက် စစ်မှန်သောအပျော်ကို ကေရီ မပေးနိုင်တာကတော့ ဝမ်းနည်းစရာပါပဲ။

'ပေးစမ်းပါကွာ၊ ကားသမားတွေအတွက် ထဘီသေတ္တာတို့ ဘာတို့ဆိုတာ ဆန်းပြားတဲ့ကိစ္စ မဟုတ်ပါဘူး'

သေတ္တာကိုဆွဲယူပြီး ကားပေါ်တင်သည်။ မိမိကို ပြုံးပြသည့်အပြုံးတွေက လှိုက်လှိုက်လှဲလှဲ ဖေါဖေါရွှေရွှေပါပဲ။

နောက်ပြီး…

အောင်ချမ်းသာရဲ့ ပျော်နေတတ်ဟန်များကလည်း ခင်မင်ဖွယ်ကောင်းနေသည်။ သည့်အတွက် အောင်ချမ်းသာ၏ ရယ်ရွှန်းပတ်ရွှန်းစကားများအပေါ်မှာ ကေရီ သိပ်မရှက်တတ်တော့။

'ငြိမ်းချမ်းကြီး မိန်းမရလာတာကိုတော့ ကျွန်တော်တကယ် အံ့ဩတယ် ကေရီ၊ ကျွန်တော်က ဒီကောင် တစ်သက် စွံမယ်လို့ကို မထင်တာ'

'ဘာဖြစ်လို့လဲ ကိုအောင်ချမ်းသာ'

'အထက်တန်းကျောင်းသားဘဝ၊ အဓေးသင်ကျောင်းသားဘဝကတည်းက အတူနေလာတာဗျာ၊ ရည်းစားလည်းမထားတတ်၊ ရည်းစားစာလည်း မရေးတတ်နဲ့ ဘယ်လိုကောင်မှန်းလည်း မသိဘူး'

'ဟော့ကောင်… ငါ့အရည်အချင်းကို လျှောက်ပြောမနေနဲ့၊ ကေရီ အရမ်းအထင်ကြီးသွားလိမ့်မယ်'

ရယ်ရယ်ပြုံးပြုံးနှင့် ကေရီတို့ ကားပေါ်တက်သည်။ သည်မှာ အောင်ချမ်းသာက သူ့ကားနံဘေးမှ ပုဂ္ဂိုလ်ကြီးကို လှမ်းအော်ပြော၏။

'အလှည့်ကျော်တာ မဟုတ်ဘူးနော် ကိုကြီးကျော်၊ ဒါ ကျွန်တော့သူငယ်ချင်း ရန်ကုန်က၊ ကျွန်တော့ အိမ်မှာဘဲတည်းမှာ'

'သဘောပေါက်ပါတယ် ကိုယ်တော်ရယ် လုပ်ပါ၊ ကိုယ်တော်က ကျုပ်တို့ကို အမြဲအနိုင်ယူနေကျပါ'

'နက်ဖြန်ကျရင် ကိုကြီးကျော်အတွက် ဝီစကီတစ်လုံးဗျာ'

'ဟဲ… ဟဲ… မင်းက အဲဒါလေးတွေ ချစ်ဖို့ကောင်းနေတာ'

အောင်ချမ်းသာက ပြုံးနေ၏။

ရှေ့ခန်းမှာ ကေရီ သက်တောင့်သက်တာ ထိုင်သာအောင် နေရာပြင်ပေးရင်း ကေရီ့ လက်မောင်းကို ဖွဖွဆုပ်ကိုင်မိတော့…







www.burmeseclassic.com

www.burmeseclassic.com



'ကေရီ နားလည်ပေးနော်'

ငြိမ်းချမ်းက တိုးတိုးပြောသည်။

'နားလည်တယ် ငြိမ်းချမ်း၊ နောက်ဆိုပိုပြီး ရင်းရင်းနှီးနှီးနေရမယ်ဆိုတာလည်း နားလည်ထားတယ်'

'ကိုယ့်ကြောင့် ကေရီ ဘယ်တော့မှ မှဲ့တစ်ပေါက်ပစွန်းစေရဘူး'

'တိတ်စမ်း… ဟိုမှာ အောင်ချမ်းသာ ကြည့်နေတယ်။ အလိမ်တွေပေါ်ကုန်မယ်'

ပြောနေဆဲမှာ အောင်ချမ်းသာ အနားသို့လျှောက်လာပြီး…

'မောင်နှမအရင်းအချာ တစ်ယောက်လိုပဲ သဘောထား ကေရီ၊ ငြိမ်းချမ်းနဲ့ကိုယ်နဲ့က တတွဲတွဲနေလာခဲ့ကြတာ ဖြင်ဦးလွင်သူနဲ့ အိမ်ထောင်ကျမှ လူချင်းကွဲသွားတာ'

'ကိုအောင်ချမ်းသာ ဇနီးက ကျောင်းဆရာမဆိုတာ လည်း ငြိမ်းချမ်းက ပြောတယ်'

'ဟုတ်ပါ့ဗျာ၊ ကျောင်းဆရာမကို ယူထားရတာ အတော့်ကို စိတ်ရှုပ်နေရတယ် ကေရီရေ၊ ကိုယ့်ယောကျ်ားကိုလည်း သူ့ကျောင်းက ကျောင်းသားလေးလို သဘောထားချင်ထားနေတာ၊ တစ်ခါတခါများ စိတ်မတွေ့ရင် ထိပ်ကို





ခိုးခနဲဇက်ခနဲ ခေါက်တတ်သေးတယ်'

အောင်ချမ်းသာသည် ပျော်ပျော်နေတတ်သူ တစ်ယောက်ဖြစ်ကြောင်း ကေရီ အကဲခတ်မိ၏။

'ခဏထိုင်နေကြဦး ဟုတ်လား၊ လူခေါ်လိုက်ဦးမယ်'

အောင်ချမ်းသာ ထွက်သွားပြီး တစ်ခဏအကြာမှာပင် အသက်သုံးဆယ်ဝန်းကျင် အတွဲတစ်တွဲနှင့်အတူ ပြန်ရောက်လာ၏။

'ရှေ့ခန်းမှာတော့ နှစ်ယောက်ရှိနေပြီ၊ အစ်ကိုကြီးတို့ လွတ်လွတ်လပ်လပ် စီးချင်ရင် နောက်ခန်းကိုအပိုင်စားယူ၊ ခြောက်ယောက်စာတော့ ပေးပေါ့ဗျာ'

'ရပါတယ်၊ ကိုယ်က တစ်စီးလုံးတောင်ငှားချင်တာ'

'အခုလည်း မထူးပါဘူး အစ်ကိုကြီးရာ'

'ကိုယ် သဘောပေါက်ပါတယ်၊ ကဲ… ညီလေးက ပစ္စည်းတွေ နေရာချပေးပါဦး'

အောင်ချမ်းသာက ပစ္စည်းများကို ကားပေါ်တင်ပေးသည်။ ပစ္စည်းများဆိုသော်လည်း များများစားစားမဟုတ်ပါ။ မိမိတို့လို ခရီးဆောင်အိတ်ကြီး နှစ်အိတ်သာဖြစ်၏။

'ကဲ… သွားကြမယ်၊ တစ်ခုခုကော စားချင်ကြသေးလား'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုခုတော့ စားကြမှနဲ့တူတယ်၊ ရထားပေါ်မှာ ဘာမှမစားခဲ့ရဘူး၊ လက်ဖက်ရည်ဆိုင် ကောင်းကောင်းကို မောင်းပို့ ညီလေး'

အောင်ချမ်းသာက ကားစက်ကိုနှိုးရင်း…

'အကောင်းဆုံး လက်ဖက်ရည်ဆိုင်ကို ခေါ်သွားမယ်၊ ဆိုင်ကလေး မသားနားပေမယ့် ရှုခင်းကောင်းတယ်၊ စိတ်ကြည်လင်ရမယ်၊ ဒီနေ့ ကျွန်တော့်ကားပေါ်မှာ မင်္ဂလာအတွဲ နှစ်တွဲ ပါလာတဲ့အတွက် မင်္ဂလာလက်ဖက်ရည်ကို ကျွန်တော်ကပဲ ဂုဏ်ပြုဒကာခံပါ့မယ်'

ကားပေါ်မှာ အရယ်တွေ ပွင့်ထွက်သည်။

တောင်တက်လမ်းအကွေ့မှာ ကိုယ်ကလေးတွေ တိမ်းညွှတ်သွားတော့ ငြိမ်းချမ်းက ကေရီ့ပခုံးစွန်းကို ဖွဖွလေးဆုပ်ဖက်သည်။

ရင်မှာခုန်လှုပ်ခြင်း မရှိသော်လည်း ကေရီ ငြိမ်းချမ်းကို ပိုမိုခင်တွယ်သွားသည်ကိုတော့ ဘာသာသိပါ၏။

◆



(၂၅)

နေရေးထိုင်ရေး အဆင်ပြေပါသည်။

ခြံကျယ်ကလေးထဲမှာ အောင်ချမ်းသာတို့ အိမ်ကလုံးချင်းနှစ်ခန်းတွဲ။ ခြေရင်းခန်းငှားနေသူတွေ ပြောင်းသွားသည်မှာ မကြာသေးဟု အောင်ချမ်းသာက ပြောသည်။

သည်တုန်းက…

မင်းတို့လင်မယားကို နှစ်ချုပ်နဲ့ငှားလိုက်ပြီဟု အောင်ချမ်းသာက ပြောသည်။ နှစ်ချုပ်လစာပေးတော့ အောင်ချမ်းသာတို့လင်မယားက စိတ်ဆိုးသေး၏။

ပြီးတော့ ပြောသေးသည်။

'လင်မယားနှစ်ယောက်က နောက်လို့နောက်မှန်းလည်း မသိဘူးကွာ၊ တစ်သက်လုံးနေ လခတစ်ပြားပေးစရာမလိုဘူး'



www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းသာတို့ လင်မယားက မိမိတို့အပေါ် သည့်လို ကောင်းခဲ့ပါသည်။

ပင့်သက်ကိုချပြီး လတ်ဆတ်အေးမြသောလေကို ကေရီ ခပ်ပြင်းပြင်းရှိုက်သွင်းလိုက်၏။ ပန်းနံ့သင်းသင်းကြောင့် စိတ်မှာ ကြည်ကြည်လင်လင်ကလေး ဖြစ်လာရသည်။

ကေရီ လမ်းမဘက်သို့ ငေးမျှော်ကြည့်သည်။

ငြိမ်းချမ်း၏ အရိပ်အယောင်ကို မမြင်ရသေး။ အောင်ချမ်းသာနှင့်အတူ မန္တလေးလိုက်သွားသလားဟုလည်း ကေရီ တွေးသည်။

တွေးရင်းနှင့်ပင် ခြံတံခါးဝမှအတွင်းသို့ ပြန်ဝင်ခဲ့သည်။ အိမ်ရှေ့မှာခင်းထားသည့် ကွပ်ပျစ်ပေါ် ထိုင်ချလိုက်၏။

သည်မြေသည်ဒေသကတော့ မြင်သမျှအလှတွေပါပဲ။ ရန်ကုန်ကခြံထဲမှာ မမြင်ဘူးသည့် ပန်းအမျိုးနွယ်ပေါင်းစုံကို မြင်ရတော့လဲ ကေရီ စိတ်မှာတစ်မျိုးလှုပ်ရှား ရပြန်ပါပဲ။ သည့်ကြားထဲမှာ အိမ်ကကောင်မလေးတွေ ငါ့ပန်းပင်တွေ ရှေ့မှလောင်းရဲ့လား ဆိုသည့်အတွေးကလည်း ကြွကြွဖျဖျ ဝင်သည်။

'ကေရီ'





ခေါ်သံကြောင့် လှည့်ကြည့်တော့ နောက်ပါးမှာ မားမားမတ်မတ်ကြီး ရပ်လာသည့် ငြိမ်းချမ်းကို တွေ့သည်။

'ကြာလိုက်တာဟယ်'

'ခင်နှင်းနဲ့ ကျောင်းကိုလိုက်သွားတာ'

'ကိစ္စက'

'ခင်နှင်းတို့ကျောင်း မိဘဆရာအသင်းက အကူအညီ တောင်းတယ်၊ ခုတလောပြတဲ့ဆရာမ ထွက်သွားလို့ ဆရာစားမရ ခင် ကူညီဖို့ပါ'

'တို့ကို မတိုင်ပင်ပဲလား၊ ယူ့ အလုပ်လုပ်စရာ မလို ဘူးလို့ တို့ ပြောထားတဲ့စကားကို ငြိမ်းချမ်း လေးစားဖို့ ကောင်းတယ်'

'ခုဟာကလည်း အလုပ်လုပ်တာ မဟုတ်ပါဘူး ကေရီ၊ စာမေးပွဲကလည်းနီးတော့ ကလေးတွေရဲ့ ပညာရေး ကို ကူညီတာပါ၊ ခင်နှင်းကလည်း ကူညီစေချင်တဲ့ဆန္ဒရှိတော့ ကိုယ် ခေါင်းညိတ်လိုက်တာပါ၊ တစ်လတည်းပါ'

'မဟုတ်ဘူးလေ၊ တစ်နယ်တကျေးမှာ သည်နှစ် ယောက်ပဲ အနီးကပ်ရှိတာ၊ ဘာပဲလုပ်လုပ် တိုင်ပင်သင့်တာ ပေါ့'

'ကိုယ် သဘောပေါက်ပါတယ်၊ တစ်လဆိုတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တာက ကေရီ မီးဖွားရက်နဲ့ အလှမ်းဝေးသေးတယ်လေ စိတ်ချပါ ကေရီ၊ ငြိမ်းချမ်းဟာ ကေရီ့နားမှာ အမြဲရှိနေမယ့် လူသားတစ်ယောက်ပါ'

သည်စကားနှင့်ပင် ကေရီ ငြိမ်းချမ်းကို အပြစ်စကားကို မဆိုရက်တော့။ ခင်နှင်းမျက်နှာနှင့်တစ်လဆိုသည့် အထူ အညီကလည်း ပေးတန်ကောင်းပါ၏။

'အရည်အချင်းဆိုတာ ပြခွင့်ရတဲ့အချိန်မှာပြတော့ ကေရီလည်း ဂုဏ်တင့်တာပေါ့'

အကျိုးကြောင်းဆီလျော်သည့်စကားပါ။ မျက်နှာကို ခဲ့စေ့စေ့ကလေးကြည့်ပြီး စိတ်မကောင်းဖြစ်ရသေးသည်။

'ငြိမ်းချမ်းက ကေရီ့အတွက် ဘက်စုံကြည့်တာပါပဲ လား'

'အဲဒီအတွက် ကိုယ် ကျေနပ်နေတယ်လေ'

'မဟုတ်ဘူးလေ၊ သူ့ဘက်က ပေးနိုင်သမျှပေးပြီး တို့က ဘာမှပြန်မပေးနိုင်တော့…'

'ကိုယ် ကေရီ့အပေါ်မှာ ဘာမျှော်လင့်ချက်မှ မထား ဘူး၊ တစ်ခုခုမျှော်လင့်မှုရှိနေရင် ကိုယ့်စေတနာ ဘယ်သန့် တော့မလဲ'

'မဟုတ်သေးဘူး… မဟုတ်သေးဘူး'





'ကိုယ်ပြောမယ် ကေရီ၊ ကိုယ့်အချစ်ကို ကေရီ ပေါ့ပေါ့လေး ထင်ချင်ထင်မယ်၊ ကိုယ့်ဘက်က အနစ်နာခံလို့ ကေရီက သနားသဖြင့် တုံ့ပြန်ချစ်မယ်ဆိုရင် အဲဒီအချစ်က ဘယ်လိုမှ မြတ်နိုးစရာကောင်းလာမှာ မဟုတ်ဘူး၊ အိုလေ… ဘာကိုမှ အတွေးနက်နက်နဲ့ ကေရီ မစဉ်းစားပါနဲ့၊ လက်ရှိ ကိုယ့်ခေါင်းထဲမှာသည်း ကေရီ ကျန်းကျန်းမာမာနဲ့ စိတ်ချမ်း ချမ်းသာသာ ရှိဖို့ပဲ'

ငြိမ်းချမ်း၏ ရှင်းသန့်သောမျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေဆဲ…

'ဟိဟိ… ဟိုနှစ်ယောက် ဘာမုပ်နေကြတာလဲ၊ ထမင်းစားကြမယ်လေ'

'ဟယ်… ခင်နှင်း ဘယ်တုန်းက ရောက်နေတာလဲ'

ကေရီ တအံ့တသြ။

'စကားတွေ ပြောမကုန်အောင် ဖြစ်နေလိုက်ကြတာ၊ လူတစ်ယောက်လုံး ဝင်လာတာတောင်မသိဘူး၊ ပြောထား… မောက်တိုးလေး တစ်ယောက်ရလာတာနဲ့ စကားပြောဖို့ အချိန် တောင် ရမှာမဟုတ်ဘူး'

'ဒါကြောင့် ခင်နှင်းနဲ့ ကိုအောင်ချမ်းသာက မောင် တိုးလေးကို အလာမခံသေးတာပေါ့ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အမှန်ပဲ ကေရီ၊ ကိုယ်တို့ လင်မယားက ချစ်လို့မဝ ကြသေးဘူးကွ'

ခင်နှင်းက ပြုံးရင်းနှင့် အိမ်ပေါ်တက်ခဲ့သည်။

'ဒါပေမဲ့လည်း သိပ်အကြာကြီးတော့ မနေနိုင်ပါဘူး ကေရီရာ၊ ကိုအောင်ကဆို အိမ်မှာ ဂစ်တာလေးတစ်လက် တော့ ရှိသင့်ပြီကွာလို့ ခဏခဏပြောတယ်'

'ဘာလဲဗျ ဂစ်တာဆိုတာ'

ယခုစကားကို ငြိမ်းချမ်းက မျက်မှောင်ကုတ်ပြီး မေး၏။ ခင်နှင်းက ရယ်လိုက်ပြီး…

'အိမ်ရဲ့ဆည်းလည်းဆိုတဲ့စကားက ဒီခေတ်မှာ အောက်သွားပြီတဲ့၊ ကိုအောင် ခဏခဏပွဆာလွန်းလို့ သူ့ကို ပြောလိုက်တဲ့စကားတစ်ခွန်းတော့ ရှိပါတယ်'

'ဘာစားများလဲ ခင်းနှင်းရဲ့'

'ကေရီတို့ဆီက ရောက်လာမယ့် ဂစ်တာလေးကိုပဲ ချစ်ကြပါဦးလို့'

ကေရီ့မျက်နှာပေါ် ရှက်သွေးဖြာတက်သွားသည်။

သည်အခန်းပိုင်းမှာက မိသားစုငါးဦးပဲ ရှိပါသည်။ အောင်ချမ်းသာတို့ လင်မယားနှင့် ခင်နှင်းယုမေမေ။ ပြီးတော့ သည်ဘက်ခန်းမှာ မိမိနှင့် ငြိမ်းချမ်း။ ကလေးချစ်ချင်သည့်





အဘွဲ့တွင် ခင်နှင်းမေမေ ကြီးကြီးဒေါ်မြသက်က ဗိုလ်လို့ဆိုးပါ သည်။

'ရယ်ရင်းမောရင်းနဲ့ပဲ ကေရီကို တစ်ခုပြောရဦးမယ်'

'ဘာလဲ ခင်နှင်း'

'နောက်ပြန်ဂျူ မေမေ အနီးစခန်းက သူတူမတွေဆီ သွားလိမ့်မယ်၊ အဲဒါ…'

'မပူပါနဲ့ ခင်နှင်းရေ… ကေရီ ချက်တတ်ကြိုက်တတ် ပါတယ်၊ ကြီးမေ… [illegible] …ဆိုတော့ အဆင်ပြေ ပါဘူး'

'အားနာလို့ပါ'

'ကေရီတို့က ပြန်အားနာရမှာပါ'

ပြောရင်းထမင်းစားပွဲမှာ ဝိုင်းဖွဲ့ထိုင်ဖြစ်ကြသည်။ အောင်ချမ်းသာကတော့ မိသားစုထမင်းဝိုင်းနှင့် ဆုံစည်းခဲ့ပါ တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

သမီးအိမ်ကထွက်သွားပြီး သုံးလပြည့်သည့်နေ့တွင် မထင်မှတ်သောစကားကို သက်ထား ပြောခဲ့သည်။

ဦးမင်းဝေ ဖနီးဖြစ်သူကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေဆဲမှာ…

'ထား သည်စကားကိုပြောချင်နေတာ ကြာပါပြီ အစ်ကို၊ ဒါပေမဲ့ ထား မျိုသိပ်ခဲ့ပါတယ်၊ ဒါပေမဲ့ သည်အကြောင်းအရာကို ထား ရင်ထဲမှာအစိုင်အခဲ ဖြစ်မနေချင်တော့ဘူး၊ နောက်ပြီး ဇနီးမယားတစ်ယောက်အနေနဲ့ ထားမှာ နစ်နာမှုရှိတယ်ထင်လို့ သည်စကားပြောရတာပါ'

'ဒါဖြင့် အစ်ကို မေးမယ်'





သက်ထားက သူ့မျက်နှာကို ကြည့်သည်။

'ထား အစ်ကို့ကို လက်ထပ်တာ ခြံနဲ့တိုက်ကို ပိုင်ဆိုင်ချင်လို့လား၊ မြို့ထဲက တည်းခိုခန်းကြီးကို မက်မောလို့လား၊ ထား အစ်ကို့ကို ဖြေ'

'ထား အစ်ကို့ကို မြတ်နိုးလို့ လက်ထပ်တာပါ'

'ဒါဆိုရင် ခြံတွေမြေတွေ တိုက်တာအဆောက်အအုံတွေက အဓိကပြဿနာလား ထားရယ်၊ သည်ကိစ္စတွေနဲ့ပတ်သက်ပြီး ထား ရင်ထဲမှာအစိုင်အခဲ ဖြစ်နေစရာလည်း မလိုပါဘူး'

'ဒါဖြင့် ထားရဲ့ ပိုင်ဆိုင်မှုက…'

ဦးမင်းဝေက ယွန်းဘူးကလေးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ယူပြီး မီးညှိသည်။ စီးကရက်ငွေ့ကို ရှိုက်ယူမှုတ်ထုတ်ပြီး…

'ကဲ… ပြော၊ ထား ဘာကိုပိုင်ဆိုင်ချင်လဲ'

'အစ်ကို ရွဲ့ပြီးမေးတာလား'

ဦးမင်းဝေ သက်ထားမျက်နှာကို စိတ်ပျက်လှစွာ ကြည့်သည်။ ပြီးတော့ သမီး၏ပုံရိပ်။

'ထား ပြောမယ်'

ဦးမင်းဝေက နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေတဲ့ခြံက အကျယ်ကြီးပါ အစ်ကို၊ ခြံကြီးကို တစ်ဝက်ခွဲပြီး အစ်ကိုနဲ့ ထားအတွက် စီစဉ်သင့်ပါတယ်'

'အဲသလို စီစဉ်တာကို သမီးက လက်ခံမလား၊ အစ်ကိုပြောင်းဆိုကာတွေကို သမီးက လိုက်လျောမယ်လို့ ထား ထင်သလား'

'အစ်ကိုက ဖိဘာပဲဟာ'

ဦးမင်းဝေ ပင့်သက်ကိုခပ်ကြမ်းကြမ်း မှုတ်ထုတ်သည်။ ပိုင်ဆိုင်မှုအတွက် သမီးကို ဖျားယောင်းသွေးဆောင် ရအောင်ကလည်း သမီးသည် ကလေးမဟုတ်။ သမီး၏ နားလည်တတ်သိမှုနှင့်ယဉ်ကျေးမှုများက ဘယ်လိုမှ ဦးခေါင်း ကို ညိတ်လိမ့်မည် မဟုတ်။

'သမီး တက္ကသိုလ်တက်တဲ့နှစ်မှာ သူ့အမေက သူ့ သမီးကို အမိုင်အမာလွှဲပြောင်းပေးခဲ့တာ ထား၊ သည်ပစ္စည်း တွေကလည်း အစ်ကိုနဲ့ရတဲ့ လက်ထပ်မှုအား မဟုတ်ဘူး၊ ထား ကို အစ်ကို ပြောဖူးပါတယ်၊ သမီးရဲ့ အဘိုးအဘွားတွေဟာ လူချမ်းသာတွေပါဆိုတာ'

'ထား ပြောမယ်'

'ပြောလေ'

'မပြောကောင်း မဆိုကောင်း အစ်ကိုသာ တိမ်းပါး





သွားခဲ့ရင် ထား ဒီခြံထဲက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားရမှာလား'

'တိတ်စမ်း၊ မင်း သည်အထိကောင်း မြင်ကိုယ်ရိုင်းရိုင်း တွေးနေရသလား'

ဦးမင်းဝေ ထိုင်ရာမှ ခပ်ကြမ်းကြမ်းထသည်။ သူ့ကို ကြည့်နေသည့် သက်ထား၏ မျက်နှာထားသည် အေးစက်တင်း မာလျှန်းနေ၏။

'ကျွန်မကော မှား မဟုတ်ဘူး'

'ဟင်... မင်းစဉ်းစဲမှာ ငါ့ကိုချစ်တယ်ဆိုတဲ့ ချစ်ခြင်း မေတ္တာတွေ ဘယ်ရောက်ကုန်ပြီလဲ ထား'

'သည်အရွယ်မှာ ချစ်ခြင်းမေတ္တာတွေ၊ သစ္စာတွေ ပြောပြောမနေနဲ့ ဦးမင်းဝေ၊ ကျွန်မ အရုပ်ကလေးတစ်ရုပ် မဟုတ်ဘူး၊ သက်ရှိလူသား၊ လူပီပီ တပ်မက်တတ်တယ် မက်မောတတ်တယ်'

'တော်စမ်း'

ဦးမင်းဝေ အပေါ်ထပ်သို့ ခပ်ကြမ်းကြမ်းတက်ခဲ့ သည်။ လှေခါးထစ်ကိုနင်းဖိသည့် ခြေသံများတိုင်းမှာ သူ့ အမှား များလုပ်ခဲ့မိပြီကို သိတ်ကသိနေခဲ့ပါ၏။

သက်ထား... သူ့ညီမများထံ ဆင်းသွားသည့် နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ဦးမင်းဝေ သူ့အစ်မ ဒေါ်ခင်ဆက်ဝေကို တရားစခန်းမှ ပြန်ခေါ်ခဲ့သည်။

'အင်း… အသက်ကြီးမှ ဒုက္ခကလည်း ကြီးလှပါလား မင်းဝေရယ်၊ ငါ အကြံဉာဏ်ပေးချင်တာက မင်း သက်ထားနွယ်ကို လိုက်ခေါ်ပါ'

'မခေါ်ဘူး'

'ဟဲ့… ဘာဖြစ်လို့လဲ'

'လိုက်ခေါ်ရင် သူ့တောင်းဆိုမှုတွေက ပိုပြီးကြီးထွားလာမယ် မမ'

'သူက ဘာတွေတောင်းဆိုလို့လဲ'

ဦးမင်းဝေက အကျိုးအကြောင်းကို အစ်မ ဖြစ်သူကို ပြောပြသည်။ နားထောင်ရင်း ဒေါ်ခင်ဆက်ဝေ မျက်လုံးမျက်ဆံ ပြူးနေ၏။

'ဟဲ့… အဲဒါက ဘယ်ဖြစ်မှာလဲ၊ သူ့အမေက သူ့ပစ္စည်းကို သူ့သမီးကိုပေးခဲ့တာပဲဟာ၊ ဒီအကြောင်းကို ကေရီကို သွားနွေးနွေးရင် နင့်ကို နင့်သမီးက ပြန်အော်မှာပေါ့၊ သက်ထားနွယ်ကိုလည်း ပိုမုန်းတီးမှာပေါ့'

'သက်ထားက သမီး မရှိတုန်း အခွင့်ကောင်းယူပြီး လုပ်ချင်တာ မမ'





'ရမလဲဟာ ဟယ်…. အခြေပစ္စည်းအားလုံးက ကေရီ့နာမည်နဲ့ဟာ၊ သက်ထားနွယ်ကလည်း စိတ်ကူးရဲလိုက်တာ'

'အင်းလေ… မမရယ်၊ ကျွန်တော် တစ်ခုခုကို ဆုံးဖြတ်ရတော့မယ်ဆိုတာ စိတ်က အလိုလိုသိနေတယ်'

မောင်နှမနှစ်ယောက်၏ စကားဝိုင်းသည် သည်မျှနှင့်ပြီးစီးသော်လည်း ဦးမင်းဝေ၏ ခေါင်းတစ်ခုလုံးကတော့ ဆုံးဖြတ်ချက်များချရန် ပြင်ဆင်နေရတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

'မရွှေနှင်းရေ… ဟော့ မရွှေနှင်း'

ကားစက်သံနှင့်အတူ အောင်ချမ်းသာ၏ အသံကျယ်ကြီးကို ကြားရသည်။ အောင်ချမ်းသာက သူ့မိန်းမ ခင်နှင်းကို မရွှေနှင်းဟုလည်း ခေါ်တတ်၏။

'လာပြီ ကိုအောင်… ဒီနေ့ လှုပ်လှုပ်ခြားခြား အသံတွေဘာတွေ ကျယ်လို့ပါလား'

'ဟဲ… ဟဲ… တစ်ခါတလေတော့ ခွင့်လွှတ်ပါ မရွှေနှင်းရာ၊ ဆေးလေးဝါးလေး မှီဝဲလာလို့'

'သောက်လာမှန်းသိပြီပေါ့ ဟုတ်လား၊ ဒီအရက်သောက်တာကြီးကို မကြိုက်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ ကော်ကိုတို့ လင်မယားရှိတာကို အခွင့်ကောင်းယူပြီး အကျင့်တော့





ဖောက်မလာနဲ့နော်၊ ယိပ်မွှင့်သွားအောင် ခေါက်ထည့်လိုက်မယ်'

'မင်းဟာ လင်ကို တော်တော်နိုင်တာပါပဲလား'

'နိုင်တာမဟုတ်ဘူး၊ ရှင် ဒုက္ခရောက်မှာစိုးလို့ ပြောနေတာ၊ အလုပ်က ကားမောင်းတဲ့အလုပ်၊ တောင်တက် တောင်ဆင်းကို ကွေ့ပတ်မောင်းနေရတာ'

'အေးပါကွာ၊ ငါ့မိန်းမစကားကို အသေအချာကို နားထောင်ပါ့မယ်'

'အဲဒီစကားပြောဟာ အကြိမ်ပေါင်းတစ်ရာမကတော့ဘူး'

ကေရီက ပြုံးရင်း ငြိမ်းချမ်း မျက်နှာကိုလှမ်းကြည့်သည်။ နံရံတစ်ချပ်သာခြားသဖြင့် သည်အသံမျိုးကို တစ်ရက်ခြားဆိုသလို ကြားကြားနေရသည့်အသံပါ။ နောက်တော့လည်း အောင်ချမ်းသာ၏ ချော့စကားမော့ခကားများ အောက်ဝယ် ခင်နှင်းတို့ အသံပျောက်သွားရသည်ချည်း။

'ဟော့… ဟိုဘက်ခန်းကလင်မယား အိပ်နေကြပြီလား၊ ဒီမှာ ခေါက်ဆွဲပြုတ်ဝယ်လာတာ အလကားဖြစ်ကုန်တော့မယ်'

'အချိန်ကိုလည်း ကြည့်ဦးလေ'



www.burmeseclassic.com

www.burmeseclassic.com



'မရွှေနှင်းရယ်၊ ကိုယ်တို့ရဲ့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဝိုင်းလေးမှာ အချိန်ဆိုတာ မလိုပါဘူးကွာ၊ သည်ရှေ့ တိုးရစ်နှစ်ယောက်ကို မန္တလေးတစ်ခွင် ပြဲပြဲစင်အောင် ကိုယ် လိုက်ပို့လို့ ကားခ မြိုးမြိုးမြက်မြက်ကလေးရလာတာ'

ခင်နှင်း မျက်နှာမှာ ကျေနပ်မှုတွေရှိနေလိမ့်မည် ကိုတော့ တစ်ဖက်ခန်းမှနေ၍ ကေရီ တွေးမြင်မိသည်။

'ကေရီ ကိုယ်တို့ ဟိုဘက်ခန်းကူးမှ ဖြစ်တော့မယ်'

'သွားမယ်လေ'

'ထွက်မလာမချင်း ဒီကောင်ကြီးက အော်ခေါ်နေမှာ ဒီကောင်မူးလာရင် သိပ်ပျော်စရာကောင်းတာ ကေရီရဲ့'

'ခင်နှင်းက အရက်သောက်ပုံကို နည်းနည်းမှ ကြိုက် ပုံမရဘူးနော်'

'ခင်နှင်းက သူ့ယောကျ်ားကိုသဘောပေါက်ပါတယ်၊ သူ့အမေနဲ့အတူနေနေရတော့ ယောကျ်ားကို ဆူပြူပူပြရတာပေါ့၊ ကြီးကြီးကလည်း သူ့သားမက်ကို ခွင့်လွှတ်ထားပါတယ်၊ အောင်ချမ်းသာက အရက်မူးပြီး ရမ်းရမ်းကားကား နေတတ်တဲ့ လူစားမျိုးမှမဟုတ်တာ'

'ကေရီက အရက်သောက်တာကို အပြစ်မမြင်ပါဘူး၊ အရက်နံ့ကြီးကိုတော့ သိပ်မုန်းတာပဲ၊ ဒါက ကို့ရဲ့ သီးခြားခံ စားမှုပါ'





'အရက်သမားနဲ့ရမှ ဟုတ်ပေ့ဖြစ်နေမယ်'

ပြောပြီး ငြိမ်းချမ်းက ရယ်၏။

'ရယ်တာ အသံပြဲကြီးနဲ့ဟယ်၊ မသောက်ဘဲနဲ့ မူးပြ နေတာလား'

ရယ်ရင်းနှင့် တစ်ဖက်ခန်းသို့ ကူးခဲ့ကြသည်။ သူတို့ ကို မြင်သည်နှင့် အောင်ချမ်းသာက ရယ်တစ်ဝက်ပြုံးဝက် လုပ်ပြသည်။

'လာကြ... လာကြ၊ တစ်ရေးနိုးပြီး ဆာနေကြတာ မဟုတ်လား၊ အလိုက်တသိနဲ့ ကြက်ဥခေါက်ဆွဲကြော် ဝယ် လာပါတယ်ကွ'

စကားကို ကေရီ ခပ်ရှက်ရှက်ကလေး ဖြစ်သွား၏။ ကေရီရှက်သွားမှန်းသိ၍ ခင်နှင်းက ရယ်ရင်းနှင့် သူ့ယောကျ်ား ပေါင်ကို ဆွဲလိမ်သည်။

'အား... နာတယ် မိန်းမရာ၊ မင်းဘာလို့ ငါ့ကို သည်လောက် နှိပ်စက်နေရတာလဲ၊ မင်း ဒီလို ဆိတ်တတ်မှန်း ခေါက်တတ်မှန်း အစကတည်းကသိရင် ကျောင်းဆရာမကို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ပါပဲ'

'အံမယ်... မယူခင်ကတည်းက ဆိတ်လိုက်ခေါက် လိုက် လုပ်လာတာ၊ ခုမှ လူကြားကောင်းအောင် ပြောစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောမနေနဲ့၊ သူ့ပဲ ဆိတ်တာခေါက်တာကို တစ်မျိုးလေး ခံစားလို့ကောင်းတယ်ဆို'

'ဟာ…ဒီမိန်းမ ငယ်ကျိုးငယ်နာတွေ ဖေါ်နေပြန်ပြီ'

အစဉ်ထာဝရ သဘောကောင်းနေတတ်သော အောင်ချမ်းသာမျက်နှာမှာ အပြုံးတွေ လှိုင်နေပါ၏။

ကေရီနှင့် ငြိမ်းချမ်း သူတို့နားမှာ ဝင်ထိုင်ရင်း…

'မင်းတို့နှစ်ယောက်ကတော့ကွာ ရှားရှားပါးပါးကို လိုက်ဖက်ပါတယ်၊ တစ်ယောက်ကိုတစ်ယောက် ဘယ်နှစ်နှစ် ဘယ်နှစ်မိုးများ လေ့လာပြီး ယူကားကြတာလဲ'

အောင်ချမ်းသာက ငြိမ်းချမ်းကို မျက်လုံးမှေးစင်းပြီး ကြည့်ရင်း…

'ငါ့သူငယ်ချင်းတွေကည်းမှာတော့ မင်း အတော်ဆုံးပဲ ငြိမ်းချမ်း၊ ရှားရှားပါးပါးရထားတဲ့ ငါ့မိန်းမကို ငါ တယ်တယ်နဲ့ကြီးလေ့လာရတာပေါ့၊ မင်းကြားဖူးတယ် မဟုတ်လား ရှေးတုန်းကဆို တစ်ယောက်ကိုတစ်ယောက် သုံးနှစ်သုံးမိုးတောင် လေ့လာကြတယ်ဆိုတာ'

'မင်းတို့လည်း သုံးနှစ်သုံးမိုးကြီးတောင်လား'

'မဟုတ်ဘူး၊ ရှေးရှေးတုန်းက သုံးနှစ် ငါတို့က သုံးမိနစ်'





'ဟယ်… ကိုအောင် မိုက်ရိုင်းလိုက်တာ'

ခင်နှင်း စကားနှင့်အတူ အောင်ချမ်းသာ ထိပ်ကို ခေါက်ခနဲခေါက်သည်။

'အားပါးပါး သူငယ်ချင်းရှေ့မှာ နိုင်မပြနဲ့ကွာ၊ မင်း ရက်စက်တာတွေကို ကြည့်ပြီး ကေရီက ဟိုကောင်ကြီးကို နိုင်နေပါဦးမယ်'

'နိုင်သာနိုင် ကေရီ၊ ယောကျ်ားဆိုတာ သနားစရာ မဟုတ်ဘူး၊ စကားများရန်ဖြစ်ရင် ကိုယ်ကသာ ဦးအောင်ဆော်ထည့်လိုက်၊ ကဲ… စားကြ… စားကြ'

ပြောရင်း ခင်နှင်းက ဖွန်းနှစ်ချောင်းတပ်ထားသည့် ခေါက်ဆွဲပန်းကန်ကို ရှေ့တိုးပေးသည်။

သြော်…သည်ညသည်လည်း ခါတိုင်းညလို ပျော်စရာညပါပဲ။

အရယ်အမောတွေပြောရင်း ကေရီ ရှေ့ခရီးကိုမျှော်ကြည့်သည်။ ငြိမ်းချမ်းအတွက် ရင်မှာ မကောင်းဖြစ်ရတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(၂၈)

ရေပုံးကိုမပြီး လှေကားထက်ပေါ် လှမ်းတက်လိုက်[illegible] ခြေတင်ချက်အရှော်မှာ လက်ထဲမှရေပုံးက ဝုန်းခနဲလွတ်[illegible] သွားသည်။ ရင်မှာထိတ်ခနဲ ခံစားမှုနှင့်အတူ ခန္ဓာကိုယ်[illegible] ကိန်းဘို့မရတော့။

လှေကားထစ်ပေါ်မှ လိမ့်ကျသည့်ဒဏ်က ရင်ညွန့်[illegible] ဆူးအောင့်နာကျင်သွားသည်။ ခေါင်းမှာ မိုက်ခနဲဖြစ်သွားသည့်[illegible] အတွက် နေရာမှာရုတ်တရက် မထနိုင်သေး။ ထိုင်လျက်သာ[illegible] လဲကျနေသည့် အနေအထားနှင့်ပင် ငြိမ်သက်သက်က[illegible] နေလိုက်သည်။





'ဟဲ့… သမီး ချော်လဲပြီ… …ယ်၊ မပေါ့မပါးနဲ့ အလေးမပင်တွေ မမပါနဲ့လို့ ကြီးကြီး ပြောထားရက်သားနဲ့ ကွယ်'

အသံနှင့်အတူ ပြေးလာပြီး ခင်နှင်း မေမေက ချိုင်း အောက်ကို လက်လျှိုသွင်းပြီး ထူမပေးသည်။

'ရင်ထိတ်လိုက်တာကွယ်၊ သမီး ဘာဖြစ်သွားသေး လဲ၊ ဗိုက်ထဲက အောင့်သွားသေးလားဟင်'

'ခေါင်းနည်းနည်းမူးသွားတာပါ ကြီးကြီး'

'မရဲတင်းပါနဲ့ကွယ်၊ သည်လိုအချိန်မျိုးမှာ ကိုယ့်ကိုယ် ကို ညှာတာရတယ် သမီးရဲ၊ တက်… တက်… ကြီးကြီး တွဲထူးပေးမယ်၊ အိမ်ပေါ်ကို ဖြေးဖြေးတက်'

ကြီးကြီးမေ၏ ဂရုစိုက်မှုများကြောင့် ဇကရီ မေမေ့ ကို သွားသတိရသည်။ မေမေသာ သက်ရှိထင်ရှားရှိခဲ့လျှင် ဘဝအတွက် အခက်အခဲများအတွက် မေမေ့ကို အားပြုရမည် မှာ အမှန်ဖြစ်သည်။

တွေးရင်း ဝမ်းနည်းသလို ခံစားလာရသည့်အဖြစ်များ ကို ဇကရီ လက်မခံချင်ပါ။ သည်ပျော့ညံ့သောအတွေးတွေ က ဇကရီ့ရင်ထဲကို ဘယ်လိုရောက်ရှိလာရတာလဲ။ မေမေ့ကို တွေးသင့်သော်လည်း ဝမ်းနည်းခြင်းက မလိုအပ်ချေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာပါ။ အတာယ့်ကြောင့်ဆိုသော် မိမိသည် မျှော်လင့်သောမိန်းမတစ်ယောက် မဟုတ်သည်ကိုတော့ ကိုယ့်ကိုယ်ကို ယုံကြည်ထားသောကြောင့် ဖြစ်ပါသည်။

'သက်သက်သာသာနေနော် သမီး၊ အိမ်မှုကိစ္စတွေကို အရေးတကြီး မလုပ်ပါနဲ့ကွယ်၊ သည့်အချိန်မှာ သမီးရဲ့ ကျန်းမာရေးကောင်းနေဖို့ အရေးကြီးတယ်၊ ခဏလဲ့နေနော်၊ ကြီးကြီး ခုပဲ ပြန်လာမယ်'

'ဂုပါတယ် ကြီးကြီး၊ ကေရီ ဘာမှမဖြစ်တော့ပါဘူး'

'သိပ် အရဲမကိုးနဲ့၊ ကျသွားတဲ့အရှိန်က နည်းတာ မဟုတ်ဘူး'

ကြီးကြီးမေထွက်သွားတော့ ကေရီ မျက်လုံးကို မှိတ်ထားလိုက်သည်။

သည်မှာ မွန်းကျပ်ကျပ်ဝေဒနာက ပိုဆိုးလာ၏။ အသက်ကို ခပ်ပြင်းပြင်းရှူကြည့်တော့ ရင်ဘတ်မှအောင့်လာသည်။ ဝေဒနာတစ်ခုရှိနေပြီကို စိတ်ကချက်ချင်း သိလိုက်၏။

တစ်မျိုးကြီးပါပဲ။

ကေရီ ကိုယ့်အခြေအနေကို အားမရဖြစ်နေဆဲမှာ ကြီးကြီးမေ အမှားရောက်လာသည်။

'သမီး နေလို့ထိုင်လို့ကောင်းတယ်နော်'

'ဗိုက်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ် ကြီးကြီး'





'သမီးကိုထားနော်၊ ဒီအချိန်မျိုးမှာ မိဘ အားပေးတာပါ တယ်၊ ဝမ်းနည်းလွယ် စိတ်အားငယ်တဲ့အချိန် မှာပေါ့ သမီး စိတ်ထဲမှာ နေရထိုင်ရတာ တစ်မျိုးကြီးဆိုရင် အကျင်းကို လှလှပပ်ခေါ်နိုင်းလိုက်မယ်၊ ကိုယ့်ယောကျ်ားအနားမှာရှိရင် အားရှိတာပေါ့'

'နေပါစေ ကြီးကြီး မခေါ်ပါနဲ့၊ ငြိမ်းချမ်းက အရမ်း စိတ်ပူတတ်တယ်'

'နေမကောင်းဖြစ်လည်း မခေါ်နိုင်းတော့ဘူးလေ၊ အင်း… ဒီအချိန်မျိုးမှာ သမီး မိဘတွေနဲ့ပြန်ပြီး ဆက်သွယ်သင့်တယ် ကွယ်၊ မိဘရဲ့အရိပ်က ဘယ်အရိပ်နဲ့မှမတူအောင် အေးချမ်း ပါတယ်၊ သမီးလည်း အမေတစ်ယောက်ဖြစ်တော့မှာပဲ၊ မိဘ မေတ္တာကို ခံစားနားလည်တတ်လာမှာပါ'

မေမေ့ပုံရိပ်တွေ ကေရီ့ အတွေးမှာ ရုန်းပါးအားပြန်ထင် လာသည်။ ဘဝရဲ့အကြောင်းအရာအားလုံးကို ကြီးကြီးမေ တို့ပြောမထားခြင်းသည် အပြစ်တစ်ခုတော့ မဟုတ်ပါ။

ကြီးကြီးမေက မိဘတွေသဘောမတူ ဆိုသည့် အကြောင်းတရားလောက်သာ နားလည်ထားသည်။

အို… ရှင်းပြရမယ့်အချိန်လည်း မဟုတ်ပါဘူး။

❖



www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

ငြိမ်းချမ်းရင်မှာ ပြင်းထန်နေသည့် လှိုင်းတံပိုးတွေက ထကြွနေ၏။ ပူပန်မှုများနှင့်အတူ ချောချွေးများပင် နဖူးမှာ စို့တက်နေသည်။

နာကျင်မှုနှင့် ညည်းညူသံက နားထဲသို့တိုးဝင်နေ၏။ ရင်ခွင်မှာပွေ့ဖက်ထားရင်း ကေရီ့မျက်နှာကို ငုံ့ကြည့်လိုက်သည်။ မျက်နှာဖြူဖျော့ဖျော့ကလေးဖြစ်နေပြီး နှုတ်ခမ်းဖူးကလေးက တုန်ခတ်နေ၏။

ချိုင့်ခွက်တစ်ခုကိုအရှောင်မှာ ကားကလှုပ်သွားသည်။ သူက ကေရီ၏ ပခုံးကိုခပ်တင်းတင်း ဆုပ်ဖက်ထားရ၏။

'ဆေးရုံကိုရောက်တော့မယ် ကေရီ၊ စိတ်ကိုတင်းထားနော်'

ခေါင်းကလေးကို ညိတ်ရင်းမှ...





'ငြိမ်း... ငြိမ်းချမ်း'

'ဘာလဲ ကေရီ၊ ကိုယ် ကေရီ့ အနားမှာရှိတယ်လေ'

'ဧ... ကေရီကို ပစ်မထားပါနဲ့နော်'

'မေးစရာမလိုတဲ့စကားကို ဘာလို့မေးနေရတာလဲ ကေရီရယ်'

နဖူးပေါ် ဝဲကျလာသည့် ဆံစများကို အသာသပ်တင်ပေးသည်။ သည့်ဂရုစိုက်မှုများသည် ရှင်းသန့်သောမေတ္တာတရားဖြစ်သည်ကို သူ သစ္စာဆိုဝံ့ပါ၏။

'ကိုယ် ကေရီ့ အနားမှာအမြဲရှိနေမယ်၊ ကေရီ အားမငယ်နဲ့နော်၊ ဆေးရုံရောက်ရင် ကေရီ နေကောင်းသွားမှာပါ'

'တကယ်လား ငြိမ်းချမ်းရယ်'

'တကယ်ပေပါ့'

'ဗိုက်က သိပ်အောင့်တာပဲ'

'စကားသိပ်မပြောနဲ့ ကေရီ'

ကေရီက သူ့ရင်ခွင်မှာမျက်နှာအပ်ထား၏။ ခဏအကြာမှာပင် ကားက ဆေးရုံရှေ့ရောက်လာသည်။ ကားအရပ်မှာ ချမ်းသာက ကားပေါ်မှ ခပ်သွက်သွက်ကလေးဆင်း၏။

'ငြိမ်းချမ်း ကေရီ့ကိုထိန်းပြီး ဖြည်းဖြည်းဆင်း၊ မရွေ့နင်းရေ နောက်ကနေ ထိန်းကွာ'

အံကြိတ်ထားသော်လည်း ကေရီ့မျက်နှာက နာကျင်မှုများကို ဖုံးကွယ်လို့မရ'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ခန်းရောက်တော့ ခင်နှင်းက အကျိုးအကြောင်း ပြောပြသည်။ ဆရာဝန်၏စမ်းသပ်မှုအောက်ဝယ် အားလုံး မျက်နှာငယ်လေးတွေနှင့် ဖြစ်နေ၏။

'ဗိုက်ထဲက အောင့်နေကိုက်နေသလား'

'ဟုတ်ကဲ့'

'ဘယ်နေရာက ပိုကိုက်သလဲ'

'ဒီ… ဒီနေရာ'

ကေရီက ချက်အောက်နားကို လက်ဖြင့်ထောက်ပြသည်။ သည့်နောက် ဆရာဝန်၏ မျက်နှာထားပေါ်မှာ လူနာသည် အရေးကြီးလူနာတစ်ယောက် ဖြစ်နေပြီကို အားလုံးနားလည်လိုက်ကြ၏။

ထိုအချိန်မှာပင် လှုပ်ရှားသံနှင့်အတူ လူနာတင်လှည်းတစ်စီး အခန်းထဲသို့ရောက်လာသည်။ နှစ်နှစ်ယောက်က ကေရီကို လှည်းပေါ်တင်သည်။

'ခင်ဗျားတို့ ဒီနားကပဲ စောင့်ပေးကြပါ'

လူနာတင်လှည်းနှင့်အတူ ဆရာဝန်၏သွက်လက်နေသောခြေလှမ်းများက သူတို့ကို ဝိုဝိုရင်ခုန်စေပါသည်။ အောင်ချမ်းသာနှင့် ခင်နှင်းက သူ့ဘက်လှည့်ကြည့်ပြီး…

'သိပ်လည်းစိတ်မပူပါနဲ့ ငြိမ်းချမ်းရယ်၊ အခုခြေအနေက သိပ်ဆိုးပုံမရပါဘူး'

'စိတ်ထဲမှာ အရမ်းပူနေတယ်၊ ကေရီ့ ကြည့်ရတာ





ခံစားနေရတဲ့ပုံပဲ' အောင်ချမ်းသာ၊ ကေရီက အရမ်းသတ္တိကောင်းတာ၊ ဒါတောင် သူ့မျက်နှာက ခံစားနေရတာကို မဖုံးကွယ်နိုင်ရှာဘူး'

'ဝေဒနာတစ်ခု ရတဲ့နောက်တော့ ခံစားရမှာပေါ့ ငြိမ်းချမ်းရာ၊ ငါ ဒါမျိုးတွေ တော်တော်တွေ့ဖူးပါတယ်၊ ဆရာဝန်တွေရဲ့ ကျွမ်းကျင်မှုကလည်း အားကိုးလို့ရပါတယ်'

လူနာစောင့်ခုံတန်းမှာ ထိုင်ကြရင်း အောင်ချမ်းသာက အိတ်ထဲမှစီးကရက်ဘူးကို ထုတ်ပေးသည်။ သူ စီးကရက်လှမ်းယူတော့ လက်ကတုန်ခတ်နေ၏။

စီးကရက်ငွေ့ကို ခပ်ပြင်းပြင်းရှိုက်အထုတ်မှာ ထဘီအနီဝတ်ဆရာမလေး ရောက်လာသည်။

'ကေရီရဲ့ယောကျ်ားက…'

'ကျွန်တော်ပါ'

'ဒီမှာ လက်မှတ်ထိုးပါရှင်'

'ဟို… ဟိုလေ၊ ခွဲစိတ်ရမယ့်အဆင့် ရောက်နေလို့လားဗျာ'

သူနာပြုဆရာမလေးက အေးချမ်းစွာပြုံးပြသည်။

'ကြိုတင် လက်မှတ်ထိုးထားတာပဲရှင်၊ လောလောဆယ်ဆယ် မလိုအပ်ပါဘူး၊ သူ့ဘာသာသူ ကျသွားမှာပါ'

'ကျွန်တော်တို့ ဘာလုပ်ရမလဲဟင်'

လက်မှတ်ထိုးရင်းမှ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အကောင်းဆုံးကတော့ အိမ်ပြန်ပြီးနားကြပါ၊ ရှင်တို့ ဒီမှာ ရှိနေလို့လည်း အကြောင်း မထူးပါဘူး၊ ညနေလောက်ဆို လူနာ သက်သာနေမှာပါ'

'မ ... မဟုတ်ဘူးလေ၊ ကျွန်တော့် မိန်းမအနားမှာ ကျွန်တော် ရှိနေချင်တယ်'

'ရှိလို့ မရဘူးရှင့်'

သူ့ ပင့်သက်ကြီးကို ဟူးခနဲမှုတ်ထုတ်သည်။ အောင်ချမ်းသာက သူ့လက်မောင်းကို ဆုပ်ကိုင်ပြီး...

'အိမ်မှာ ပြန်နားကြရအောင်ကွာ၊ ဒီမှာ စောင့်နေလို့လည်း ဇာကရီ့ကို ဝင်တွေ့လို့ရတာမှ မဟုတ်တာ'

သူ ခေါင်းကို ခပ်လေးလေးညိတ်ပြသည်။

'အကျိုးအကြောင်းသိရအောင် နေ့ခင်းကျ ကျွန်တော် တစ်ခေါက်လောက် လာကြည့်ပါရစေ'

'တွေ့ခွင့်တော့ရမှာ မဟုတ်ဘူး၊ သတင်းတော့ ကြားရမှာပေါ့'

'အဲသလောက်နဲ့ကို ကျေးဇူးတင်နေပါပြီဗျာ'

ဆေးရုံဝင်းမှထွက်တော့ သူ့ ခြေလှမ်းတွေ တုံ့ဆိုင်းနေသည်။ စိုးရိမ်စိတ်က အိမ်ရောက်သည်ထိမပြေ။

'ဇာကရီ ကျန်းမာပါစေ။

ဘုရားအရှင် ဇာကရီ့ကို ကရုဏာတော်ထားပါ'။

◆



(၃၀)

အားနည်းဖျော့တော့နေသည့် မျက်နှာကို ဆီးမိုးပြီး ငုံ့ကြည့်လိုက်သည်။

ဇာကရီ၏ မျက်နှာပေါ်မှာ အပြုံးနွမ်းလေး ထင်လာ၏။

'ဇာကရီ သက်သာတယ်နော်'

ဇာကရီ ခေါင်းညိတ်ပြသော်လည်း မျက်နှာက နွမ်းလျ လျ ဖြစ်နေ၏။ နှလုံးသားနှင့် ရင်းထားရသည့် ဆုံးရှုံးမှု တစ်ခုအပေါ်မှာ ဇာကရီ သတ္တိမကောင်းနိုင်တာကတော့ စာနာနားလည်လို့ရပါသည်

'သားလေးတဲ့၊ နှမြောလိုက်တာ ငြိမ်းချမ်းရယ်'

'ကိုယ်လည်း စိတ်ထိခိုက်နဲ့ပါတယ် ဇာကရီ၊ သားလေးဟာ လောကထဲမှာဝင်လာခွင့်မှမရှိတာ၊ ကံကိုပဲ ပုံချ ရတော့မှာပေါ့ ဇာကရီရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကေရီ ပင့်သက်ရှည်ကလေးချသည်ကို သူသိသည်။

'ငြိမ်းချမ်း'

'ဘာလဲ ကေရီ'

'မေးကြည့်ချင်တယ်'

'မေးလေ'

'တကယ်လို့ပေါ့လေ၊ သားလေးဟာ ငြိမ်းချမ်းရဲ့သားလေးဆိုရင် ဘယ်လိုခံစားရမလဲဟင်'

'ကိုယ် မမျှော်လင့်ရဲပါဘူး ကေရီရယ်'

ကေရီ့မျက်နှာ ခပ်အိုအိုလေး ဖြစ်သွား၏။

'ကေရီ စိတ်မကောင်းဖြစ်မသွားပါနဲ့နော်'

နဖူးပေါ်ကဆံစများကို လက်နှင့်သပ်ကင်ပေးတော့ ကေရီက ဖွဖွလေးပြုံးပြ၏။ ကေရီ ပြုံးနေဆဲမှာ အောင်ချမ်းသာနှင့် ခင်နှင်း ရောက်လာသည်။ လက်ထဲမှာလည်း မုန့်ထုပ်မုန့်ဘူးတွေ ပါလာ၏။ ပြီးတော့ လေးဆင့်ချိုင့်ကြီးတစ်ခု။

'ကေရီ ဆာနေပြီလားဟင်'

'မဆာဘူး ခင်နှင်း၊ ငြိမ်းချမ်း မရောက်ခင်ပဲ ကော်ဖီ သောက်ထားတယ်'

'ဒါဖြင့် ဆာမှစားနော်၊ ကေရီ့ အကြိုက်တွေ ကိုယ် စီစဉ်လာတယ်၊ နေလို့ရောကောင်းတယ် မဟုတ်လား'





'ကောင်းတယ် ခင်နှင်း၊ ဆရာမက ဆေးရုံမှာ သုံးရက်ထက်ပိုပြီး နေရမှာမဟုတ်ဘူးလို့ ပြောတယ်'

'ဒါဆို ကျန်းမာရေးက စိတ်ချရလောက်ပြီပဲ ကေရီရဲ့၊ အိမ်မှာဆိုတော့ ကောင်းတာပေါ့၊ ကိုယ့်ယောကျ်ားကလည်း အနားမှာ အချိန်ပြည့်နေပေးနိုင်တယ်၊ နို့မို့ဆိုရင် ငြိမ်းချမ်းက ဆေးရုံနားမှာ ရစ်ဝဲရစ်ဝဲလုပ်နေတာ'

ကေရီ သူ့ကို ကြည့်သည့်အကြည့်မှာ သံယောဇဉ် အငွေ့အသက်တွေ လွှမ်းခြုံနေသည်ကိုသိသည်။

ပြန်ခါနီးမှာ ကေရီက...

'ညဘက် အိပ်ရေးပျက်မခံနဲ့နော်၊ အတွေးတွေလည်း မလွန်ပါနဲ့'

'ကိုယ် တွေးနေတာကို ကေရီက ဘယ်လိုလုပ် သိရတာလဲ'

'ငြိမ်းချမ်း အနားရောက်လာကတည်းက ငြိမ်းချမ်းရဲ့ မျက်နှာပေါ်ကစာတွေကို ဖတ်ပြီးသားပါ'

ကေရီ့ နဖူးကိုလက်ညှိုးကလေးနှင့် ခပ်ဖွဖွတောက်ပြီး သူ ဆေးရုံခန်းမှ ထွက်ခဲ့သည်။

ကေရီ ဆေးရုံကဆင်းရင်ဆိုသည့် အတွေးတွေက သူ့ရင်ကို မောယန်းတုန်လှုပ်စေပါ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

# (၃၁)

မိုးစက်ကလေးများလွင့်အသွားမှာ နေရောင်ခြည်က တောင်ပလင်းလက်လာ၏။

နေခြည်နွေးနွေးကိုခံစားရင်း ကေရီက မိုးနှင့်ရေစွတ်နေသည့်လေကို အားရပါးရ ရှူရှိုက်သည်။ ရင်မှာအေးချမ်းစွာ ခံစားရပြီး အကြည့်က ပန်းခင်းများဆီ ရောက်သွား၏။

သဘာဝ၏ အလှတရားတွေ။

သည်အလှတရားတွေမှာ ရိုးသားခြင်းတွေရှိနေပါလား ဟု တွေးတောနေဆဲမှာ 'ကေရီ' ဟု ခေါ်သံက နားဆီသို့ ဖြတ်ဝင်လာ၏။

လှည့်အကြည့်မှာ ငြိမ်းချမ်းထံပါးသို့ရောက်လာသည်။

'သတင်းစာ ကေရီ'





'အဆန်းလားကွာ'

'မဟုတ်ဘူး၊ ကေရီနဲ့ ပတ်သက်တဲ့ကြော်ငြာ ပါလာတယ်'

ငြိမ်းချမ်းက ကွပ်ပျစ်ပေါ်ထိုင်ချရင်း လက်ထဲမှ သတင်းစာကို လှမ်းပေးသည်။ ကေရီက မျက်မှောင်ကျုံ့ရင်း သတင်းစာ၏နောက် ကျောစာမျက်နှာကို လှန်လှောသည်။

ရင်မှာလည်း ထိတ်ထိတ်ပျာပျာ။

ရုတ်ချည်းဝင်လာသည့် အတွေးကလည်း ဖေဖေ့အကြောင်းရာ။ ဖေဖေ ဘာများဖြစ်လို့လဲဆိုသည့် ပူပန်မှုနှင့် အတူ ကြော်ငြာကို ရှာဖွေသည်။

သည်မှာ သူမနှင့်ပတ်သက်သော အကြောင်းအရာကို အထင်ကရ တွေ့ရပါ၏။

*ကေရီ*

*ဖေဖေ့ကျန်းမာရေး မကောင်းပါ။ လုပ်ငန်းများ လွှဲပြောင်းယူပိုင်ဖို့အတွက် သမီး အမြန်ပြန်လာပါ။ သမီးဘဝကို သမီး စိတ်တိုင်းကျတည်ဆောက်နိုင်ပါတယ်။ ဖေဖေ လိုလိုလားလား ခွင့်ပြုပါတယ်။ ပြီးတော့ သမီးရဲ့ကြိုးကြိုး အိမ်ပြန်ရောက်နေပါပြီ။*

*ဖေဖေ ဦးမင်းဝေ*



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာစာပိုဒ်လေးကိုဖတ်ပြီး ကေရီ တွေနေမိသည်။ နှစ်နဲ့ချီသက်မှက်ထားသည့် အချိန်ကာလသည် ခုတော့ တိုးတောင်းစွာနှင့် ပြီးဆုံးရတော့မည်။

'ဖေဖေ့မှာ အကြောင်းအရာတွေရှိနေပြီလို့ ထင်တယ် ငြိမ်းချမ်း'

'ကိုယ့်မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိဖါဘူး'

ပြောပြီး ငြိမ်းချမ်းက ခေါင်းကိုငိုက်ချထားသည်။ စကားး၏အဓိပ္ပါယ်ကိုလည်း ကေရီ နားလည်သဘောပေါက်ပါသည်။ ကေရီ့ထံမှ စကားသံတော်တော်နှင့် ထွက်မလာတော့ ငြိမ်းချမ်းက…

'ကေရီ့ရင်ထဲမှာ ဆုံးဖြတ်ချက်ရှိနေမှာပါ'

'ငြိမ်းချမ်း ခံစားနေရလားဟင်'

'ကိုယ် ဘာမှမတတ်နိုင်ဘူး ကေရီ'

ကေရီ ရင်ထဲမှာမကောင်း။

အကြောင်းရာအားလုံးအတွက် ကေရီ၏ ဆုံးဖြတ်ချက်သည် ဆေးရုံမှဆင်းကတည်းက နိုင်မာပြီးဖြစ်ပါသည်။

'ကေရီ ပြန်သင့်ပါတယ်'

'မပြင်ချင်တော့ဘူးလား'

'ကေရီ့ဖေဖေနဲ့ တွေ့သင့်ပြီလို့ ယူဆလို့ပါ၊ တကယ်





တမ်းကျ ကိုယ်ဆိုတာ ကေရီ စဉ်းစားစရာမလိုတဲ့ အသေးကွေးဆုံး အင်အားအမဲ့ဆုံး လူသားတစ်ယောက်ပါ၊ ကေရီ ကိုယ့်ကို ဘယ်လိုပုံသဏ္ဍာန်နဲ့ ဥပက္ခာပြုပြု တရားနည်းလမ်းကျပါတယ်'

'ငြိမ်းချမ်းရယ်… ဒါတွေ မစဉ်းစားသေးရင် ကောင်းမယ်နော်၊ ကေရီ နေလို့သိပ်မကောင်းချင်သေးဘူး၊ နောက်ပြီး ကေရီ အရမ်းစဉ်းစားချင်နေတယ်၊ ဘာကို စဉ်းစားမှာလဲဆိုတဲ့ အမေးစကားကိုလည်း ငြိမ်းချမ်း မမေးပါနဲ့'

ကေရီ သတင်းစာကို ကွပ်ပျစ်ပေါ် အသာချလိုက်သည်။ မစဉ်းစားချင်သော အကြောင်းရာတွေအပေါ်မှာ ဘယ်လိုမှ စိတ်သက်သာခြင်းမရှိ။

မိမိနှလုံးသားအတွက် လေပြေအေးကို မိမိ မခံစားရတော့ဘူးလား။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

သစ်ပင်ထိပ်ဖျားမှ တခြမ်းပဲ့လကလေးကို ချိတ်ဆွဲထားသလိုရှိ၏။

မိုးပြင်မှာ တိမ်သားတိမ်ရိပ်မရှိ။

လရောင်က သန့်စင်စွာဖြာကျနေသည်။

ကြယ်ပွင့်ကလေးများက မိုးပြင်အနှံ့မှာ တလက်လက် မျက်တောင်ခတ်နေ၏။ ရုံဖန်ရံခါ စံပယ်ရနံ့က လေမှာ ပျံ့သင်း၍ပါလာသည်။

'ငြိမ်းချမ်း'

ငြိမ်သက်တိတ်ဆိတ်ခြင်းကို ကေရီ့အသံက လှုပ်ရှားစေလိုက်သည်။ သူ ကေရီ့ကို လှည့်ကြည့်လိုက်၏။

'ကေရီ အိပ်မပျော်ဘူးလား'





'တို့ကို မမေးပါနဲ့၊ ငြိမ်းချမ်းကိုယ်ငြိမ်းချမ်း ပြန်မေးပါ၊ ဘယ်အချိန်ရှိနေပြီလဲ၊ ညဉ့်လည်းနက်နေပြီလေ'

'ကိုယ် အိပ်မပျော်ဘူး ကေရီ'

သူ စားရေးစားပွဲမှာ ဝင်ထိုင်သည်။

'ကေရီ့ တစ်ရေးနိုးလာတာ မဟုတ်လား၊ ပြန်အိပ်လေ၊ နေကောင်းခါစမှာ အိပ်ရေးပျက်မခံပါနဲ့ ကေရီ'

ကေရီက သူ့မျက်နှာကိုသာ ငေးငေးလေးကြည့်နေ၏။ အတန်ကြာမှ ခုတင်စောင်းမှာ ဝင်ထိုင်သည်။ ခုတင်က နှစ်ယောက်အိပ်ခုတင် မဟုတ်ပါ။ တစ်ယောက်အိပ်ခုတင်ကို ဆက်ထားပြီး အလယ်မှာ သူနှင့် ကေရီသာ နားလည်သဘောပေါက်သည့် စည်းကလေးကတော့ မသိမသာကွာဟလျက် ရှိပါသည်။

သူ ကေရီ့ကိုငေးကြည့်ရင်း စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိတော့ လက်က သိသိသာသာ တုန်ခတ်နေ၏။

'ငြိမ်းချမ်း ဘာဖြစ်နေတာလဲ'

'ကိုယ်လား၊ ဘာမှမဖြစ်ပါဘူး ကေရီ'

ကေရီက ခေါင်းကိုယမ်းခါသည်။

'သူ တစ်ခုခုဖြစ်နေပါတယ် ငြိမ်းချမ်းရယ်၊ ဘာဖြစ်လို့ တို့ကို ညာချင်ရတာလဲ၊ ညာတယ်ဆိုတာ ညာတတ်မှ ညာရတယ် ငြိမ်းချမ်းရဲ့၊ သူ့ အမူအရာကြီးက သိပ်သိသာသွန်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သည့်စကားတွေ ရင်မှာရှိနေသည်ကို ကေရီ သိမည်မဟုတ်။ မျှိုသိပ်ထားရမှုများက စိတ်တစ်ခုလုံး ပင်ပန်းနေရသည်။

'ဟုတ်တယ်မဟုတ်လား၊ သူ တစ်ခုခုဖြစ်နေတယ် မဟုတ်လား'

သူ ခေါင်းကိုညိတ်တော့…

'တို့နဲ့ပတ်သက်ပြီး စိတ်မှာ အရမ်းပင်ပန်းနေသလား ငြိမ်းချမ်းရယ်၊ သူက တို့နဲ့မောင်နှမဆိုလည်း ဟုတ်တယ်၊ သူငယ်ချင်းလည်း ဟုတ်တယ်၊ တို့ရင်ထဲမှာ အပူရှိရင် သူ့ကို ဝေမျှမှာပဲ၊ အဲသလိုပဲ သူ့ အပူကိုလည်း တို့က ဝေမျှခံစားချင်တယ်'

သူ ဘာမှမပြောဘဲ ငြိမ်သက်နေတော့ ကေရီက…

'မေးမယ်'

'မေးပါ ကေရီ'

'သူ တို့နဲ့ အခုလို နေရတာကိုစိတ်ဆင်းရဲနေသလား နောက်ပြီး နောင်တတွေရနေသလား'

သူ့ခေါင်း ခပ်မတ်မတ် ဖြစ်သွားသည်။

ဒီအမေးစကားက သူဘယ်လိုမှ မျှော်လင့်မထားသည့် စကား။

'ဒီအတွက်တော့ ကိုယ်ဘယ်တော့မှ နောင်တမရဘူး





ကေရီ၊ နောက်ပြီး ကေရီ့ကို သံယောဇဉ်နဲ့ကူညီခဲ့တာ၊ ဘာမျှော်လင့်ချက်မှလည်း မထားဘူး၊ ကိုယ့်တစ်သက်ကာ တစ်ဘဝမှာ ကေရီ စိတ်ချမ်းသာမယ်၊ စိတ်ပျော်ရွှင်မယ်ဆိုရင် ကိုယ့်အသည်းနှလုံးကို ဘယ်လိုပဲ စတေးရ စတေးရ စတေးခံပါတယ်'

'ဒါဆိုရင် ဘာလို့တွေတွေဝေဝေကြီးဖြစ်နေရတာလဲ'

သူ ပြောမထွက်သည့်စကား။

ရိုက်မစစ်ဘောင် မျှိုသိပ်ထားရမည့်စကား။

သူ့ကိုကြည့်ပြီး ကေရီ ရယ်သည်။ သည်အရယ်မျိုးကိုတော့ သူ မကြိုက်။

'တို့ သူ့အနားမှာရှိနေတာကို မကြိုက်ချင်တော့ဘူး မဟုတ်လား၊ ကိစ္စတွေပြီးပြတ်လို့ တို့ အိမ်ပြန်လို့ရပြီဆိုတဲ့ အသိနဲ့ တို့ကို ရန်ကုန်ကို အမြန်ပြန်ချင်ပြီ မဟုတ်လား'

'စကားတွေကို ပြောင်းပြန်ပြောနေတာလား ကေရီ'

'ပြောင်းပြန် ဟုတ်လား'

'ဟုတ်တယ်'

ကေရီ ထိုင်ရာကထပြီး သူ့ထံပါးလျှောက်လာသည်။ ပြီး သူ့မနုံးကို အသာအယာဆုပ်ကိုင်၏။

'ငြိမ်းချမ်းရယ်၊ တကယ်ကျ သူ့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ တို့ သိပါတယ်၊ ဒါပေမဲ့ တို့ ငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်ပြီးမတရားမလုပ်ချင်တော့ဘူး၊ လက်ရှိအခြေအနေမှာလည်း ငြိမ်းချမ်း အပေါ် တို့ လုံးဝမတရားပါဘူး၊ ငြိမ်းချမ်းကိုလေ လွတ်လပ်ခွင့်တွေအများကြီးပေးချင်ပါတယ်၊ ငြိမ်းချမ်းဘဝလွတ်လပ်ပျော်ရွှင်ဖို့အတွက် တို့မှာ ဆုံးဖြတ်ချက်တွေရှိပါတယ်'

'ဆုံးဖြတ်ချက်တွေ ဟုတ်လား၊ ကေရီက ဘာတွေများဆုံးဖြတ်ထားလို့လဲ'

'ရန်ကုန်ပြန်ရောက်တာနဲ့ တို့ ငြိမ်းချမ်းရဲ့ အရိပ်ကထွက်ခွာသွားပါ့မယ်'

ဆုံးဖြတ်ချက်လား ကေရီရယ်။

ကိုယ့်ဘဝလွတ်လပ် ပျော်ရွှင်ဖို့အတွက် ဆုံးဖြတ်ချက်ဆိုတာ တို့ကို စွန့်လွှတ်ခြင်းတဲ့လား။

သူ ဝေသီသောမျက်လုံးများနှင့် ကေရီ့ မျက်နှာကိုကြည့်သည်။ တုန်လှုပ်ချောက်ချားမိသည်က ကေရီ့ပါးပြင်မှာမျက်ရည်များနှင့် မွတ်မွတ်စိုနေခြင်းပင်။

◆



(၃၃)

အဝတ်အစားများထည့်ထားသည့် ခရီးဆောင်အိတ်ကြီးနှစ်အိတ်ကို ကားပေါ်အရင်တင်ပြီး သူနှင့် ကေရီက ကြီးကြီးမေ ရှေ့မှာကျုံ့ကျုံ့ကလေးထိုင်ပြီး လက်အုပ်ချီကန်တော့သည်။ ကေရီက…

'ပြောမှားဆိုမှားတွေများရှိခဲ့ရင် မသိနားမလည်သူများမို့ခွင့်လွှတ်ပါ ကြီးကြီးမေ၊ သမီးရင်းပမာ စောင့်ရှောက်ကြည့်ရှုခဲ့တာတွေကို ကေရီ့တစ်သက်မှာ ဘယ်တော့မှ မမေ့ပါဘူး'

'အင်း… အတူနေခဲ့ကြပြီး ခွဲကြရမယ်ဆိုတာကတော့ ဝမ်းနည်းစရာပေါ့ကွယ်၊ သမီးနဲ့သားက ကြီးကြီးအပေါ်မှာ ဘာအပြစ်မှလည်း မလွန်ကျူးခဲ့ပါဘူး၊ ကြီးကြီး အထူးဆုတောင်းပေးမှာကတော့ သည်လင်သည့်မယား အိုအောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းအောင် ချစ်ချစ်ခင်ခင်ရှိကြပါစေ၊ သည်လင်သည်မယား အတွက် သားသမီးရတနာတွေ ထွန်းကားပါစေ'

သူ ကေရီ့ကို မျက်လုံးတစ်ချက်ကြည့်သည်။ ကေရီက ပြန်အကြည့်ဆုံပါ၏။ သူတို့နှစ်ယောက်ဆီက စကားသံထွက် မလာတော့ အောင်ချမ်းသာက ရယ်ရယ်မောမောနှင့် ဝင်ပြော သည်။

'ပြောလိုက်ကြလေကွာ၊ ပေးတဲ့ဆုနဲ့ပြည့်ရပါစေလို့'

သူ့ရင်မှာ တသိမ့်သိမ့်။

အဖြစ်မှန်ဘဝမှန်ကို ဘာမှမသိရှာသော ခင်နှင်းက လည်း ကေရီ့ လက်ကိုဆုပ်ကိုင်ပြီး…

'ကွယ်ရင်မေ့ တွေ့ရင်သေအောင်လွမ်းတော့ မလုပ်ရ ဘူးနော်၊ ကိုယ်နဲ့ ကေရီက ညီအစ်မအရင်းဖြစ်သွားကြပြီ၊ ကေရီတို့ဆီကို လာဖြစ်အောင်ကို လာလည်ဦးမှာ'

'လာလည်ရင် ကေရီ ပျော်မှာပေါ့ ခင်နှင်းရယ်'

'ကိုယ် မန္တလေးထိလိုက်မပို့တာကို ကေရီ ခွင့်လွှတ် နော်၊ ကလေးတွေ စာမေးပွဲနီးတော့ ကိုယ့်မှာတာဝန်တွေ ပိုကြီး တယ်လေ'

'နားလည်ပါတယ် ခင်နှင်း၊ ကေရီ့ဘဝမှာ ကိုအောင် ချမ်းသာနဲ့ ခင်နှင်းကို ဘယ်လိုမှ မေ့ပျောက်လို့ရမှာ မဟုတ်ပါ ဘူး၊ ရန်ကုန်ပြန်ရောက်လည်း ခင်နှင်းတို့ လင်မယားကို လွမ်း နေမှာပါ'





သူ ချဖြစ်သည့် ပင့်သက်တွေအခါခါ။

သည်ပင့်သက်တွေ၏ အနက်အဓိပ္ပါယ်ကို ကေရီ သိပါလိမ့်မည်။ ကားပေါ်တက်ခါနီးမှာ ကေရီက…

'အိမ်ထဲ ခဏဝင်ခဲ့ဦး ငြိမ်းချမ်း'

'ဘာကျန်ခဲ့လို့လဲ'

'မဟုတ်ဘူး'

သူ ကေရီ့နောက်ပါးမှ လိုက်ခဲ့သည်။

အတူနေခဲ့သည့် အခန်းလေးကို စိတ်အားငယ်စွာ ကြည့်နေဆဲမှာ ကေရီ သူ့ကို သိုင်းဖက်သည်။ သူ တအံ့တသြ ရှိနေစဉ်ဆဲမှာပင် ကေရီ၏အနမ်းကို သူ ကြမ်းတမ်းစွာခံလိုက် ရပါ၏။

'မအံ့သြပါနဲ့၊ ငြိမ်းချမ်းအတွက် နှုတ်ဆက်အနမ်းပါ'

အိမ်ပေါ်မှအပြေးကလေးဆင်းပြီး ကေရီ ကားဆီသို့ လျှောက်သွားသည်။

သူကားပေါ်တက်တော့ ကေရီ့မျက်လုံးတွေ မှိုင်းညို့ နေပါ၏။ ဪ… ကေရီရယ်…

နှုတ်ဆက်အနမ်းတဲ့လား။

နှုတ်ဆက်တယ်ဆိုတာ ခွဲခွာခြင်းပါပဲ။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

တစ်ညလုံး အိပ်စက်နိုင်ခြင်းမရှိ။

ရထားသံတဝုန်းဝုန်းသည် သူမ၏ နှလုံးသားတုန်ခါမှုလောက် ပြင်းထန်လိမ့်မည်မဟုတ်။

ထွေပြားနေသော အတွေးများမှာ ငြိမ်းချမ်းကို အားမရနိုင်မှုကလည်း အမြောက်အမြား။

သည်မျှလောက် သစ္စာတရားကြီးမားသည့်ယောကျ်ားသားတစ်ယောက်ကို ဘဝမှာ ပထမဆုံး ဆုံတွေ့ခြင်းပါပဲ။

နောက်ပြီး… မိမိကကော။

မပြတ်သားခြင်းသည် မိန်းမသဘာဝလား။

သိုသိပ်ခြင်းသည် မိန်းမတစ်ယောက်၏ အကျင့်စရိုက်လား။





အသွားတုန်းက ရထားပေါ်မှာ စကားတွေဖောင်ဖွဲ့နိုင်သလောက် အပြန်မှာ နှုတ်ဆက်စကားတွေ ဘာလို့ နည်းနေကြရတာလဲ။

ငြိမ်းချမ်းကတော့ ရံဖန်ရံခါမှာ ဝေသီသောမျက်လုံးကြီးများနှင့် သူမကိုကြည့်သည်။ သည်အကြည့်မှာ မိမိအသည်းနှလုံး မည်မျှလောင်ကျွမ်းနေရသည်ကို ငြိမ်းချမ်းသိပါ၏လား။

ကေရီ မျက်လုံးကို မှေးစင်းထားလိုက်သည်။ မှေးခနဲအိပ်ပျော်သွားခြင်းမှ ရုတ်တရက်လန့်နိုးတော့ ရန်ကုန်ကို ရထားဝင်ပြီပဲ။

ခရီးသည်တွေ လှုပ်လှုပ်ရှားရှားမှာ မိမိ နှလုံးသားလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေရသည်ကို ဘာသာသိသည်။

ဘူတာမှာရထားရပ်တော့ ငြိမ်းချမ်းက ခရီးဆောင်အိတ်ကြီးနှစ်လုံးကို ဆွဲယူသည်။

'တို့အိတ်က ပ̣ုမိတွေထည့်ထားတာ'

'ကေရီ နေမကောင်းတုန်းက ကိုယ် အနီးကပ်ပြုစုခဲ့သေးတာပဲဟာ'

ကေရီ သူ့မျက်နှာကို မျက်လုံးရွဲကြီးနှင့် ကြည့်သည်။ ဘူတာအပြင်ဘက်ရောက်တော့ နှစ်ယောက်သူ့ယှဉ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မှင်သက်စွာ ရပ်နေဖြစ်ပါသေး၏။

အတန်ကြာမှ ကေရီက…

'ငြိမ်းချမ်း ဘယ်ကပြန်မှာလဲဟင်'

'အမေ မရှိတော့တဲ့ အမေ့အိမ်ကလေးကိုပဲ ပြန်ရမှာပေါ့ ကေရီရယ်၊ စကားရှိတယ် မဟုတ်လား၊ အချိန်တန်တော့လည်း အိမ်ပြန်ရတာပဲဆိုတာလေ'

ကေရီ ပင့်သက်ကို ခပ်ကြမ်းကြမ်းချသည်။

'တို့ကို ကားငှားပေး'

လက်ရပ်အခေါ်မှာ တက္ကစီတစ်စီးထံပါးရောက်လာသည်။ ကေရီ ကားပေါ်တက်သည်။

ကားဘီးလိမ့်အထွက်မှာ မျက်ရည်တစ်စက်က ပါးပြင်ပေါ်ပေါက်ခနဲ ကျသည်။ ဒါဟာ မျက်ရည်ကို မုန်းတီးသည့် မိန်းမတစ်ယောက်၏ ချစ်ခြင်းဖွဲ့ဆိုမှုလား။

နောက်ကို ဖျတ်ခနဲလှည့်ကြည့်တော့…

ငြိမ်းချမ်းရယ်လေ…

တစ်ယောက်တည်း ရပ်ကျန်နေရှာပါလား။

'ကားဆရာ၊ ကားဆရာ ကားကို ခဏလေးရပ်ပါဦး'

ကားအရပ်မှာ ကေရီ ကားပေါ်ကအပြေးကလေး ဆင်းသည်။





'ငြိမ်းချမ်း… ငြိမ်းချမ်း…'

ထံပါးသို့ ပြေးသွားသည်။

အနားရောက်တော့ ငြိမ်းချမ်းရင်ခွင် ခေါင်းတိုးဝင်ပြီး လှိုက်မောစွာ ငိုကြွေးမိပါ၏။

'ငြိမ်းချမ်းရယ်… တို့ကို တစ်ယောက်တည်း ပြန်လွှတ်ရက်သလား၊ ချစ်သူနောက် ခိုးရာလိုက်သွားတဲ့ မိန်းမတစ်ယောက်ဟာ မိဘအိမ်ကို တစ်ယောက်တည်း ပြန်တက်ရမှာလား'

'ကိုယ် ကေရီ့ကို မနှင်ခဲ့ပါဘူး'

ကေရီက မျက်ရည်များကြားမှ ငြိမ်းချမ်းမျက်နှာကို မော့ကြည့်သည်။

'ကေရီက ကိုယ့်ကို နှုတ်ဆက်အနမ်းတွေပေးပြီး စတင် ခွဲခွာသွားတာပါ'

'မပြောပါနဲ့တော့ ငြိမ်းချမ်းရယ်၊ ငြိမ်းချမ်း ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ တို့ သိပါတယ်၊ ကေရီ ကိုယ့်နှလုံးသားကိုလည်း မညာချင်တော့ပါဘူး၊ အချစ်နဲ့ပတ်သက်ပြီး ငြိမ်းချမ်းအပေါ်မှာ ဟန်ဆောင်မနေချင်တော့ပါဘူး'

ငြိမ်းချမ်းလက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး ရပ်နေသည့်ကားဆီ တရွေ့ရွေ့ လျှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းမျက်နှာမှာ အပြုံးတွေ ဖိတ်စင်နေသည်ကို ကေရီ သိသည်။

သည်နေ့မှ

ဘဝအသစ်ကို စကြရပါတော့မည်။

*ရွှင်လန်းချမ်းမြေ့ကြပါစေ. . .*

**မောင်သာပြည့်**

BURMESE CLASSIC .com

www.burmeseclassic.com